# ၈၈ တောခိုကျောင်းသားများ

# ထိုင်းမြန်မာနယ်စပ် ABSDF

## သေ့ဘောဘိုးစခန်းဖြစ်ရပ်မှန်များ

မိုးဝိမ့် (သေ့ဘောဘိုး)



စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဇန်နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၀၀၀.၀၄
မိုးတိမ် (သေ့ဘောဘိုး)
ဇဇ တောနိုကျောင်းသားများ၊ ထိုင်း-မြန်မာနယ်စပ် ABSDF သေ့ဘောဘိုး၊ စခန်းဖြစ်ရပ်မှန်များ/ မိုးတိမ်(သေ့ဘောဘိုး)။-ရန်ကုန်၊
အိပ်မက်ဦးစာပေ၊ ၂၀၁၃။
၁၂၇-စာ ၊ ၁၃ စင်တီ ။ ၂၀.၅စင်တီ။
(၁) ဇဇတောနိုကျောင်းသားများ ထိုင်း-မြန်မာနယ်စပ် ABSDFသေ့ဘောဘိုးစခန်းဖြစ်ရပ်မှန်များ

## မာတိကာ


| | | |
|---|---|---|
| ▢ | စာပွင့်ကဏ္ဍ | |
| ▢ | အမှာစာ | |
| ၁။ | တောတွင်းသို့ ခရီးအစ | ၁ |
| ၂။ | သေ့ဘောဘိုးဈေးတန်း စခန်းနေထိုင်မှု | ၈ |
| ၃။ | သေ့ဘောဘိုးစခန်း ကော်မတီရွေးချယ်မှု | ၁၃ |
| ၄။ | ဗဟိုကော်မတီဖွဲ့စည်းမှု | ၂၀ |
| ၅။ | တောတွင်းစခန်းတည်ဆောက်မှု | ၂၆ |
| ၆။ | တောတွင်းမှ သဘာဝဟင်းလျာများ | ၃၀ |
| ၇။ | စစ်ရေးလေ့ကျင့်မှုသင်တန်းနှင့် နိုင်ငံရေးသင်တန်း | ၄၀ |
| ၈။ | စစ်ရေး နိုင်ငံရေး လှုပ်ရှားမှုများ | ၆၃ |
| ၉။ | စစ်ရေးစမ်းသပ်မှု | ၆၇ |
| ၁၀။ | ကျောင်းသားလူငယ်များနှင့် အချစ်ရေး | ၇၀ |
| ၁၁။ | ကိုမိုးသီးဇွန်အား ဥက္ကဋ္ဌတင်မြှောက်မှု | ၇၅ |
| ၁၂။ | နဝတတပ်များ ထိုးစစ်ဆင်မှု | ၇၉ |
| ၁၃။ | ၉၀ ပြည်တွင်းရွေးကောက်ပွဲအခြေအနေသုံးသပ်ချက် | ၉၀ |
| ၁၄။ | မာနယ်ပလော အစည်းအဝေးတက်ရောက်မှု | ၉၈ |
| ၁၅။ | တော်လှန်ရေးရဲ့မှတ်နှာ | ၁၁၃ |
| ၁၆။ | စစ်အာဏာရှင်ထက်ဆိုးမည့်ပုဂ္ဂိုလ်များ | ၁၂၀ |
| ၁၇။ | နိဂုံး | ၁၂၆ |
| ▢ | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | |


Generated by CamScanner from intsig.com

## မြန်မာစိတ်ဓာတ် [သို့] တိုက်ပွဲဝင်စိတ်ဓာတ်

ငါ၏ဦးခေါင်း ဖြင်းဖြင်းနီလည်း
ငါ၏ဦးက မညွတ်
ငါ၏လက်မောင်း ဖြင်းဖြင်းနီလည်း
ငါ၏စိတ်က မညွတ်
ငါ၏သွေးများ ကုန်ဆုံးသွားလည်း
ငါ့ဝိညာဉ်က မညွတ်

မိုးတိမ် (သော့ဘောဘိုး)

Generated by CamScanner from intsig.com

## စာရေးသူ၏ အမှာစာ

❑

ထိုင်း-မြန်မာ နယ်စပ်၏ အကြီးဆုံး ကျောင်းသားစခန်းဖြစ်သော သေ့ဘောဘိုးစခန်းတွင် စစ်ရေး၊ နိုင်ငံရေး စသည့်တာဝန်များ ယူခဲ့ပြီးနောက် စာရေးသူသည် ၁၉၉၄ ခုနှစ်တွင် အလင်းဝင်ရောက်ခဲ့ပါသည်။ ၎င်းနောက် နိုင်ငံရေးလောကနှင့် ကင်းအောင်းနေပြီး မိမိဘဝ ရပ်တည်ရေးအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ သို့သော် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများအတွက် ဂုဏ်ယူဝမ်းမြောက်လျက် ကြည်နူးနေချိန်တွင် A.B.S.D.F ဗဟိုကော်မတီဥက္ကဋ္ဌများ၊ ပြည်တွင်းသို့ ပြည်လည်ရောက်ရှိလာမည့် သတင်းနှင့် ၎င်းတို့၏ ညစ်ပတ်ယုတ်မာမှုများအား ဂျာနယ်များတွင် ဖတ်ရသောအခါ များစွာ စိတ်မကောင်းဖြစ်မိပါသည်။

A.B.S.D.F ဗဟိုကော်မတီဥက္ကဋ္ဌများ မှ စာရေးသူအား K.N.U ဌာနချုပ်ရှိ မာနယ်ပလော အကျဉ်းထောင်တွင် မတရားဖမ်းဆီး ချုပ်နှောင်မှုအား ပြန်လည်သတိရမိပါသည်။ ၎င်းအပြင် A.B.S.D.F အဖွဲ့ကြီးသည်

ကျောင်းသူ၊ ကျောင်းသားများနှင့် ပြည်သူလူထုအပေါ်တွင် တာဝန်မကျေသော အဖွဲ့အစည်းကြီးအဖြစ်နှင့် တာဝန်မကျေသော A.B.S.D.F ခေါင်းဆောင်များဟု ထင်ယောင်ထင်မှား မှတ်ယူကြတော့သည်။ ရင်းအပြင် A.B.S.D.F အဖွဲ့အစည်းကြီးသည် ပြည်သူများ၊ ကျောင်းသူ၊ ကျောင်းသားများအပေါ် တာဝန်မကျေသော ခေါင်းဆောင်များဟု ထင်ရှားမှတ်ယူကြပါတော့သည်။

ထို့အတွက်ကြောင့် A.B.S.D.F တွင် ရှိသော လုပ်ပိုင်ခွင့်၊ ရှိသော အခွင့်အရေးများကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့သည်၊ မည်ကဲ့သို့ ကြိုးစားခဲ့သည်များကို ရေးပြချင်သော ဆန္ဒများပေါ်ပေါက်ခဲ့ပြီး ဤစာစုဖြစ်ပေါ်ခဲ့ခြင်းဖြစ် သည်။

ဤစာစုသည် စာရေးသူ လက်တွေ့ဆောင်ရွက်ချက်များနှင့် A.B.S.D.F သေ့ဘောဘိုးစခန်းခေါင်းဆောင်များသည် အဖိနှိပ်ခံ ပြည်သူ ပြည်သားများ၏ဘဝအတွက် အမှန်အကန် စွန့်လွှတ်အနစ်နာခံကာ နိုင်ငံကောင်းအကျိုးအတွက် မိမိတို့၏လုပ်ကိုင်နိုင်သော စွမ်းဆောင်ချက်များအား တစ်စိတ်တစ်ပိုင်း တင်ပြထားခြင်းဖြစ်သည်။ ကြွားဝါလိုခြင်း အလျဉ်းမရှိပါ။

သေ့ဘောဘိုးစခန်း၏ ဖြစ်စဉ်များတွင် ကျွန်တော်သည် အဓိက အခန်းမှ ပါဝင်ခဲ့ပါသည်။ A.B.S.D.F မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးမဖွဲ့ခင် ကျောင်းသားကျောင်းသူများ (၁၉-၉-၁၉၈၈) အာဏာသိမ်းပြီးနောက်ပိုင်း ကျောင်းသားကျောင်းသူများသည် အဖိနှိပ်ခံ မိဘပြည်သူများ၏ဘဝကို တနာစွာဖြင့် ရင်ထဲ၌ ခံစားရမှုကြောင့် မြို့ကိုစွန့်ခွာကာ တောတောင်အတွင်းသို့ ဝင်ရောက်ပြီး လက်နက်ရှိသောသူကို လက်နက်နှင့် ရင်ဆိုင်မည်။ ဘယ်လောက်ပင် ဆင်းရဲဒုက္ခတွေ ရောက်ပါစေ ကြိတ်ခံစားပြီး အောင်မြင်အောင်လုပ်ကြမည်၊ ညီညွတ်ကြမည် စသည့် စိတ်ဓာတ်များနှင့် တောတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။



Generated by CamScanner from intsig.com

ကျွန်တော်ရေးသားသော ဖြစ်စဉ်များတွင် ပွင့်ပွင့်လင်းလင်းပြောရလျှင် အောင်မြင်မှုမရှိသော တောတွင်းလှုပ်ရှားမှုများ ဖြစ်ပါသည်။ တောခိုကျောင်းသားများ၏ ထင်းရဲဒုက္ခအမျိုးမျိုးတို့အား သိသင့်သလောက်သာ ရေးပြခြင်းဖြစ်ပါသည်။ အလုံးစုံရေးခြင်းမရှိပါ။ ဤစာစုကို ရေးနေစဉ် ကျွန်တော့်တို့စခန်းတွင်း ခံစားမှုအား ပြန်လည်မြင်ယောင်ပြီး ပြန်ခံစားရပါသည်။ အကုန်ရေးပြချင်စိတ်မရှိတော့ပါ။

တောခိုကျောင်းသားကျောင်းသူများ ထင်းရဲခြင်းများစွာ ပြောမပြနိုင်အောင် ခံစားနေချိန်ကျွန်တော်တို့ စခန်းခေါင်းဆောင်များ၊ စခန်းတပ်ရင်းမှူးများနှင့် ရဲဘော်များတို့သည် လုပ်နိုင်သည့်အလုပ်များ၊ လုပ်ထားကြောင်းများကို ကြွားဝါခြင်းမဟုတ်၊ လုပ်နိုင်တာလေးများ ရေးပြထားခြင်းဖြစ်ပါသည်။ နိုင်ငံရေးဖြစ်စဉ်များသည် အမြဲတမ်း တည်ငြိမ်နေခြင်းမရှိပါ။ နောင်အချိန်များ လိုအပ်ခဲ့လျှင် လေ့လာနိုင်ပါသည်။ အမှားများ သင်ခန်းစာယူနိုင်ရန်အတွက်လည်း ရည်ရွယ်ပါသည်။

A.B.S.D.F ခေါင်းဆောင်တချို့ကြောင့် A.B.S.D.F တောခိုကျောင်းသားအဖွဲ့ကြီးသည် အမည်းစက် ထင်ကျန်ရစ်ခဲ့လေပြီ။ သို့သော် အမဲစက်ထင်အောင် ပြုလုပ်ပြောဆိုသော ခေါင်းဆောင်များရှိသလို တောထဲတွင် ပီပီပြင်ပြင် အမျှော်အမြင်ရှိရှိ လုပ်ဆောင်မှုတို့အား တင်ပြထားခြင်းဖြစ်ပါသည်။ A.B.S.D.F သေ့ဘောဘိုးစခန်းသည် နယ်စပ်တစ်လျှောက်တွင် လူဦးရေအများဆုံး စခန်းကြီးဖြစ်ပြီး အမေရိကန်လွှတ်တော်အမတ်နှင့်တကွ ထင်ရှားသောသူများ လာရောက်သော စခန်းကြီးဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် သေတွင်းပို့ခဲ့သော ခေါင်းဆောင်များအား ယခုအချိန်ထိ မည်ကဲ့သို့မှ တုံ့ပြန်ပြောဆိုရေးသားမှုများ မလုပ်ခဲ့ပါ။ ပြည်တွင်း၌ အမဲစက်ကြီးဖြင့် ပြည်သူများ၏ ရွံရှာစရာအဖွဲ့ကြီးအဖြစ် မမြင်စေလိုသဖြင့် ဤစာစုအား ရေးပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ကျောင်းသားအဖွဲ့များအား နိုင်ငံတကာမှ လူမှုရေးအကူအညီများသာပေးပြီး စစ်ရေးအကူအညီများ ပေးခြင်းမရှိပါ။ ကာတိ



Generated by CamScanner from intsig.com

လည်းမပေး၊ ကူညီခြင်းလည်း မပြုပါ။ ထို့အပြင် ကျွန်တော်တို့သည် သူတစ်ပါးနယ်မြေတွင် နိုင်ငံရေးလှုပ်ရှားမှု၊ လက်နက်ကိုင်လှုပ်ရှားမှုများ လုပ်ရခြင်းကြောင့်လွတ်လပ်မှုမရှိခြင်းလည်း အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ကျဆုံးသွားသော ရဲဘော်များနှင့် မိဘပြည်သူများအား ဤတဖြင့် တောင်းပန်အပ်ပါသည်။

ကျွန်တော်တို့ ကျောင်းသား၊ ရဲဘော်ရဲမေများသည် နောက်ဆုံးအချိန်အထိ ပေးအပ်သည့်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်မှုများကိုလည်း ဖတ်ရပါမည်။ ဤတအုပ်သည် A.B.S.D.F သေ့ဘောဘိုးစခန်း၏ဖြစ်စဉ်များကိုသာ ရေးသားထားခြင်းဖြစ်သည်။ ကျန်သည့် အကြောင်းအရာများအား ရေးထားခြင်းမရှိပါ။ အခြားအကြောင်းအရာများအား ထဲထဲဝင်ဝင်အပြည့်အစုံ မသိခြင်းတို့ကြောင့် မရေးခြင်းဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်စဉ်များအား ရေးခြင်းဖြစ်သောကြောင့် အချို့အကြောင်းအရာများ၊ အချို့အမည်များအား မေ့နေခြင်းတို့ကြောင့် အပြည့်အစုံ မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။ ၎င်းပြင် ဆင်းရဲဒုက္ခများနှင့် ဝမ်းနည်းပူဆွေးမှုများအား ထပ်ထပ်ပြီး မခံစားစေလိုသဖြင့် ဆင်းရဲမှုအားအကုန်မရေးခြင်းဖြစ်ပါသည်။ စာဖတ်သူများအား အထူးကျေးဇူးတင်ပါသည်။

မိုးတိမ် (သေ့ဘောဘိုး)

# တောတွင်းသို့ ခရီးအစ

❑

ကျွန်တော်တို့ လူငယ်လူရွယ်များသည် လွတ်လပ်မှုကို သဘာဝအရ လိုချင်ကြသည်။ ချုပ်ချယ်ထားမှုများ၊ ဘောင်ခတ်ထားမှုများ မလိုချင်ကြပါ။ လူငယ်များသည် ငွေမရှာတတ်ပါ။ မိဘအုပ်ချုပ်သူများ၏ ပေးကမ်းကျွေးမွေးမှု၊ ပညာသင်ကြားမှုများနှင့် ဘဝအစ ရပ်တည်လျက်ရှိကြ၏။ မိမိတို့ကိုကျွေးမွေးသော မိဘ၊ အကြီးအကဲတို့၏ အိမ်တွင်းရေးခက်ခဲမှုများကို မြင်ရ ကြားရသည်။

ကျွန်တော်တို့၏ ပညာသင်ယူမှုတွင် လိုအပ်သော စာရွက်၊ ခဲတံ၊ ဖောင်တိန် စသည်တို့နှင့် ပညာရေးအတွက် လိုအပ်သော ငွေကြေးဥစ္စာများကို မိဘများမှ အဆင်ပြေစွာ ထောက်ပံ့ပေးကမ်းမှုများ မလုပ်နိုင်ကြပါ။

အကြောင်းမှာ မိသားစု၏ စားဝတ်နေရေး အဆင်မပြေခြင်းကြောင့်ဖြစ်သည်။ မိဘများသည် ခက်ခဲစွာ ရုန်းကန်လျက်ရှိကြပါသည်။ တစ်နိုင်ငံလုံးရှိ မိသားစုများတွင် ယခုကဲ့သို့ အခက်အခဲများ ရှိနေကြသည်ကို တွေ့ရ၊ မြင်ရ၊ ကြားရသည်။ ထိုဆင်းရဲဒုက္ခများ ဘာကြောင့်ဖြစ်သနည်း။ စနစ်ဆိုးကြောင့်ပင်ဖြစ်မည်၊ စနစ်ဆိုးအား တွန်းလှန်ရမည်ဟူသောအသိက စိတ်ထဲတွင် ကိန်းအောင်းနေကြသည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

ထို့ကြောင့် မပြေလည်မှုများ၊ ဆင်းရဲမှုများ၊ မတရားအုပ်ချုပ်မှုများ ပေါင်းစုမှုကို တွန်းလှန်ရန်အတွက် ၈-၈-၈၈ နေ့ကြီး ရောက်ရှိလာခဲ့ပေသည်။

၈၈ ၏ အစပျိုးမှုနှင့် အရေးအခင်းကာလများအကြောင်းကို ရေးသူများလည်း တော်တော်များနေပါပြီ။ ယခုရေးမည့် အကြောင်းကတော့ တောခိုကျောင်းသားများ၏ တောတွင်းခရီးဝဉ်နှင့် တောတွင်းလှုပ်ရှားမှုများ အကြောင်းဖြစ်သည်။

၈၈ ခုနှစ် အာဏာသိမ်းပြီးသောအခါ ဒေသအသီးသီး ကျောင်းသားကျောင်းသူများသည် မိမိတို့၏ နီးစပ်ရာ နယ်စပ်အသီးသီးသို့ ထွက်ခွာသွားကြပါသည်။ ထိုင်း-မြန်မာ နယ်စပ်အသီးသီးတို့တွင်လည်းကောင်း၊ တရုတ်-မြန်မာ နယ်စပ်အသီးသီးတွင်လည်းကောင်း၊ အိန္ဒိယနယ်စပ်တို့တွင်လည်းကောင်း တောခိုရောက်ရှိလာပြီး ၎င်းနယ်စပ်များတွင် ယခင်ရှိနှင့်နေကြသော လက်နက်ကိုင်တော်လှန်ရေးအင်အားစု၏ နယ်မြေများတွင် စုရုံးရောက်ရှိကာ ဒီမိုကရေစီတော်လှန်ရေးအတွက် အင်အားများ မွေးမြူလျက်ရှိသည်။

ကျွန်တော်တို့အဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပါသည်။ စစ်အာဏာသိမ်းခါစဖြစ်၍ နေရာတကာတွင် စစ်သားများ စောင့်ကြပ်နေပြီး လမ်းများတွင်လည်း စစ်တပ်ကိတ်များချကာ စစ်ဆေးနေသော အချိန်ဖြစ်သည်။ အုပ်စုများခွဲပြီး လိုင်းကားများဖြင့် မော်လမြိုင်သို့ ခရီးဆက်ပါသည်။ မော်လမြိုင်သို့ရောက်သောအခါ ကျိုက်မရော ညောင်ပင်ဆိပ်ဘက်သို့ လိုင်းကားစီးပြီး ၎င်းမှတစ်ဆင့် အရှေ့ဘက်တွင် တွေ့ရသော တောင်တန်းများဆီသို့ ခရီးဆက်ခဲ့ပါသည်။

၎င်းအချိန်က မှောင်ခိုခေတ်ဖြစ်သောကြောင့် မော်လမြိုင်၊ ကျိုက်မရော စသည့်အနီးအနားနေ ကျေးရွာများမှ လူတိုင်းအလိုလို ယိုးဒယားနယ်စပ်သို့ တောလမ်းခရီးဖြင့် ရောက်ဖူးကြသူများပါသည်။ ထို့ကြောင့် မည်သူ့



Generated by CamScanner from intsig.com

ကိုမေးမေး လမ်းကြောင်းများ ညွှန်ပြနိုင်ကြသည်။ ဒေါနတောင်ခြေရောက်ဖို့ ခရီးတော်တော်လိုနေသဖြင့် တချို့ရွာမှ လူများသည် တစ်ရွာနှင့်တစ်ရွာ လက်ဆင့်ကမ်း၍ ပို့ဆောင်ပေးကြပါသည်။

စာရေးသူတို့အဖွဲ့သည် ၁၉-၉-၈၈ နေ့လယ်ကတည်းက ခရီးဆက်ခဲ့ရာ ချောင်းတွေ၊ မြောင်းတွေဖြတ်၊ မျှော့တွေကကိုက်၊ ချုံတွေတိုးနှင့် တစ်ညနေလုံး၊ တစ်ညလုံး မအိပ်မနေ ခရီးဆက်ပြီး နောက်နေ့ မနက် (၄) နာရီ (၅) နာရီလောက်ရောက်ချိန်တွင် K.N.U နယ်မြေထဲသို့ ရောက်ပြီဟု လမ်းပြမှ ပြောပါသည်။

ကျွန်တော်တို့အား ရွာသားများသည် ရွာတွင်းမှ ဖြတ်မခေါ်စေဘဲ ရွာများကို ကွင်းပြီး သွားရပါသည်။ ရွာများတွင် စစ်သားများရှိနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ခရီးလမ်းကြောင်း ပို၍ဝေးကွာစွာ လမ်းလျှောက်ရသည်။ လမ်းမရှိသော နေရာများမှ သွားရသည်၊ ၁၄ - ၁၅ နာရီလောက် မနားမနေ လမ်းလျှောက်ရပါသည်။

ကျွန်တော်၏ လက်ပတ်နာရီမှ ဗက်တင်ဘာ ၂၀ ဟု ပြနေသည်။ တောထဲတွင်တွေ့ရသော တဲအိပ်တစ်ခုတွင် ခေတ္တနားကြသည်၊ ၎င်းအချိန်တွင် တခြား ကျောင်းသားကျောင်းသူများကိုလည်း တွေ့ရပါသည်။ ကျွန်တော်တို့အဖွဲ့သည်လည်း စိတ်ဒုန်းဒုန်းချပြီး နီးရာသစ်ပင်အောက်များတွင် ခေတ္တအနားယူရန် လှဲချလိုက်ရာမကြာမီ လွန်လွန်ကြူးကြူး သတိလစ် အိပ်ပျော်ကုန်ကြတော့သည်။

တဲရှင်မှ လာရောက်နှိုးသည့်အချိန်တွင် ၂၀-၉-၈၈ နံနက် ၉ နာရီလောက်ရှိပါပြီ။ ၎င်းတဲရှင် နှိုး၍ မျက်စိဖွင့်ကြည့်လိုက်သောအချိန်တွင် ကျောင်းသူကျောင်းသားများသည် ပုံစံအမျိုးမျိုးဖြင့် မြေကြီးပေါ်မှာ အိပ်ပျော်လျက်ရှိကြသည်၊ ကြည့်ရသည်မှာ အိပ်ပျော်နေကြသည့်ပုံ မပေါ်ဘဲ အစုလိုက် အပြုံလိုက် သတ်ပြီး ပစ်ထားသည့်ပုံ ပေါက်နေပါသည်။

တစ်ညနေလုံး တစ်ညလုံး ခရီးပန်းလာသည့်ဒဏ်၊ လမ်းခရီးတွင် မျှော့များကိုက်သည့်ဒဏ်ရာ၊ ခြက်ထဲနှံ့ထဲ ဖြတ်သန်းထားရ၍ မျက်နှာ



Generated by CamScanner from intsig.com

အသားအရေများသည် ခြောက်သွေ့သွေးဆုတ်သည့် အနေအထားများကြောင့် ကြည့်ရသည်မှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြီး စွန့်ထားသည့် လူ့စုလူဝေးကြီးများနှင့် တူပါသည်။

နောက် ကိုယ့်အဖွဲ့ကိုယ်နှိုးပြီး တဲရှင်မှ ထမင်းနှင့် ငါးခြောက်ကျွေးပါသည်။ ကျွန်တော်တို့ ဝတွက်ကတည်းကမှ ယခုမှပင် အစာစားရသည်။ ရေသောက်ရပါသည်။ အစားအသောက် အမြန်စားပြီး ခရီးဝထွက်ကြသည်။ ယခုမှ သေသေချာချာကြည့်လိုက်တော့ ဒေါနတောင်ခြေက တောင်စွယ်လေးပင်ဖြစ်သည်။

ဒေါနတောင်တန်းကြီးကို ဖြတ်ကျော်ရပေတော့မည်။ ၎င်းနေရာမှစပြီး လမ်းပြမရှိတော့ပါ။ အကြောင်းမှာ မှောင်ခိုသမားများသွားထားသော လမ်းကြောင်းရှိပြီးသားဖြစ်သည်။ ကျွန်တော်တို့ကို ၎င်းလမ်းကြောင်းအတိုင်းသာ သွားရန် တဲရှင်မှ ပြောပါသည်။

လှမ်းကြည့်လိုက်တော့ မြင့်မားသောတောင်များသည် တစ်လုံးနှင့်တစ်လုံး ထပ်ဆင့်ပြီး သူ့ထက်ငါအပြိုင် မိုးသို့ မျှော်လျက်ရှိသည်။ ၎င်းကို ကျွန်တော်တို့ ဖြတ်ကျော်ရမည်။ ကျွန်တော်တို့သည် ခရီးမဆိုင်းဘဲ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ကျွန်တော်တို့တွင် မိုးကာမပါ၊ ရေဘူးမပါကြပါ။ မိုးရွာလျှင်စို၊ နေပူလျှင်ခြောက်ပေါ့။ တချို့နေရာများတွင် မြင့်မားသော တောင်ခါးပန်းများတွင် လူသွားလမ်းကျဉ်းကျဉ်းကို အကိုင်အတွယ်မရှိ၊ ခက်ခက်ခဲခဲ သွားရသည်။

တချို့တောင်များသည် မော့တက်ကြီးဖြစ်ပြီး ဆင်းသည့်အခါ ဖောက်ထိုးဆင်းရပါသည်။ ၎င်းအပြင် တောင်ခါးပန်းများကို ဟိုဘက်ဒီဘက် လုံးပတ် ၅ ပေ ၆ ပေရှိ သစ်ပင်ကြီးများကို ခုတ်ပြီး တစ်ဖက်သို့ လှဲထားပါသည်။ ၎င်းသစ်လုံးပေါ်မှ ဖြတ်လျှောက်ရခြင်းဖြစ်သည်။ ဘေးတွင် ကိုင်စရာမရှိ၊ အောက်ကို ငုံ့ကြည့်လိုက်လျှင် ချောက်နက်ကြီး၊ အောက်ကို ဆင်းလျှောက်လို့မရ၊ ထိတ်လန့်စွာ ကူးဖြတ်ရပါသည်။ ၎င်းလိုနေရာမျိုးတွေ တော်တော်များများ ကူးဖြတ်ရသည်။



Generated by CamScanner from intsig.com

လမ်းတွင် မှောင်ခိုကုန်သည်များ စခန်းချသော စခန်းဟောင်းများကို တွေ့ရသည်။ ၎င်းစခန်းရာများသို့ ရောက်သောအခါ ထမင်းဆိုင်များ တစ်ဆိုင်စ နှစ်ဆိုင်စ တွေ့ရသည်။ ၎င်းတို့ဆိုင်များတွင် ထမင်းစားကြပါသည်၊ ဝိုက်ဆံလည်း ပေးသလောက်ယူကြသည်။

ကျွန်တော်တို့သည် သည်လမ်းသည်ခရီးကို ယခုမှပင် သွားဖူးခြင်းဖြစ်သောကြောင့် တောတွင်းစခန်းများကို တစ်ခုနှင့်တစ်ခု ချိန်သားမကိုက်တတ်ပါ။ ထို့ကြောင့် မိုးချုပ်လာသဖြင့် တောထဲရှိ သစ်ပင်များအောက်မှာပင် ဒုတိယည အိပ်လိုက်ရပါသည်။

ဒီတစ်ခါတော့ နောက်ကြောင်း ထိတ်လန့်စရာမရှိသဖြင့် အနားယူအိပ်စက်ခြင်းကို ကောင်းစွာ အိပ်ကြပါသည်၊ သို့သော် မြေကြီးပေါ်မှာပင် လှဲချအိပ်ရသည်။ တောတောင်ကြီးများတွင် မှောင်ခိုကုန်သည်များ သွားလာမှုကြောင့် တောထဲတောင်ထဲတွင်လည်း လမ်းကြောင်းကြီးများ ဖြစ်ပေါ်လျက်ရှိပါသည်။

တချို့တောင်စောင်းများတွင် လူသွားများလွန်း၍ မြေကြီးများသည် ခါးစောင်းလောက်အထိ နက်နေသည်။ ဒေသအခေါ် နွားရှေးပန်းတောင်၊ တောင်သူငိုတောင်၊ မုဆိုးပြန်တောင်၊ တောင်ခမောက်၊ နွားလပို့တောင် စသည် တောင်ကြီးများ ဖြတ်ကျော်ရမည်ဖြစ်သည်။ နွားရှေးပန်းတောင်ဆိုလျှင် ၎င်းတောင်ကိုတက်သော နွားများသည် အညစ်အကြေးထွက်အောင်ပင် အားစိုက်ပြီး တက်ရသောကြောင့် ၎င်းအမည်တွင်သည်ဟုဆိုသည်။

ထို့အတူ တောင်သူငိုတောင်ဆိုလျှင် တောင်သူများ မျက်ရည်ကျလောက်အောင် တက်ရသောကြောင့် ၎င်းအမည်တွင်ခြင်းဖြစ်ပါသည်။ မုဆိုးပြန်တောင်ဆိုလျှင်လည်း တောလိုက်မုဆိုးများ ၎င်းတောင်ကို မော့ကြည့်ပြီး ဆက်ပြီးမတက်တော့ဘဲ ပြန်ခဲ့သောကြောင့် မုဆိုးပြန်တောင်ဟု အမည်တွင်ခြင်းဖြစ်သည်။ တောင်ကျစမ်းချောင်းများကို တစ်ဖက်နှင့်တစ်ဖက် သစ်လုံးတစ်လုံးတည်းနှင့် တံတားထိုးခြင်းမှာ အသည်းယားစရာ အလွန်ကောင်းသည်။ ဒူးတုန်တုန်နှင့်ပင် ဖြတ်ကူးကြရပါသည်။

တချို့နေရာများတွင် ကြီးမားသော စမ်းချောင်း၊ ရေအိုင်ကြီးများ၊ ရေတံခွန်များ တွေ့မြင်ခဲ့ရသည်။ တောတောင်၏အလှသည် ချမ်းမြေ့စရာ၊ ကြည်နူးစရာများ ပြည့်နှက်နေသော်လည်း ကျွန်တော်တို့သည် တောတောင်၏အလှများကို မြင်ရုံသာမြင်ပြီး မခံစားနိုင်ကြပါ။ ခံစားခဲ့ရသော စိတ်ဒဏ်ရာများ၊ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ၊ စိတ်ထဲတွင် ဖြစ်ပေါ်နေသော မကျေမနပ်ခံစားချက်များ၊ နောင်တွေ့ကြုံလာမည့် အခက်အခဲများကို မည်ကဲ့သို့ ဖြစ်မည်နည်း စသည့်စသည့် အကြောင်းများကြောင့်ပင် မည်သည့်အရာကိုမှ မခံစားနိုင်ကြပါ။ မည်သူကမှ နှုတ်ဖြင့် ဖွင့်မပြောကြခြင်းသာဖြစ်သည်။

လူတိုင်းအသီးသီး၏ မျက်ဝန်းတွင် အဓိပ္ပာယ်ပေါင်း မြောက်မြားစွာသော စကားလုံးများကို ပြောဆိုနေကြသည်။ တစ်ဦးနှင့်တစ်ဦး ခေတ္တနားချိန်တွင်လည်း စကားမပြောနိုင်ကြပါ။ ပြောလည်း မပြောချင်ကြပါ။ သို့သော် မျက်ဝန်းအချင်းချင်းတော့ စကားလုံးပေါင်းမြောက်မြားစွာ ပြောဆိုနေကြပါသည်။ "ငါတို့ ဘယ်လိုလုပ်ရမှာလဲ၊ ဘယ်သူက ကူညီမှာလဲ၊ တကယ်ပဲ ကူညီမှာလား၊ ငါတို့ရဲ့အိတ်ကပ်ထဲမှာပါတဲ့ ငွေကြေးနဲ့ ဘယ်အချိန်အထိ ရပ်တည်လို့ရမှာလဲ၊ ဘယ်သူတွေနဲ့ တွေ့မှာလဲ စသည့်ပြဿနာများသည် အစီအရီပင်။ ၎င်းအချိန်အထိ ပြည်တွင်း၌ ပြည်သူ့ပြည်သားအပေါင်းတို့၏ တစ်ဦးနှင့်တစ်ဦး သိသိမသိသိ စည်းလုံးစွာဖြင့် ကူညီခဲ့ခြင်း၊ စောင့်ရှောက်ခြင်းများသည် တောထဲတောင်ထဲအထိ ကျွန်တော်တို့နှင့် ကပ်ပါလာသည်။

ကျွန်တော်တို့၏ စွမ်းအားများသည် နယ်စပ်ဒေသသို့ အမြန်ရောက်ရှိရေးပင်ဖြစ်သည်။ နားချိန် စားချိန်များတွင် ခေတ္တခဏသာ အချိန်ယူ၍ ဆက်လက်ထွက်ခွာလာရာ ၂၁-၉-၈၈ နေ့ ညနေ ၃ နာရီခန့်တွင် သေ့ဘောဘိုး K.N.U အကောက်ဂိတ်ရှိရာ ရေးတန်းသို့ ရောက်ရှိခဲ့ပါသည်။ ၎င်းဂိတ်သို့ ရောက်ရှိချိန်တွင် မိဘိနေရပ်၊ မိဘိအမည် စသည်တို့ကို တရင်းပေးရသည်။ ၎င်းနောက် ဂိတ်တာဝန်ရှိသူမှ ၎င်းရေးတန်းရှိ အိမ်များ၊ ဆိုင်ခန်းများတွင် အဖွဲ့လိုက် နေရာချပေးပါသည်။ ဒီမှာပင် နားခိုရန်နှင့် ရှေ့ဆက်ပြီး ယိုးဒယားနယ်စပ်သို့ သွားလာခွင့်မပြုတော့ပါ။

စိတ်ကူးသစ်စာပေ

ကျွန်တော်တို့ကဲ့သို့ ရောက်ရှိနေသော ကျောင်းသားများလည်း တော်တော်များများ တွေ့ရပါသည်။ ညနေ ၄ နာရီထိုးသောအခါ ရေတွန်းရှိ ရပ်မိရပ်ဖများမှ ချက်ကျွေးသော ထမင်းကို တက်ကင်းပွဲ၌ အလှူညီကျ ဝင်စား ရပါသည်။ ၎င်းတို့မှ သူတို့တတ်နိုင်သည့်အစာအဟာရဖြင့် ကျွေးမွေးပါသည်။ ကျွန်တော်တို့သည် ရောက်ပါပြီဖြစ်သောကြောင့် မည်သည့်အရာဖြင့်ပင် ကျေးကျေး ထားလောင်နေသောဝမ်းဗိုက်အား ဖြည့်တည်းလိုက်ကြသည်။

## သေ့ဘောဘိုးဈေးတန်း စခန်းနေထိုင်မှု

❑

သေ့ဘောဘိုးဈေးတန်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကုန်သည်များရောင်းချသော K.N.U ပိုင် လူသုံးကုန်ဈေးတန်းကြီးဖြစ်သည်။ ၎င်း အကျယ်အဝန်းရှည်သော မောင်မြောက်တန်း လမ်းမကြီး (၃)လမ်းနှင့်ပြီး လမ်းသွယ်ဖောက်ထားသော ငယ်လမ်းလေးလမ်းရှိပါသည်။ မြန်မာနိုင်ငံမှ ထွက်ကုန်များလာရောက်ရောင်းချသော ကုန်သည်များသည် ၎င်းဈေးတန်းတွင် တည်းနှင့်ပြီး တစ်ဖက်နိုင်ငံသို့ ပွဲစားများမှတစ်ဆင့် ရောင်းသလည်းကောင်း။ မိမိအမြန် ကုန်တင်သွင်း ကုန်ကိုယ်တိုင်မှ ရောင်းသလည်းကောင်း။ တစ်ဖက်နိုင်ငံသို့ သွားရောက်ရောင်းချကြသည်။

၎င်းအပြင်တွင် ကုန်သည်များနှင့် အတူတူပါလာသော ထိုင်းကုန်သည်များကို မြန်မာနိုင်ငံသို့ ပြန်လွှတ်ရန် သယ်ယူရန်အတွက် အထမ်းသမားများ ပါလာကြပါသည်။ ထိုသို့အခေါ် အထမ်းသမားတို့ သူဌေးသည် ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ကုန်များ သွားရောက်ရောင်းချရန် ပို့ရန်တွင် အထမ်းသမားတို့သည် ၎င်းဈေးတန်းရှိ တည်းခိုဆောင် (ဝါးများ၊ အင်ဖက်များနှင့် ဆောက်ထားသော) အဆောက်အအုံများတွင် မိမိတို့သူဌေး ပြန်လာမည့်

အချိန်အထိ စောင့်မျှော်နားခိုနေရသည်။ ဆိုင်တိုင်းနှင့် ပွဲတားတိုင်းတွင် တည်းခိုလို့ရမည့် ဟင်းလင်းပြင်အဆောင်များရှိပါသည်။

ကျွန်တော်တို့ ကျောင်းသားများရောက်လာသောအခါ ၎င်းအဆောင်များတွင် နေရာချပေးပြီး တစ်ဖက်နိုင်ငံ ထိုင်းသို့ ဆက်လက်သွားလာခွင့်မပြုပါ။ ၎င်းရေးတန်း၏ အဝင်ဘက်တွင်ရော အထွက်ဘက်တွင်ရော K.N.U ဂိတ်ကြီးများထားရှိပါသည်။

၎င်းရေးတန်းမှ ၂ မိုင်လောက်ဝေးသည့်နေရာတွင် ထိုင်းဘက်သို့ကူးသည့်တံတားရှိပြီး တံတားသည်ဘက်ဆိပ်တွင် K.N.U ဂိတ်ရှိသည်။ ဟိုဘက်ဆိပ်တွင် မော်လီချိုင်း ယိုးဒယားဂိတ်ရှိပါသည်။ ၎င်းယိုးဒယားဂိတ်အနီးတွင် မဲဆောက်သို့သွားရန်အတွက် မဲဆောက်မော်လီချိုင်း ဟိုင်းလတ်လိုင်းကားဂိတ်ရှိသည်။ K.N.U မှ ပေးလိုက်သော ခရီးသွားခွင့်လက်မှတ်သည် မဲဆောက်မြို့အထိ သွားလာခွင့်ရှိပါသည်။

သေ့ဘောဘိုးရေးတန်းတွင် ကျွန်တော်တို့ ကျောင်းသူကျောင်းသားများအား K.N.U မှ နေရာချပေးပြီး တစ်ဖက်နိုင်ငံသို့ ဆက်လက်ထွက်ခွာ ခွင့်မပြုပါ။ ၎င်းရေးတန်းတွင် နားခိုပြီး ၎င်းရေးမိရေးဖများမှ ချက်ကျွေးသော ထမင်းများစားပြီး နေရပါသည်။ ကျွန်တော်တို့ တစ်ပတ်နှစ်ပတ်လောက်ကြာသောအခါ ကျောင်းသားများ၏ ရေရှုလုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို စဉ်းစားပြီး အချင်းချင်း တိုင်ပင်ကြပါသည်။

ကျွန်တော်တို့ ကျောင်းသားအများစုသည် ပြည်တွင်းမှ ကြောက်၍ ထွက်ပြေးလာခြင်းမဟုတ်ပါ။ ရှေ့လုပ်ငန်းစဉ်များအတွက် ရည်ရွယ်ပြီး တောခိုခဲ့ခြင်းဖြစ်သည်။ သေ့ဘောဘိုးရေးတန်းတွင် ရှေ့လုပ်ငန်းစဉ်များအတွက် ရည်ရွယ်ချက်ပျောက်သလို ဖြစ်နေပါသည်။ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ်များ စဉ်းစားခြင်း၊ နေထိုင်စားသောက်မှုအတွက် ပြောဆိုမိခြင်း၊ ၎င်းရေးတန်းတွင် တားထားခြင်းတို့ကြောင့် မကျေနပ်မှုများအား အချင်းချင်း ပြောဆိုမိခြင်းများရှိပါသည်။

ထိုသို့ ပြောမိဆိုမိသော ကျောင်းသားများအား ၎င်းရေးတန်း K.N.U အရပ်ဘက်အုပ်ချုပ်ရေးမှူး ဖူးလောကွာမှခေါ်ယူ၍ ဆူပူကြိမ်းမောင်းခြင်း ခံရပါသည်။ နောက်ပိုင်းတွင် ကျွန်တော်တို့သည် K.N.U နှင့်ပတ်သက်ပြီး ပြောဆိုဝေဖန်မှုများ မလုပ်ရဲအောင် ဖြစ်ရသည်။ ထို့ကြောင့် တချို့ကျောင်းသားများသည် တစ်ဖက်နိုင်ငံသို့ ရောက်ရှိအောင် ကြိုးစားပြီး ထွက်ခွာကြပါသည်။

ကျွန်တော်တို့ရောက်သည့်နေ့တွင် ကျောင်းသားသုံးထောင်ကျော်လောက်ရှိသည်။ နောက်နေ့တွင် ငါးထောင်ကျော် ခြောက်ထောင်ကျော်လောက် ရှိလာသည်။ ကျွန်တော်တို့ တောခိုကျောင်းသားများတွင် အလွှာအသီးသီး လူတန်းစားမျိုးစုံ ပါလာသည်။ ထမင်းချက်ကျွေးသည်မှာ ရေးသူရေးသား ရပ်မိရပ်ဖများဖြစ်သည်။ ကျွန်တော်တို့၏ များပြားလှသော လူအုပ်ကြီးအား ချက်ကျွေးရသည့် ပင်ပန်းမှုမှာ တော်တော်ကြီးပါသည်။

ထမင်းချက်ကျွေးသောအဖွဲ့သည် ၎င်းတို့၏စရိတ်ဖြင့် ချက်ကျွေးသည်ဟု သိရသည်။ ကျွန်တော်တို့စားရသည်မှာ လုံးဝအဆင်မပြေပါ။ ဆီမပါသော ငှက်ပျောအူဟင်းနှင့်ပင် စားရပါသည်။ ကူညီထားသော ရိက္ခာများသည် မည်သည့်နေရာသို့ ရောက်ရှိနေသည်မသိပါ။ သို့ဖြစ်၍ ကျောင်းသူကျောင်းသားတချို့၏ မကျေမနပ်ပြောဆိုမှုများကြောင့် ဓေတနာအရင်းခံပြီး ချက်ပြုတ်ပေးသောအဖွဲ့သည် မချက်ကျွေးနိုင်တော့ကြောင်း ပြောလာပါသည်။

ကျွန်တော်တို့မှာ ရှေ့ကိုလည်း ဆက်သွားလာခွင့်မရှိ၊ သည်တွင်လည်း ငှက်ပျောအူဟင်းနှင့် ဆန်ကညွှ၊ နောက်ပြီး နိုင်ငံရေးကိစ္စများကလည်း ဘာမှန်းမသိ၊ အချင်းချင်း ခေါင်းချင်းရိုက်၍ တိုင်ပင်လာကြသည်။ သေ့ဘောဘိုးစခန်းသည် K.N.U ၏ နယ်မြေဖြစ်သည်။ K.N.U တွင် အရပ်ဘက်အုပ်ချုပ်ရေးနှင့် စစ်ဘက်အုပ်ချုပ်ရေးဟူ၍ နှစ်ပိုင်းခွဲထားပါသည်။

မှောင်ခိုကုန်သည်များ၏ အကောက်ငွေများကို စစ်အုပ်ချုပ်သူများမှ ကိုင်တွယ်၍ ကျေးရွာနှင့်ရေးတန်းကို အရပ်ဘက်အုပ်ချုပ်ရေးမှူးက

ကိုင်တွယ်ပါသည်။ အရစ်ဘက်အုပ်ချုပ်ရေးမှူးသည် ဗိုလ်လောကွာဖြစ်သည်။ ၎င်းမှ ကျောင်းသားများကို အနီးကပ်အုပ်ချုပ်ပါသည်။ ကျေးရွာများနှင့် ၎င်းရေးတန်းကို ဗိုလ်လောကွာမှ အုပ်ချုပ်ထားသည်။

၎င်းအုပ်ချုပ်ထားသော ရေးတန်းသို့ ကျွန်တော်တို့ ရောက်ရှိသွားသောအခါ ကျွန်တော်တို့အား သူ့နယ်မြေရောက်၍ သူက အုပ်ချုပ်ရမည်ဟု ယူဆပြီး အုပ်ချုပ်ခြင်းဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ ကျောင်းသားများသည် မည်သူ၏အုပ်ချုပ်မှုကိုမှ မခံယူနိုင်ပါ။

အဆိုးဆုံးမှာ ကျွန်တော်တို့အား ဘောင်ခတ်အုပ်ချုပ်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ကို ဘောင်ခတ်အုပ်ချုပ်ခြင်းကို နဂိုကပင် မကြိုက်။ အမိန့်အာဏာများကို အလွန်မုန်းသည်။ ကျွန်တော်တို့မှာ သေ့ဘောဘိုးရေးတန်းမှ အရှေ့သို့လည်း ဆက်လက်မသွားရ၊ အနောက်သို့လည်း ပြန်မဆုတ်ရဲ။ ဖွတ်တရွတ်အရှေ့သို့လည်းကောင်း၊ အနောက်သို့လည်းကောင်း ထွက်ခွာသွားသူများ ရှိကြသည်။ ၎င်းတို့၏ကံကြမ္မာကို ကျွန်တော်တို့ ဘာမှမသိရပါ။ အန္တရာယ်ကင်း ဘေးရှင်းပါစေဟု ဆုတောင်းပေးရုံမှတစ်ပါး ဘာမှ မလုပ်နိုင်ပါ။

ကျွန်တော်တို့ ရေးတန်းထဲတွင် နှစ်ပတ်မျှ ကြာလာသောအခါ မကျေနပ်မှုများ၊ လိုအပ်မှုများ စသည်တို့ကို အချင်းချင်းတိုင်ပင် ပြောဆိုမှုများရှိပါသည်။ ၎င်းစကားများသည် မနက်ကျလျှင် ဗိုလ်လောကွာထံသို့ ရောက်ရှိပြီး ဖြစ်နေပါသည်။ ၎င်းထိမိုက်မည့် စကားပြောမိလျှင် ပြောသည့်လူကို ခေါ်ယူပြီး ပြင်းပြင်းထန်ထန် ကြိမ်းဝါးခြင်းခံရပါသည်။

ကျွန်တော်တို့၏ကံကြမ္မာသည် မည်သူ၏လက်ခုပ်ထဲ ရောက်နေရသည်ကို မသိတော့ပါ။ ကျွန်တော်တို့သည် စိတ်ဓာတ်များ ကျဆင်းခြင်းကို စတင်ခံစားရပါတော့သည်။ နောက် ၂၀ ရက်ခန့် ကြာသောအခါ K.N.U ခေါင်းဆောင်ဗိုလ်ချုပ်မြရောက်ရှိလာပြီး ကျွန်တော်တို့အား ဘာသာပြန်မှတစ်ဆင့် မိန့်ခွန်းပြောပါသည်။ သူပြောသည့်စကားအရ သူတို့လည်း သူတို့



Generated by CamScanner from intsig.com

ခုကွန့်မှ သူတို့၊ ကျွန်တော်တို့အား ရိက္ခာ၊ လက်နက်စသည်တို့အား ထောက်ပံ့မပေးနိုင်ပါဆိုသည့် စကားပင်ဖြစ်သည်။ ၎င်းနောက် ကျွန်တော်တို့ ရောက်ရှိသူများထဲမှ ခေါင်းဆောင်ရွေးပြီး မိမိကိုယ်မိမိ ရပ်တည်ရန် ကြိုးစားမှု အတွက်ပင် ဖြစ်သည်။

ထို့ကြောင့် ရောက်ရှိကျောင်းသားများထဲမှ ၁၀ ဦးကော်မတီကို ဖွဲ့ပါသည်။ ၎င်းသည် သေ့ဘောဘိုးစခန်း ကော်မတီပင်ဖြစ်ပါသည်။ ၎င်းကော်မတီမှ ထိုင်းနယ်စပ်တွင် အကြီးဆုံးစခန်းဖြစ်သော သေ့ဘောဘိုးစခန်း၏ နိုင်ငံရေး၊ စစ်ရေး စသည်တို့အား ဦးဆောင်ပြီး ဗဟိုကော်မတီဖွဲ့သည့်အခါ စခန်းကော်မတီများအား အခြေခံပြီး ဖွဲ့မည်ဖြစ်ပါသည်။

## သေ့ဘောဘိုးစခန်း ကော်မတီရွေးချယ်မှု

❑

ကျွန်တော်တို့ကျောင်းသူကျောင်းသားများသည် သေ့ဘောဘိုး ဈေးတန်းတွင် တစ်ပတ် နှစ်ပတ်လောက် ကြာသောအခါ တောတွင်းခရီး ရှည် လာရောက်ရသော ပင်ပန်းမှု၊ ဒဏ်ရာများလည်း ပျောက်ကင်းကြပြီး ဖြစ်သည်။ ၎င်းအချိန်တွင် K.N.U ၏ ခေါင်းဆောင်ကြီးဗိုလ်ချုပ်မြ လာရောက် တွေ့ဆုံမည်ဟု သတင်းရောက်လာပါသည်။

ကျွန်တော်တို့ကျောင်းသား အုပ်စုတို့သည် K.N.U ခေါင်းဆောင် ကြီးနှင့်တွေ့လျှင် တစ်စုံတစ်ခုတော့ အကြောင်းထူးမည်၊ ငါတို့၏ ရည်မှန်း ချက်များလည်း ပြည့်ဝတော့မည်၊ ငါတို့လိုချင်သော ဒီမိုရေစီအရေးအတွက် တစ်စုံတစ်ခုတော့ ကူညီပေးလိမ့်မည်လို့ တထစ်ချ ယုံကြည်ထားကြပါ သည်။

၁၉၈၈ ခုနှစ်၊ အောက်တိုဘာ ၂၄၊ ၂၅ ရက်လောက် ထင်ပါသည်။ ဗိုလ်ချုပ်မြလာရောက်တွေ့ဆုံပြီး သေ့ဘောဘိုးဈေးအနီးရှိ ကွက်လပ်တစ်ခု တွင် တွေ့ဆုံစကားပြောပါသည်၊ သူပြောလိုက်တော့မှ ကျွန်တော်တို့၏ ခွန် အားများသည်လည်းကောင်း၊ မျှော်လင့်ချက်များသည်လည်းကောင်း၊ မှေး



Generated by CamScanner from intsig.com

မိန့်ကုန်ပါပြီ၊ ဗိုလ်ချုပ်မြသည် မြန်မာစကားအား စကားပြန်မှတစ်ဆင့် ပြောပါသည်။ ကရင်တော်လှန်ရေးအကြောင်းနှင့် ကရင်တော်လှန်ရေးအတွက် ၎င်းတို့ ရုန်းကန်နေမှုများနှင့် လက်နက်ရိက္ခာများလည်း စက်ခဲကြောင်း စသည်တို့ဖြစ်ပါသည်။

နောက်ဆုံး အနှစ်ချုပ်လိုက်တော့ လက်နက်သော်လည်းကောင်း၊ ရိက္ခာသော်လည်းကောင်း သူတို့ မကူညီနိုင်ပါ။ ကူညီနိုင်မည့်သူများထံမှ အကူအညီတောင်းပြီးလုပ်ပါ။ သူတို့ရဲ့မြေပေါ်မှာတော့ စခန်းတည်ထောက်ပြီး နေထိုင်ပါ စသည်တို့ပဲဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ပထမဦးဆုံး စခန်းကော်မတီဖွဲ့ရန်ဖြစ်ပါသည်။ သေ့ဘောဘိုး ရှေးတန်းရပ်မိရပ်ဖများ အကူအညီနှင့် စခန်းကော်မတီဖွဲ့ပါသည်။ ပထမဦးစွာ ရောက်ရှိလာသော အုပ်စုများထဲမှ အုပ်စုခေါင်းဆောင်များစုပြီး အစည်းအဝေးထိုင်ပါသည်။ ၎င်းမှတစ်ဆင့် ၎င်းတို့မှ တာဝန်ယူမည့် ကော်မတီအား အဆိုတင်သွင်းပြီး တခြားကျောင်းသား ခေါင်းဆောင်များမှ ထောက်ခံရန်ဖြစ်ပါသည်။ ဤကဲ့သို့ ရွေးချယ်ခဲ့ရာ ၁၀ ဦး ကော်မတီဖွဲ့ခဲ့ပါသည်။

| | |
|---|---|
| ဥက္ကဋ္ဌ | ကိုကိုဦး |
| အတွင်းရေးမှူး | ကိုလှအောင် |
| ကျန်းမာရေး | ကိုစိန်ထွန်း (ဆေးကျောင်းသား) |

စသည်တို့ဖြစ်ပါသည်။ တချို့အမည်များအား မမှတ်မိတော့ပါ။

တရေးသူမှ ထောက်ပံ့ရေးတာဝန်ယူပြီး ကျွန်တော်တို့ ကျောင်းသားကျောင်းသူများအတွက် လာရောက်လှူသော အဝတ်အထည်များ၊ အစားအသောက်များ စသည်တို့အား ခွဲဝေပေးပါသည်။ ကော်မတီများ ဖွဲ့ခဲ့ပြီးသော်လည်း တွေ့ဆုံစုစည်းမှုမရှိကြပါ။ တွေ့ဆုံစုစည်းမှုမရှိသဖြင့် တာဝန်များ ခွဲဝေပေးမှုအတွက် အခက်အခဲဖြစ်ရသည်။

ကျောင်းသားများနှင့် အနီးကပ်အလုပ်လုပ်နေရသော ကျွန်တော်တို့ကော်မတီအနေဖြင့် စခန်းရှိ ကျောင်းသားများနှင့် ရင်းနှီးမှုရှိပါသည်၊



Generated by CamScanner from intsig.com

လုပ်ငန်းသဘောအရ လူဦးရေစာရင်းကို သိရန်နှင့် အုပ်စုခွဲရန်တို့ ဖြစ်သည်။ ရိက္ခာဝေမျှရာတွင် အုပ်စုလိုက်လူဦးရေအချိုးတိုင်း ဝေရမည်ဖြစ်သော ကြောင့် လူဦးရေစာရင်းသိရန် လိုအပ်ပါသည်။ လူဦးရေစာရင်းအား K.N.U လုံခြုံရေးဂိတ်မှ လွှဲပြောင်းယူပြီး နောက်ထပ်ရောက်ရှိလာသော လူဦးရေ စာရင်းများ ကောက်ယူသောအခါတွင် K.N.U မှ ရိုးရိုးပဲ စာရင်းမကောက်ပါ နှင့်၊ ဗိုဗိုဏ်ရန်သူများမှ သူလျှိုများ လွှတ်နိုင်ပါသည်။ ၎င်းကို စိစစ်ပြီးမှ လက်ခံ ပါဟု လာရောက်ပြီး ပြောဆိုပါသည်။

ပထမရက်များတွင် K.N.U မှ အချိန်အနည်းငယ်မျှ ထိုင်ပြီး ကူညီ ခြင်းလုပ်ပါသည်။ ကျွန်တော်မှလည်း အမည်၊ နေရပ်၊ လူမျိုးဘာသာ စသည် တို့အား မေးမြန်းပြီး စာရင်းသွင်းပါသည်။ တချို့ကလည်း အမှန်အတိုင်းပြော ပြီး တချို့ကလည်း လွှဲပြောင်းပြောဆိုကြပါသည်။ မည်သူပဲဖြစ်ပါစေ၊ မြန်မာ ပြည်၏အရေးကို မြန်မာပြည်သား ကျောင်းသူကျောင်းသားများက ကိုယ် ကျိုးစွန့်ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ဆောင်ရွက်ဖို့ အခွင့်အရေးပေါ်ချိန် မှာ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

တရေးသူကိုယ်တိုင် အမည်၊ လိပ်တာ စသည်တို့အား အမှန်အတိုင်း ပေးထားသော်လည်း တရေးသူ၏ရုပ်အား ဖျက်ပြီး ထိုင်နေခြင်းဖြစ်သည်။ နေကာမျက်မှန်အမည်းကြီးနှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများအား မရိတ် ဘဲ ထားပါသည်။ ဗိုဗိုစိတ်ကူးနှင့် ဗိုဗိုဘာသာ လုပ်ခြင်းဖြစ်ပါသည်။ ရည်ရွယ် ချက်မှာ ပြည်တွင်းသို့ပြန်လျှင် မမှတ်မိစေရန် ဖြစ်ပါသည်။ ၎င်းအချိန်တွင် တရေးသူ၏အသက်မှာ ၃၀ အရွယ် ဖြစ်ပါသည်။ ကျောင်းသားများနှင့် တ လျှင်တော့ အတွေ့အကြုံ နည်းနည်းပိုရှိသူပေါ့လေ။ စလာကတည်းက ရည် ရွယ်ချက်ထားခဲ့သူများပါသည်။

လက်နက်ကိုင်တော်လှန်ရေးအတွက် တောခိုခဲ့ခြင်းဖြစ်ပါသည်။ ဗိုဗိုရှေ့က ဖခင်ကြီးတွေ၊ နောင်တော်ကြီးတွေရဲ့တောခိုအတွေ့အကြုံများ၊ တောတွင်းလက်နက်ကိုင်တော်လှန်ရေးဖြင့် လက်ရှိအုပ်စိုးနေသော အစိုးရ



Generated by CamScanner from intsig.com

အား တိုက်ခိုက်၍ မအောင်မြင်မှုများ စသည်တို့အား ဖတ်ရှုလေ့လာမှုကြောင့် အခြေအနေအကဲခတ်ပြီး အခြေအနေမကောင်းလျှင် ပြန်ရန်ပင်ဖြစ်သည်။

ရောက်ရှိလာပြီး အခြေအနေများကို သုံးသပ်သောအခါ အခြေအနေက မဟန်ပါ။ မိမိတို့ မူလစီစဉ်သည့်အတိုင်း ပြန်ရန်ပင်ဖြစ်သည်။ သို့သော် များပြားသော ကျောင်းသားလူငယ်ကလေးများနှင့် ကျောင်းသူများအား ကျောခိုင်းပြီးပြန်ရန် မဖြစ်နိုင်ကြောင်း စဉ်းစားမိပြီး အဆုံးစွန်အထိ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်း ၁၀ ဦးကော်မတီ၏ ဥက္ကဋ္ဌသည် ကိုကိုဦးဖြစ်ပြီး အတွင်းရေးမှူးသည် ကိုလှအောင်ဖြစ်ပါသည်။ ၎င်းအချိန်တွင် ရေးသူရေးသားများမှလည်း ကျွန်တော်တို့အား ချက်မကျွေးနိုင်တော့ပါ။ မိမိဘာသာချက်စားရန်အတွက် ပြောဆိုလာသဖြင့် ကျောင်းသားအုပ်စုများသည် ကိုယ်အုပ်စုနှင့်ကိုယ်ချက်စားရန်အတွက် ရိက္ခာများကို လူဦးရေအလိုက် ခွဲဝေပေးပါသည်။ ၎င်းအချိန်အထိ သေ့ဘောဘိုးရေးတန်းထဲတွင်ပင် ရှိသေးပါသည်။

၎င်းနောက် ဖူးလောကွာမှ ကျောင်းသားရိက္ခာများကို ကျောင်းသားများလက်ထဲသို့ အပ်ပြီး ကျောင်းသားများမှပဲ ခွဲဝေပေးရန်ဖြစ်သည်။ ကျွန်တော်တို့ ရောက်ရှိနေသော သေ့ဘောဘိုးရေးတန်းသို့ ဝင်သောအခါ K.N.U အကောက်ဂိတ်စစ်ဆေးရေးဂိတ်ကြီးရှိပြီး လူတစ်ဦးချင်းကို ဂိတ်ကြီးတာဝန်ရှိသူ ၄ - ၅ ဦးမှ တစ်ယောက်ချင်းစစ်ဆေးပြီး ခန္ဓာကိုယ်အနံ့ ရှာဖွေခြင်း၊ မျက်နှာများကို စေ့စေ့ကြည့် စစ်ဆေးခြင်းများကို ခံယူရပါသည်။

၎င်းရေးတန်းမှ ယိုးဒယားနယ်ခြားသို့ ကားဖြင့် မိနစ် ၂၀ လောက်မောင်းမှ ရောက်ပါသည်။ ၎င်းရေးတန်းမှ ယိုးဒယားဘက်သို့ ထွက်လျှင်လည်း ရေးတန်းထိပ်တွင် ဂိတ်တစ်ခုနှင့် နယ်ဝပ် သောင်းရင်းမြစ်အနောက်ဘက်အခြမ်းတွင် K.N.U ဂိတ်ရှိပြီး အရှေ့ဘက်ခြမ်းတွင် ယိုးဒယားဂိတ်ရှိပါသည်။ K.N.U ဘက်မှ ခွင့်ပြု၊ ယိုဒယားဘက်မှလည်း ခွင့်ပြုမှသာ သွားလာ၍ ရပါသည်။

---

စိတ်ကူးသစ်တပေ

ယိုးဒယားဘက်သို့ ကုန်သွားဝယ်သော ကုန်သည်များနှင့် အဆင်ပြေအောင် ပူးပေါင်းပြီး ကုန်သည်ယောင်ဆောင်ပြီး ယိုးဒယားဘက်သို့ ကူးသွားသော ကျောင်းသားများလည်း ရှိပါသည်။ ကျောင်းသားတစ်ယောက်အနေဖြင့် ယိုးဒယားဘက်သို့ လာ၍မရပါ။ ကျွန်တော်တို့ကျောင်းသားများကို ကူညီရန် အဖွဲ့အစည်းများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များသည်လည်း ကျွန်တော်တို့ထံသို့ လွယ်ကူစွာ မရောက်နိုင်ပါ။

ရောက်ရှိအောင် ကြိုးစားထိုးဖောက်ပြီး လာသောသူများလည်း ရှိပါသည်။ ၎င်းတို့ကူညီသော ပစ္စည်းများ လက်ခံရရှိပါသည်။ ကျွန်တော်တို့သည် သွားလာရျင်လျှင် ၎င်းဂိတ်လမ်းမှလွဲ၍ တခြားနေရာမှလည်း ရှောင်ပြီး မသွားရဲပါ။ အကြောင်းမှာ ၎င်းဂိတ်လမ်းမှလွဲ၍ အခြားနေရာများတွင် မိုင်းချထားကြောင်း ရေးသူရေးသားများမှ ပြောပါသည်။

ကျွန်တော်တို့၏ ပြောစကားများအားလုံးကိုလည်း ကျွန်တော်တို့ တည်းခိုသောအိမ်မှ အိမ်ရှင်များ၊ ရေးထိုင်ရှင်များ၊ အလုပ်သမားများ အားလုံးတို့သည် ၎င်းတို့၏အုပ်ချုပ်ရေးမှူးထံသို့ သတင်းပို့ရကြောင်းကို နောက်မှသိရသည်။ ထို့ကြောင့် ကျွန်တော်တို့ ဘာပြောပြော ၎င်းတို့က ရှောင်းပြောင်းနားထောင်ပြီး အုပ်ချုပ်ရေးမှူး ဗိုးလောကွာထံ သတင်းပို့နေခြင်းဖြစ်သည်။ K.N.U မှ ခေါင်းဆောင်တချို့သည် ကျွန်တော်တို့အား ကျောင်းသားအဖွဲ့အစည်းတစ်ခုအနေနှင့် အမည်မခေါ်ပါ။ ကျွန်တော်တို့အဖွဲ့အစည်းနာမည်ကို ၎င်းတို့ဘာသာ အမည်ပေးပြီး "တို့အရေးအဖွဲ့" လို့ ခေါ်ဝေါ်သုံးစွဲပါသည်။

အဖွဲ့အသီးသီး၊ အုပ်စုအသီးသီးများ၊ အမည်များ မျိုးစုံပေးပြီး နာမည်အမျိုးမျိုးတပ်ကြပါသည်။

ကျွန်တော်တို့ ရေးတန်းတွင် ၅ ရက်၊ ၆ ရက်လောက် နေပြီးသော အခါ စိန်း ၁၀ ဦးကော်မတီ ခေါင်းဆောင်တချို့ ကိုကိုဦး၊ ကိုလှအောင်၊ ကိုအောင်နိုင် (ဆေး) အုပ်ချုပ်ရေးမှူး ဗိုးလောကွာ၊ K.N.U ဝဟိုမှ ခေါင်း

ဆောင်တစ်ဦး၊ တပ်မဟာ (၆)မှ ခေါင်းဆောင်တစ်ဦးနှင့် ကျွန်တော်တို့ ကျောင်းသားကျောင်းသူများ နေထိုင်ရန်နှင့် တောတွင်းစခန်း တည်ဆောက်ရန်အတွက် မြေနေရာ ရွေးချယ်ကြပါသည်။

မြေနေရာရွေးချယ်ပြီးသောအခါ ကိုယ့်အဖွဲ့နှင့်ကိုယ် စခန်းတည်ဆောက်ရန်ဖြစ်ပါသည်။ ကိုယ်တိုင်ဝါးခုတ်၊ ကိုယ်တိုင်နီးထိုးပြီး စခန်းဆောက်ရမည်ဖြစ်ပါသည်။ ၎င်းအချိန်ကျတော့ ကျွန်တော်တို့ ရန်ကုန်ကျောင်းသားများအတွက် အခက်အခဲ ဖြစ်ကုန်ပါသည်။ ရန်ကုန်ကျောင်းသားများသည် မွေးကတည်းက ဝါးခုတ်တတ်ဖို့နေနေသာသာ ဝါးခုတ်တာတောင် တွေ့မြင်ဖူးခြင်းမရှိပါ။ ဝါးလည်း မခုတ်ဖူး၊ နီးလည်း မထိုးဖူး၊ ဘယ်လိုလုပ်ရမည်မှန်းကို မသိပါ။

မြဝတီကျောင်းသားအဖွဲ့၊ ကော့ကရိတ်ကျောင်းသားအဖွဲ့၊ ဘားအံကျောင်းသားအဖွဲ့၊ အိန္ဒူကျေးရွာကျောင်းသားအဖွဲ့၊ မော်လမြိုင်ကျောင်းသားအဖွဲ့၊ မုဒုံကျောင်းသားအဖွဲ့၊ ပဲခူးကျောင်းသားအဖွဲ့၊ ရန်ကုန်ကျောင်းသားအဖွဲ့၊ ရင်ပြင်းကျောင်းသားအဖွဲ့ စသည်တို့အား သေ့ဘောဘိုးရေးကုန်းတွင် အုပ်စုဖွဲ့ထားပါသည်။ အင်အားများသောမြို့များမှ ကျောင်းသားအဖွဲ့များကို ၁၊ ၂၊ ၃ စသည်ဖြင့် ခွဲပြီးဖွဲ့ထားသည်။

ဥပမာ မြဝတီ (၁)၊ မြဝတီ (၂)၊ မြဝတီ (၃) စသည်ဖြင့် ဖွဲ့ထားပါသည်။ ၎င်းအနက်မှ နယ်ကျောင်းသားများသည် တောတောင်လုပ်ငန်းများနားလည်သူတချို့ ပါရှိလာသဖြင့် ၎င်းတို့အတွက် မခက်ခဲသော်လည်း ရန်ကုန်ကျောင်းသား ကျောင်းသူများအတွက် ခက်ခဲပါတော့သည်။

ကျွန်တော်တို့ အဆောက်အဦဆောက်ရန်အတွက် ဓား၊ ပေါက်ဆိန်၊ ပေါက်တူး စသည်တို့သည် အားလုံးအတွက် လုံလောက်အောင် မရှိပါ။ လုံလုံလောက်လောက်ရှိလျှင် တစ်ဦးနှင့်တစ်ဦး ကူညီပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မလုံလောက်မှုကြောင့် ၂ ရက်လျှင် ၃ ဖွဲ့နှုန်းဖြင့် အဆောက်အဦများကို အလှည့်ကျ ဆောက်ရပါသည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

အဆောက်အဦပြီးသွားလျှင် အဆောက်အဦပြီးသည့်အဖွဲ့သည် လက်ရှိနေထိုင်သော ရေးတန်းမှ ဝိဝိစခန်းအဆောက်အဦသို့ ပြောင်းရွှေ့ရသည်။ K.N.U မှလည်း ကျောင်းသားများ အလွန်များသည်။ ကျောင်းသားများ၏လုံခြုံရေးကို ကျောင်းသားများမှပင် တာဝန်ယူပါ။ လုံခြုံရေး၊ စားဝတ်နေရေး၊ စစ်ပညာသင်ကြားရေး စသည်တို့သည် လက်ရှိ ၁၀ ဦးကော်မတီပေါ်တွင် တာဝန်ယူရန်ပင် ပုံအပ်ပြောဆိုပါသည်။ ထိုအချိန်တွင် ဆင်းရဲမှုများ၊ မကျေနပ်မှုများ စသည်တို့ကြောင့် မြို့မှတောသို့ ချီတက်လာရာတွင် ရှိခဲ့သော ညီညွတ်မှုများ၊ ယုံကြည်မှုများသည် ပျောက်ကွယ်ကုန်ပါသည်။

တစ်ဦးနှင့်တစ်ဦး မကျေနပ်မှုများ၊ မနာလိုမှုများ စသည်တို့ဖြစ်ပေါ်လာပြီး အမြင်မကြည်လင်မှုများ ဖြစ်ပေါ်ခဲ့ကာ ညီညွတ်မှုအား ယိမ်းယိုင်စေခဲ့ပါသည်။

ကျွန်တော်တို့ ကျောင်းသူကျောင်းသားများ၏ ညီညွတ်စည်းလုံးမှုမှာ ၎င်းအချိန်မှစတင်ပြီး ကွဲအက်မှုများ စခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

## ဗဟိုကော်မတီဖွဲ့စည်းမှု

❑

သေ့ဘောဘိုးစခန်းတွင် ဖွဲ့ထားသော စခန်းကော်မတီသည် စခန်းအတွက်သာဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး နယ်စပ်များတွင် ကျောင်းသားအတော်များများရောက်ရှိနေကြောင်းနှင့် နီးစပ်ရာ တိုင်းရင်းသား လက်နက်ကိုင်များထံ ရောက်ရှိနေကြောင်းကို ရေဒီယိုသတင်းများအရ သိရပါသည်။ မိမိစခန်း မိမိအစီအစဉ်များနှင့် လုပ်ဆောင်နေလျှင် အဆင်ပြေမှု သိပ်မရှိနိုင်ပါ။ အကူအညီပေးကြမည့်နိုင်ငံများမှ NGO များအတွက်လည်း အခက်အခဲရှိပါသည်။ နိုင်ငံရေးကိစ္စ၊ စစ်ရေးကိစ္စများအတွက် မြန်မာတစ်နိုင်ငံလုံး ဦးဆောင်ဦးရွက်ပြုမည့်အဖွဲ့နှင့် ခေါင်းဆောင်တစ်ဦး လိုအပ်သည်။

ကျွန်တော်တို့အားလုံးကတော့ ပြည်တွင်း ၈၈ အရေးအခင်းတွင် ဦးဆောင်ဦးရွက်ပြုသည့် ခေါင်းဆောင်တစ်ဦးအား တင်မြှောက်ပြီး လုပ်စေချင်ကြသည်။ ကျွန်တော်တို့ စခန်းကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌ ကိုကိုဦးနှင့် အတွင်းရေးမှူးကိုလှအောင်တို့မှ ချပြသော အစီအစဉ်ဖြစ်ပါသည်။ ကိုကိုဦးသည် အရပ်အမောင်းကောင်းပြီး ခန့်ညားသော ဉပဓိ



Generated by CamScanner from intsig.com

ရှပ်ပိုင်သူဖြစ်ပြီး စဉ်းစားတွေးတောချက်များလည်း တော်တော်ကောင်းပါသည်။

စခန်းကော်မတီဥက္ကဋ္ဌ ကိုကိုဦးသည် သေဘောဘိုးစခန်းတွင် လပိုင်းကလေးသာ တာဝန်ယူပြီးနောက် ပျောက်ကွယ်သွားပါသည်။ မည်သည့်အဆက်အသွယ်၊ မည်သည့်သတင်းမှ မကြားရတော့ပါ။ ကျွန်တော်တို့ဖြစ်စေချင်သော အချက်များအား K.N.U အဖွဲ့အား တင်ပြပြီး K.N.U ၏ သင့်တော်သောနေရာတစ်ခုတွင် ကျောင်းသားစခန်းအသီးသီးမှ ခေါင်းဆောင်များ ညီလာခံတစ်ခုကျင်းပပြီး မြန်မာတစ်နိုင်ငံလုံး ကိုယ်စားပြုရန်အတွက် ခေါင်းဆောင်တင်မြှောက်ရန် ဖြစ်ပါသည်။

ညီလာခံကျင်းပရေး နေရာသတ်မှတ်ရန်နှင့် ကိုယ်စားလှယ်များ သွားလာရေး ကူညီပေးရန်အတွက် K.N.U အားကူညီရန် မေတ္တာရပ်ခံပြီး အကူအညီတောင်းခံထားပါသည်။ ၎င်းနေရာအတွက်တော့ K.N.U မှ စီစဉ်ပေးပြီး အဖွဲ့အမည်နှင့် ခေါင်းဆောင်ကိုတော့ ကျောင်းသားများမှ ရွေးချယ်တင်မြှောက်ပေးရန်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး ကိုယ်စားပြုရန်အတွက် မည်ကဲ့သို့ အမည်ပေးမည်နည်း။

ယခု နယ်စပ်သို့ ရောက်ရှိနေသူများသည် နယ်ပယ်အသီးသီး အလွှာအသီးသီးမှ ဖြစ်နေကြသည်။ ဒီမိုကရေစီတော်လှန်ရေး အင်အားစုလား၊ ထိုအမည်ပဲဆိုလျှင် မပြည့်စုံပါ။ ယခုတော်လှန်ရေးထဲတွင် ပါရှိသော သူများအတွက် အားလုံးကို ကိုယ်စားပြုရမည်ဖြစ်သည်။ အလွှာအသီးသီးမှ လူများသည် မိမိတို့ကြိုက်နှစ်သက်ရာအမည်များ ပေးကြပါသည်။

အဖွဲ့အသီးသီး၊ အုပ်စုအသီးသီးများ အမည်များ မျိုးစုံပေးပြီး နာမည်အမျိုးမျိုး တပ်ကြပါသည်။ နောက်ဆုံးတော့ ၈၈ အရေးတော်ပုံကြီးအား ကျောင်းသားများမှ စတင်လှုပ်ရှားပြီးမှ ပြည်သူပြည်သားများ၊ ဌာနဆိုင်ရာ အသီးသီးတို့ပါ ဝင်လာကြသည်။ ထို့ကြောင့် ကျောင်းသားများက စတင်လာသည့်အတွက် ကျောင်းသားအမည်ကို ကိုယ်စားပြုပြီး ဖွဲ့ရမည်။

ဒီမိုကရေစီအတွက် တိုက်ပွဲဝင်သောကြောင့် ဒီမိုကရေစီ အမည်ပါရမည် စသည့် ပင်မအကြောင်းများကို သဘောတူထားပြီး ကျောင်းသားညီလာခံ (မင်းသမီးစခန်း) တွင် အတည်ပြုသည်။ တစ်နိုင်ငံလုံးအတွက် ကိုယ်စားပြုအမည်နှင့် ကိုယ်စားပြု ခေါင်းဆောင်ရွေးချယ်ကြမည်ဟု ဆုံးဖြတ်ကာ သေ့ဘောဘိုးစခန်း ၁၀ ဦးကော်မတီမှ ခေါင်းဆောင်များတို့သည် မင်းသမီးစခန်းသို့ ခရီးထွက်ခွာသွားပါသည်။ သေ့ဘောဘိုးစခန်းမှ ဥက္ကဋ္ဌ ကိုကိုဦး၊ အတွင်းရေးမှူးကိုလှအောင် စသည်မှ ဦးဆောင်ပြီး ၁၀ ဦး ကော်မတီအဖွဲ့ဝင်များ လိုက်ပါသွားပါသည်။

ရင်းအချိန်၌ သေ့ဘောဘိုးစခန်းတွင်လည်း တောတွင်းစခန်းတည်ဆောက်ရေး လုပ်ဆောင်နေချိန်နှင့် တခြား နောက်ပိုင်းတာဝန်များရှိနေသောကြောင့် တရေးသူမှာ ညီလာခံသို့ မလိုက်ပါတော့ပါ။ စခန်းတွင်းတာဝန်များကို ထမ်းဆောင်လျက် နောက်ချန်အဖြစ်နေရစ်ခဲ့ပါသည်။ ၇ ရက် ၈ ရက် လောက်ကြာသောအခါ မင်းသမီးစခန်း ကျောင်းသားညီလာခံသို့ တက်ရောက်သော ၁၀ ဦး ကော်မတီဝင်များ ပြန်ရောက်လာပါသည်။

ရင်းညီလာခံတွင် အငြင်းအခုံများနှင့် ညီလာခံဝတင်ခဲ့ပြီး နောက်ဆုံးတော့ ဥက္ကဋ္ဌအဖြစ် ကိုထွန်းအောင်ကျော်၊ အတွင်းရေးမှူးအဖြစ် ကိုသန်းဝင်းတို့အား ရွေးချယ်ကြပါသည်။ အဖွဲ့အစည်းနာမည်ကိုတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး A.B.S.D.F (All Burma Students Democratic Front) အဖြစ် ရွေးချယ်ကြောင်း စခန်းဥက္ကဋ္ဌဖြစ်သူ ကိုကိုဦးမှ ပြန်လည်ပြောပြပါသည်။ အငြင်းအခုံတွေ တော်တော်ဖြစ်ခဲ့ကြောင်း၊ ဒီလိုအခြေအနေထိ ရရှိအောင် မနည်းဆောင်ရွက်ခဲ့ရကြောင်း စသည်တို့ဖြစ်ပါသည်။

ကိုကိုဦးသည် ဗဟိုကော်မတီရွေးချယ်ပွဲတွင် တော်တော် စိတ်ပျက်ခဲ့သည့်ပုံ ပေါ်နေပါသည်။ ရှေ့တွင်ကြုံရမည့် အခက်အခဲများကိုလည်း ကြိုတင်မြင်ယောင်ကာ စိတ်ပျက်လျက်ရှိပြီး ကျွန်တော့်အား ဖွင့်ဟတိုင်ပင်

ပါသည်၊ အခက်အခဲများကို ကိုယ်တိုင်မကြုံတွေ့ရသေးခင် ကျွန်တော်တို့ ကကြိုတင်စီစဉ်လျှင် အများအမြင်မှာ အထင်လွဲရန်အကြောင်းနှင့် ကျောင်းသူ ကျောင်းသားငယ်များရှိသောကြောင့် အချိန်အခါကို စောင့်ကြည့်ပြီး ဆုံးဖြတ်ရမည်ဖြစ်ကြောင်း။ ယခုအခါ ဝန်းတွင်း လှုပ်ဆောင်ရေးများ၊ အရေးတကြီး လှုပ်ဆောင်ရေးများအား ဦးစွာလှုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်၊ အဆုံးမှန်ထိတော့ ကြိုးစားပြီး လှုပ်ဆောင်ကြမယ်၊ နောက်ဆုံးအချိန်ကျမှ တစ်ခုခုဆုံးဖြတ်ကြတာပေါ့ကွာ၊ အဖြေအစနှင့်အရ လျှောက်ကြမယ်လို့ ညှိနှိုင်းထားပါသည်၊

## တောတွင်းစခန်းတည်ဆောက်မှု

❑

သေ့ဘောဘိုးဈေးတန်းတွင် ဈေးသူဈေးသားများ၊ အရောင်းအဝယ်ကုန်သည်များ၊ ကျောင်းသူကျောင်းသားများ၊ သတင်းစာဆရာများ၊ ဂျာနယ်သတင်းထောက်များ စသည်တို့နှင့် စည်ကားလျက်ရှိသည်။ K.N.U အရပ်ဘက်ခေါင်းဆောင် ဖူးလောကွာမှ ဈေးတန်းထဲမှာ အရမ်းရှုပ်ထွေးနေတယ်။ သူ့လူကိုယ့်လူ ခွဲလို့မရဘူး။ သူတို့အတွက် လုံခြုံရေး စိုးရိမ်ရတယ်။ အမြန်ဆုံး စခန်းတည်ဆောက်ပြီး ရွှေ့ပါ။ စသည်ဖြင့် ပြောဆိုပြီး စခန်းရွှေ့ရန်အတွက် ကူညီနိုင်သည့်ကိစ္စများအား ကူညီကာ အမြန်ရွှေ့ခိုင်းပါသည်။

ကျွန်တော်တို့ကျောင်းသားများမှလည်း နေရာအတည်တကျနှင့် နိုင်ငံရေးကိစ္စများ လွတ်လွတ်လပ်လပ် လုပ်ကိုင်ရန်အတွက် ရွှေ့ချင်ပါသည်။ သို့သော် ထိုင်းနယ်စပ်နှင့် အနီးဆုံးနေရာဖြစ်ပြီး မိမိတို့ထံလာရောက်သော ဧည့်သည်များအား လွယ်ကူစွာ သွားလာလို့ရရှိမည့်နေရာအား လိုချင်ပါသည်။

သို့သော် ၎င်းတို့ပိုင်နက် နယ်မြေဖြစ်သဖြင့် ၎င်းတို့ချပေးသည့်နေရာတွင်သာ စခန်းတည်ဆောက်ရပါသည်။ ထိုင်းနယ်စပ်မှ ကားစီးလျှင်



Generated by CamScanner from intsig.com

၂၅ မိနစ်လောက်မောင်းရပြီး၊ လမ်းလျှောက်လျှင် ၁ နာရီကျော်ကျော် လျှောက်ရသည်။ မဲလရောင်းဘေးတွင် နေရာချပေးပါသည်။ K.N.U အဖွဲ့ အစည်းခေါင်းဆောင်များမှ ၎င်းနေရာသည် လုံခြုံပြီး ကျောင်းသားကျောင်း သူများအတွက် သုံးစွဲရန် ရေလည်းလုံလောက်သဖြင့် ၎င်းနေရာတွင်သာ စခန်းချရန် ပြောဆိုပြီး နေရာချပေးသည်။

၎င်းအချိန်တွင် ကိုမောင်မောင်သိန်း၊ ကိုတင်မောင်ဆန်း စသည် တို့သည် ကျွန်တော်တို့စခန်းရှိ ရန်ကုန်ကျောင်းသားအဖွဲ့နှင့် လာရောက်ပူး ပေါင်းသည်။ ၎င်းတို့ရောက်လာပြီး မကြာမီ စခန်း၏ဥက္ကဋ္ဌ ကိုကိုဦးနှင့် အတွင်းရေးမှူး ကိုလှအောင်တို့ ရွေးချယ်ထားသော စခန်းမြေနေရာတွင် သူ တို့ မနေနိုင်ပါ။ သူတို့အတွက် မြေနေရာတစ်ခုပေးပါ၊ သူတို့ဘာသာ သီးခြား နေမယ်ဟု ပြောပါသည်။ ကျွန်တော်တို့က ဒီလိုလုပ်လို့ မကောင်းပါ၊ စခန်း နစ်ခု ကွဲသွားမှာပေါ့၊ စုစုဝေးဝေးနဲ့ နေထိုင်ပြီး လုပ်မှကောင်းမည်ဟု ပြော သော်လည်း ဘယ်လိုမှလက်မခံပါ။

နောက်ဆုံး မည်သို့မှ ညှိနှိုင်း၍မရသောကြောင့် ကျွန်တော်တို့ စခန်းနှင့် ၁ မိုင်ခန့်ကွာသော နေရာတွင် ၎င်းတို့အတွက် မြေနေရာ ရှာပေးပါ သည်။ ကိုတင်မောင်ဆန်းနှင့်အတူ ရန်ကုန်ကျောင်းသား တစ်ထောင်ကျော် ခန့် ပါသွားပြီး စခန်းတည်ထောက်ပါသည်။ ကျန်ရန်ကုန်အဖွဲ့သည် ကျွန် တော်တို့နှင့် အတူတူ နေရစ်ခဲ့ပါသည်။

ကျွန်တော်တို့နေထိုင်သောစခန်းကို ပင်မစခန်းအဖြစ် သတ်မှတ် ပြီး ကျောင်းသားအင်အား ငါးထောင်ကျော်ခန့်ဖြင့် စခန်းဝင်ကြပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိမိစခန်း မိမိဘာသာတည်ဆောက်ပြီး နေထိုင်ရပါသည်။ အဆောက်အဦဆောက်တတ်သောအဖွဲ့များ၏ အဆောင် များသည် တောင့်တောင့်တင်းတင်းရှိပြီး၊ အဆောက်အဦမဆောက်တတ် သောသူများ၏ အဆောင်များသည် အရွဲ့အစောင်းများနှင့်ပင် ဖြစ်ပါသည်။ အမျိုးသမီးအဆောင်အတွက်ကို မော်လမြိုင်မှ ဦးမျိုးချစ်၏အဖွဲ့မှ ကူညီပြီး



Generated by CamScanner from intsig.com

ဆောက်ပေးသဖြင့် အမျိုးသမီးကျောင်းသူများ၊ ကျောင်းဆရာမများ နေရန် အတွက် အဆင်ပြေသွားသည်။

ကျွန်တော်တင်ပြခဲ့သည့်အတိုင်း မြို့နေကျောင်းသားများသည် တောအလုပ် တောင်အလုပ်များ မကျွမ်းကျင်ကြပါ။ အလုပ်လည်း မလုပ်ဖူး ကြပါ။ ဝါးရုံမှ ဝါးတစ်လုံးရရှိရန်အတွက် ဝါးခုတ်သည့်အခါ ဝါးခုတ်သည့် ပညာရပ်ရှိပါသည်။ ဝါးလုံးတစ်လုံး ပြတ်အောင်ခုတ်လျှင် ဘယ်နှစ်ချက်နှင့် ပြတ်မည်နည်း။

၎င်းသည် ပညာတစ်ရပ်ဖြစ်ပြီး ခုတ်ပြီးသော ဝါးသည်လည်း ဝါးရုံ နှင့်ကင်းကွာလျက် ပိပိပိုင်ဆိုင်ရန်ဖြစ်သည်။ အချက်ပေါင်းများစွာ ခုတ်ပြီး ဝါးပြတ်သွားသော်လည်း ၎င်းဝါးလုံးအား ပိပိမပိုင်ဆိုင်ရပါ။ ဝါးလုံးသည် ဝါးရုံ နှင့်ပင် မိတ်ဖွဲ့နေပြီး ပိပိလက်ဝယ်သို့ မရောက်ပါ။ ဆွဲထုတ်၍လည်း မရပါ။ လူအင်အားရှိသလောက် ဆွဲသော်လည်း မပါလာပါ။ ပင်ပင်ပန်းပန်းခုတ် ထားသော ဝါးသည် ဆုံးရှုံးမှုနှင့် ကြုံကြရသည်။

ကျွန်တော်တို့ စခန်းတည်ဆောက်မည့် နယ်မြေများတွင် ကြခတ် ဝါးရုံများသာ ပေါက်ရောက်သောကြောင့် ဝါးခုတ်ရန် ခက်ခဲခြင်း၊ ထုတ်ယူ ရန် ခက်ခဲခြင်း၊ ဝါးမခုတ်တတ်ခြင်းများသည် ကျောင်းသားအပေါင်းတို့ကို အလွန်စိတ်ညစ်စရာများ ဖြစ်စေပါသည်။ သို့သော် ကျောင်းသားများသည် ဖွဲ၊ သတ္တိ ရှိသူများပီပီ မရရအောင်ကြိုးစားပြီး ဝါးများခုတ်ကာ ပိပိတို့အဖွဲ့နေ ထိုင်ရန်အတွက် အဆောင်များကို ဆောက်ကြပါသည်။

ပိပိတို့ရဲ့ကြိုးစားမှုကြောင့် ဝါးလုံးတစ်လုံးခုတ်ယူလို့ရလျှင် အောင် မြင်စွာဖြင့် ဟစ်ကြွေးကြပါသည်။ အဆောင်တစ်ခုလုံး ဆောက်ပြီးရင်တော့ ပြောစရာမရှိတော့ပါ။ အလွန်ပျော်ရွှင်စွာဖြင့် မြူးတူးလျက်ရှိကြပါသည်။ ကျောင်းသားများနှင့်အတူ တောတွင်းသို့ တောခိုရောက်ရှိလာသော ရဟန်း တော်များအတွက် ဘုန်းတော်ကြီးကျောင်းတစ်ဆောင်အားလည်း ဆောက် လုပ်ရမည်ဖြစ်သည်။ ၎င်းကျောင်းဆောင်အား ဆောက်ရန်အတွက် တစ် ရင်းအသီးသီးရှိ ရဲဘော်များမှ ကူညီပြီး ဆောက်လုပ်လှူဒါန်းထားသည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

ရဟန်းတော်များအတွက် ဆွမ်းနှင့် အခြားကိစ္စများကို စခန်းရှိ ရဲဘော်များမှ အလှည့်ကျလှူဒါန်းပြီး ရဟန်းများနှင့်အတူ ပါရှိလာသော ကျောင်းသားများမှလည်း ဆက်ကပ်လှူဒါန်းကြသည်။ ရဟန်းတော်များသည် နိုင်ငံရေးသင်တန်းနှင့် ဘာသာစကားများကို လေ့လာသင်ယူမှုများသာ ပြုလုပ်ပါသည်။

ထို့ကြောင့် ဒေသဘောဘိုးတောတွင်းစခန်းတွင် ဆေးရုံ၊ တကြည့်တိုက်၊ တသင်ဆောင်၊ အစည်းအဝေးခန်းမ၊ ရုံးခန်း၊ အချုပ်ခန်း၊ လက်နက်ဂိုဒေါင်နှင့် ဘုန်းတော်ကြီးကျောင်းဆောင်တို့ဖြင့် သပ်ရပ်တင့်တယ်မှုများဖြင့် ကြည့်ပျော်ရှုပျော် ဖြစ်နေပါသည်။ နောက်ပိုင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂဖွဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးဓမ္မစာရအား တင်မြှောက်ကြပါသည်။

၎င်းအချိန်တွင် နဝတတပ်မတော်မှလည်း ကောင်းကင်မှ လေယာဉ်ပျံများဖြင့် ပျံဝဲပြီး ကျောင်းသားကျောင်းသူများ အိမ်ပြန်လာကြရန် အတွက် စာများ ကြဲချနေပါသည်။ သို့သော် ၎င်းစာများသည် ကျွန်တော်တို့ စခန်း အနီးအနားသို့ လုံးဝမကျပါ။

ဒေသဘောဘိုးစခန်း ၁၀ ဦးကော်မတီအစပိုင်းတွင် ကျွန်တော်က ထောက်ပံ့ရေးတွင် တာဝန်ယူပြီး ဆောင်ရွက်ရပါသည်။ ၎င်းထောက်ပံ့ရေး ဆောင်ရွက်နေချိန်တွင် မည်သည့်အလှူရှင်ထံကမှ ကျွန်တော်ထံသို့ တိုက်ရိုက်ငွေသော်လည်းကောင်း၊ ပစ္စည်းသော်လည်းကောင်း လက်ခံရရှိခြင်း မရှိပါ။ ကျွန်တော်၏ ရိက္ခာဂိုဒေါင်သို့ ရောက်ခဲ့သော ဆန်ကွဲ၊ ဆီ၊ ငါးခြောက်၊ အချိုမှုန့်၊ တစ်ခါတလေ ငါးသေတ္တာဘူး၊ အဝတ်အထည် စသည့်တို့ကို လူဦးရေ အချိုးလိုက် ခွဲဝေပေးရပါသည်။

ယာယီတပ်ခွဲများဖွဲ့ပြီး လူတစ်ဦးလျှင် တစ်နေ့ ဆန်နှစ်လုံးနှုန်းဖြင့် လူဦးရေအချိုးလိုက် ၁၀ ရက်စာ (သို့မဟုတ်) ၇ ရက်စာ စသည်ဖြင့် ခွဲဝေပေးပါသည်။ ကျွန်တော်တို့ ကျောင်းသားများသည် ထမင်းအဖြစ်ချက်စားရ၍သာ ဆန်လို့ ရေးရခြင်းဖြစ်သည်။ အမှန်မှာ ဆန်ကွဲဖြစ်ပါသည်။ ဆန်ကွဲ



Generated by CamScanner from intsig.com

တောင် ကျွန်တော်တို့မြန်မာပြည်က ဆန်ကွဲလိုမျိုးမဟုတ်ပါ။ ၎င်းနိုင်ငံတွင် ဆန်ကွဲများကို အဆင့်အတန်းခွဲထားပါသည်။ ၂ ပိုင်းကျိုးဆန်ကွဲ၊ ၃ ပိုင်းကျိုး ဆန်ကွဲ၊ ၄ ပိုင်းကျိုးဆန်ကွဲ စသည်တို့ဖြစ်ပါသည်။

ကျွန်တော်တို့စားရသော ထမင်းသည် ၄ ပိုင်းကျိုးဆန်ကွဲ ဖြစ်သည်။ ထိုဆန်ကွဲအား ကျွန်တော်တို့အိမ်မှာကဲ့သို့ ထမင်းချက်လို့ မရပါ။ ချက်ပြုတ်နည်းရှိပါသည်။ အစတုန်းက နားမလည်ခင်ကဆိုလျှင် စား၍မရပါ။ ဝက်စာကဲ့သို့ ဖြစ်သွားသည်။ နောက်မှ တဖြည်းဖြည်း ချက်ရင်းနှင့် နားလည်လာပြီး စား၍ရသည့်အဆင့် ဖြစ်လာပါသည်။

ဆန်တစ်ခုတည်းကိုသာ အဓိကရရှိပြီး ကျန်ရိက္ခာများသည် တစ်ခါတလေကျမှ ရရှိခြင်းဖြစ်သည်။ အပြင်မှရရှိလျှင်လည်း ခွဲဝေပေး၊ မရရှိလျှင် ရေးတန်းထဲကဝယ်ယူပြီး ပေးရပါသည်။ ဆီ၊ ဆား၊ ငါးပိ၊ အချိုမှုန့် စသည်တို့သည် မဖြစ်မနေလိုအပ်သော အရာများဖြစ်သည်။ ၁၀ ဦး ကော်မတီခေါင်းဆောင်များသည် စခန်း၏ ခေါင်းဆောင်များဖြစ်သဖြင့် တစ်ဖက်နိုင်ငံသို့ သွားလာခွင့်ကို K.N.U မှ ခွင့်ပြုပါသည်။

ကျန်သောကျောင်းသားများကို တစ်ဖက်နိုင်ငံသို့ လုံးဝသွားလာခွင့် မပြုပါ။ K.N.U ခေါင်းဆောင်များမှလည်း ခင်ဗျားတို့ကျောင်းသားတွေ တော်လှန်ရေးလုပ်ချင်လျှင် ဒီမှာနေပြီး လုပ်ပါ။ "မလုပ်ချင်လျှင် မိမိလာရာလမ်းအတိုင်းပဲ ပြန်ပါ" လို့ ပြောပါသည်။ သည်နေရာတွင် K.N.U နှင့် ပတ်သက်ပြီး ပြောပါမည်။ K.N.U ၏ အောက်ခြေခေါင်းဆောင်အချို့သည် မြန်မာစကား လုံးဝမတတ်သူများရှိသလို တချို့ခေါင်းဆောင်များသည် ကျွန်တော်တို့အား မဟာဗမာလူမျိုးကြီးဝါဒ ရှိသူများဟုဆိုပြီး အမြင်မကြည်လင်မှုများရှိသည်။

K.N.U ခေါင်းဆောင်ပိုင်းမှ မည်ကဲ့သို့ အကြောင်းအချက်များကြောင့် ကျောင်းသားကျောင်းသူများကို သည်နေရာတွင် ကန့်သတ်ထားသနည်း။ ကျွန်တော်တို့မသိပါ။ ၎င်းတို့က "မလုပ်ချင်ရင် လာရာလမ်းအတိုင်းပြန်နိုင်းသည်ကို" ကျွန်တော်တို့ မယုံကြည်နိုင်ပါ။

စိတ်ကူးသစ်တပေ

အထက်တွင်ပြောခဲ့သလို အချို့ K.N.U ခေါင်းဆောင်ငယ်များသည် ကျောင်းသားများအပေါ် အမြင်မရှင်းပါ။ ကျွန်တော်တို့ ရောက်ရှိပြီး တစ်ပတ်အတွင်း အဖြေပေါ်နေပါသည်။ ကျွန်တော်တို့အား ဈေးတန်းအတွင်းထားရှိပြီး ဈေးတန်းပြင်ပသို့ သွားလာခွင့်မရှိခြင်း၊ တော်လှန်ရေးမလုပ်ချင်ဘူးဆိုရင် လာရာလမ်းသို့ ပြန်နိုင်းခြင်း၊ လာရာလမ်းဆိုသည် တောလမ်းခရီးဖြင့် ပြန်နိုင်းခြင်းဖြစ်ပါသည်။

တောလမ်းခရီး၏ ကြမ်းတမ်းမှု၊ တောလမ်းခရီး စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရမှုများ၊ ဗမာကျောင်းသားများကို မဟာဗမာအဖြစ်အမြင်မကြည်မှုများ၊ ကရင်လူမျိုးကျောင်းသားများအား နယ်စပ်မရောက်ခင် လမ်းခရီးမှာကတည်းက K.N.U တပ်ဖွဲ့အတွင်းသို့ စည်းရုံးဝင်ခိုင်းမှုများထိုအကြောင်းများကြောင့် မည်ကဲ့သို့ လာရာလမ်းအတိုင်း ပြန်လို့ဖြစ်ပါမည်နည်း။

သူများအိမ်တွင် တည်းခိုနေထိုင်ရမည်။ သို့အတွက် အိမ်ရှင်၏မျက်နှာကိုကြည့်ပြီး နေထိုင်ရတော့မည်။ ၎င်းနောက် အိမ်ကြီးထဲတွင် အိမ်ငယ်ထပ်ဆောက်ပြီး နေထိုင်ရတော့မည်။ ကျွန်တော်တို့၏ တော်လှန်ရေးခရီးလမ်းကြီးသည် စိတ်ကူးယဉ်ခဲ့သလို ချောမွေ့မှုမရှိတော့သည်ကို သိနေပါပြီ။ တော်လှန်ရေးခရီးစဉ် မချောမွေ့တော့ပါ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါ။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ကိုယ်လွတ်ရှောင်၍ရပါသည်။

သို့သော် စခန်းအတွင်းရှိ ကျောင်းသူများ၊ ငယ်ရွယ်သော ကျောင်းသားများ၊ ၎င်းတို့၏ အနာဂတ်ခရီး ကံကြမ္မာရှိသည်။ ကျွန်တော်တို့ မျက်ကွယ်ပြု၍ မရပါ။ ကျွန်တော်သည် လက်ရှိကျောင်းသား မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သောကြောင့် ဝေဖန်ပိုင်းခြားမှု အထိုက်အလျောက်တော့ ရှိပါသည်။ သို့ဖြစ်၍ စခန်းရှိ ကျောင်းသူကျောင်းသားများနှင့် အနီးကပ်နေပြီး လုံခြုံရေး ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။



Generated by CamScanner from intsig.com

ကျွန်တော်နှင့်အဖွဲ့သည် နေ့စဉ်ဝင်ရောက်လာသော ကျောင်းသူကျောင်းသားများ၏ အမည်၊ လိပ်စာများကို မှတ်တမ်းပြုရပါသည်။ ကျွန်တော်၏မှတ်တမ်းတွင် စာရင်းဝင်ကျောင်းသားပေါင်း တစ်သောင်းကျော်ရှိသည်။ တကယ် စခန်းပြောင်းဝင်သောအခါတွင် စုစုပေါင်း ငါးထောင်ကျော်လောက်သာ ရှိတော့ပါသည်။ ရောက်ရှိစာရင်းတွင် လက်ခံပြီး စာရင်းလုပ်ထားခြင်းဖြစ်သည်။

ရောက်ရောက်ချင်း ဈေးတန်းရှိ အိမ်ဆိုင်များတွင် နားခိုနေစဉ်အတွင်း ကုန်သည်များနှင့် နားလည်မှုယူကာ တစ်ဖက်နိုင်ငံသို့ ကူးသွားကြသော ကျောင်းသူကျောင်းသားများလည်း ရှိပါသည်။ သို့ဖြစ်သောကြောင့် စခန်းဝင်သောအခါ ၅ ထောင်ကျော်လောက်ပဲ ကျန်ရှိခြင်းဖြစ်မည်လို့ ထင်ပါသည်။ ၎င်းနောက် တောတွင်းစခန်း ထိုင်ပြီးသောအခါတွင် နေ့စဉ်အင်အားများ လျော့လျော့လာပါသည်။

စခန်းဝင်ရောက်ပြီးနောက် တချို့အဖွဲ့များသည် အုပ်စုလိုက် ပြန်ကြရပါသည်။ ၎င်းတို့သည် မျက်ရည်ကျနှုတ်ဆက်ပြီး ဝမ်းနည်းစွာနှင့် ပြန်ကြပါသည်။ ၎င်းတို့၏ မြို့ရွာများရှိ နောက်ပိုင်းကျန်မိသားစုများအား နဝတ တပ်ဖွဲ့များ၏ အကျပ်ကိုင် အနိုင်ကျင့်မှုကြောင့် အဖွဲ့လိုက်ပြန်ရသည့်သူများလည်း ရှိပါသည်။

အကြောင်းတစ်စုံတစ်ရာကြောင့်ပဲဖြစ်ဖြစ်၊ ဗိုဗိုသဘောနှင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်က လုံခြုံရေးသတိဟု ပြောခြင်းဖြစ်ပြီး စခန်းဂိတ်များတွင် ကင်းအလှည့်ကျ စောင့်နိုင်းခြင်း။ သက်ဆိုင်ရာခေါင်းဆောင်များအား သတင်းမပို့ဘဲ အပြင်သို့သွားလာမှု၊ မလုပ်နိုင်းခြင်း စသည်တို့ စည်းကမ်းများပြုလုပ်သောအခါ ကျွန်တော်တို့အပေါ် တချို့ရဲဘော်၊ ရဲမေများက ငြိုငြင်မှု၊ မကျေနပ်မှုများ ရင်ဆိုင်ရပါသည်။

ကျွန်တော်တို့ တောတွင်းရှိ စခန်းဘေးတွင် မဲလချောင်းကြီးရှိသည်။ ၎င်းမဲလချောင်းသည် သောင်းရင်းမြစ်ထဲသို့ စီးဝင်လာသော ချောင်း

ဖြစ်သည်။ သောင်းရင်းမြစ်၏ မြစ်ဖျားလည်းဖြစ်ပါသည်။ ဘေးပတ်ပတ်လည်တွင် လုံးပတ် ၄ ပေ ၅ ပေ လောက်ရှိသော အင်တောကြီးများလည်းရှိသည်။ စခန်းစတည်သည့်နေရာ နံဘေးရှိချောင်းမှာ တောင်ကျရေကြောင့် ရေစီးကြမ်းသည်။ ထို့ပြင် တခြားအကြောင်းအရာများလည်း ရှိသည်။ သို့ဖြစ်သောကြောင့် လုံခြုံရေးစည်းကမ်း ထားရခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံးသည် မြို့ပေါ်မှ ရောက်ရှိလာကြသော ကျောင်းသူကျောင်းသားများနှင့် နယ်ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။ ယခု စခန်းတည်သောနေရာနှင့် ဒေသမတူညီသောကြောင့် ကျန်းမာရေးကိစ္စများလည်း ဂရုစိုက်ရပါသည်။ အဖြစ်များသည်မှာ ငှက်ဖျားပင်ဖြစ်သည်။ ဒေါနငှက်ဖျားသည် စဖြစ်ဖြစ်ချင်း ငှက်ဖျားဆေးဦးမှ အသက်ရှင်ပါသည်။ ငှက်ဖျားဖြစ်ပြီး ၃ ရက်အတွင်း ငှက်ဖျားဆေးမတိုက်ဖြစ်လျှင် အသက်အန္တရာယ်ဖြစ်ပါသည်။ အနည်းဆုံးတော့ ဦးနှောက်ထဲပိုးရောက်ပြီး ငှက်ကြောင်ကြောင် တတ်ပါသည်။

ကျွန်တော်တို့စခန်းတွင် လက်ရှိဆရာဝန်များ၊ ဆေးတက္ကသိုလ်ကျောင်းသားများ ရှိကြပါသည်။ ၎င်းတို့အားလုံးကို ဆေးတပ်ဖွဲ့ဖွဲ့ပြီး ကျောင်းသားဆေးရုံအဖြစ် စခန်းထဲတွင် ဆောက်ထားသည်။ စခန်းအတွင်းရှိ ဆေးပညာရှင်များ၏ ဂရုစိုက်မှုကြောင့် အသေအပျောက်မရှိသလောက်ပင် ဖြစ်ပါသည်။

ကျောင်းသားများမှာလည်း ရောဂါဖြစ်ဖြစ်ချင်း အကြောင်းမကြားဘဲ နေထိုင်သဖြင့် ရောဂါကျွမ်းမှ သိရသည်များ ရှိသည်။ နောက်ကျမှ ကုသသောကြောင့် လူနာ၏အခြေအနေမှာ ကျောင်းသားဆေးရုံတွင် ကုသ၍မဖြစ်တော့ပါ။ တစ်ဖက်နိုင်ငံရှိ မဲဆောက်ဆေးရုံသို့ ပို့ရန်ဖြစ်ပါသည်။ ကျွန်တော်တို့စခန်းမှ မဲဆောက်ဆေးရုံသို့ ကားငှားပြီး ပို့ရမည်ဖြစ်သည်။ ဆေးကုသစရိတ်ကိုတော့ NGO အဖွဲ့တစ်ခုမှ အကုန်အကျခံပေးပါသည်။ ဆေးရုံအရောက်ပို့ရန်ကတော့ ကျွန်တော်တို့၏တာဝန်ဖြစ်ပါသည်။

ထိုသို့ ကျန်းမာရေးကိစ္စများ ဖြစ်ပေါ်လာလျှင် ကျွန်တော့်ထံသို့ ရောက်လာပါသည်။ ကျွန်တော်ကိုလည်း မည်သည့်အလှူရှင်ကမှ အလှူငွေပေးထားခြင်းမရှိပါ။ ပေးလည်း မပေးပါ။ သေရေးရှင်ရေး ဖြစ်နေသဖြင့် ကျွန်တော်ရောက်အောင် ပို့ရမည်ဖြစ်ပါသည်။ ကျွန်တော်က ကားငှားပေးရန်နှင့် ကားခရှာဖွေပေးရန်ဖြစ်သည်။

သေ့ဘောဘိုးရွာတန်းမှ ရွာဆိုင်များ၊ ရပ်ကွက်လူကြီးများ၊ K.N.U အကောက်ဂိတ်မှ ဂိတ်မှူးများသည် ကျွန်တော်အကူအညီတောင်းလျှင် ကြည်ကြည်ဖြူဖြူ ကူညီကြပါသည်။ သို့ဖြစ်ပါ၍ စခန်းရှိ ကျောင်းသားခေါင်းဆောင်များနှင့် ကျောင်းသားများသည် အရေးပေါ်ဖြစ်လျှင် ကျွန်တော့်ကိုပဲ သတိရ ဆက်သွယ်ကြသည်။

ဤတနင့်ပဲ ကျေးဇူးတင်ကြောင်း ရေးပါရစေ။ K.N.U မှ ဂိတ်မှူး ဗိုလ်ကြီးဝင်းလွင်နှင့် အခြားဗိုလ်ကြီးနှစ်ဦးရှိပါသည်။ အမည်မမှတ်မိတော့သဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။ ၎င်းဗိုလ်ကြီး ၃ ဦးမှ တောင်းသမျှ အကူအညီကို ငြင်းပယ်ခြင်းမရှိ ကူညီကြပါသည်။

ကျွန်တော်မှတ်မိသလောက် ယခုလို အရေးပေါ်ကူညီရသူပေါင်း ၂၀၊ ၃၀ ကျော်ကျော်လောက် ရှိပါသည်။ မှတ်မှတ်ရရ ကိုတင်မောင်ဆန်းနှင့် ပုံးပေါင်းလိုက်ပါသွားသော ကျောင်းသားစခန်းမှ လူနာနှစ်ယောက်လောက် ပို့ပေးရပါသည်။ ၎င်းစခန်းတွင် ဒေါက်တာဉာဏ်လင်းမှ တာဝန်ယူကုသပေးသဖြင့် ဆိုးဆိုးဝါးဝါး မဖြစ်ပေါ်ကြပါ။ ထိုထဲကမှ နှစ်ယောက်သုံးယောက်လောက်သာ အရေးပေါ်ပို့ရပါသည်။

ကျွန်တော်က မှတ်မိနေပါသည်။ အကြောင်းမှာ ပထမတစ်ယောက် အသည်းအသန်ဖြစ်၍ ၎င်းစခန်းမှ သေ့ဘောဘိုးရွာစခန်းဂိတ်အထိ ၎င်းလူနာကို တောတွင်းစခန်းမှ ကျောင်းသားများသည် ပုခက်ဖြင့် ၃ မိုင် ၄ မိုင်လောက်ခရီးကို ထမ်းလာရသည်။ လူနာကလည်း သတိလစ်နေပါသည်။ ၎င်းကျောင်းသားများသည် သေ့ဘောဘိုးရွာတန်းဂိတ်တွင် လူနာအား



Generated by CamScanner from intsig.com

ထားပြီး ကျောင်းသားခေါင်းဆောင်များရှိရာ သေ့ဘောဘိုးရေးတန်းရှိ ရုံးခန်းသို့ ရောက်ရှိလာကာ လူနာအား မဲဆောက်ဆေးရုံသို့ ပို့ပေးရန် တောင်းဆိုပါသည်။ ၎င်းအချိန်တွင် ရုံး၌ အတွင်းရေးမှူး ကိုလှအောင်တစ်ယောက်သာရှိသည်။

ကိုလှအောင်အား ကားငှားပေးရန်နှင့် ကားခပေးရန် တောင်းဆိုကြပါသည်။ အမှန်မှာ ကိုလှအောင်သည် ကားလည်း မငှားဖူးပါ။ ၎င်းလက်ထဲတွင် ငွေလည်း လုံးဝမရှိပါ။ ကိုလှအောင်မှ မရှိကြောင်း ငြင်းဆိုမိသောကြောင့် ကျောင်းသားရုံးခန်းရှေ့တွင် ၎င်းကျောင်းသားအုပ်စုသည် ဆူညံဆူညံ ဖြစ်ကုန်ပါသည်။ ထိုအချိန်တွင် တခြားကျောင်းသားတစ်ဦးမှ ကျွန်တော့်ထံ ပြေးလာပြီး ရုံးမှာတော့ ဒီလိုဖြစ်နေပြီ အမြန်လိုက်ခဲ့ပါဆိုပြီး လာခေါ်ပါသည်။

ရုံးသို့ရောက်သောအခါ ၎င်းကျောင်းသားများကိုခေါ်ပြီး ကျွန်တော်လည်း ချက်ချင်း လူနာထားရာဂိတ်သို့ လူနာ၏အခြေအနေကို သွားကြည့်ရာ သွေးမရှိသည့်လက္ခဏာ ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ရေးတန်းအုပ်ချုပ်ရေးမှူး ဖူးလောကွာထံမှ အကူအညီယူပြီး လူနာအား မဲဆောက်ဆေးရုံသို့ ပို့ဆောင်ရန်အတွက် ကူညီဆောင်ရွက်ပေးလိုက်ပါသည်။ ၎င်းလူနာသည် အသက်မသေပါ။ ပြန်လည်ကောင်းမွန်လာပါသည်။

၎င်းနောက် ၎င်းစခန်းမှ ကျောင်းသူကျောင်းသားများသည် စခန်းကော်မတီပေါ်သို့ အမြင်မကြည်တော့ဘဲ စခန်းကော်မတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအား နှုတ်ထွက်ပေးရန် တောင်းဆိုကြပါသည်။ နောက်မကြာမီတွင်လည်း နောက်တစ်ယောက် ဒီလိုပုံစံအတိုင်းပဲ ရောက်ရှိလာပြန်ပါသည်။ ဒီတစ်ခါတော့ ရဲဘော်များသည် ကျွန်တော်ထံသို့ တန်းလာပြီး ခရီးသွားလာခွင့်လက်မှတ်ပေးရန်၊ ကားငှားပေးရန် စသည်တို့ တောင်းဆိုပါသည်။



Generated by CamScanner from intsig.com

ကျွန်တော်လည်း ရုက်ချင်းလိုက်သွားကာ လူနာ၏အခြေအနေကို ကြည့်ပြီး K.N.U အကောက်ဂိတ်မှ ဂိတ်မှူး ဗိုလ်ကြီးဝင်းလွင်ထံမှ အကူအညီယူ၍ လူနာအား မဲဆောက်ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ပါသည်။ ၎င်းလူနာသည် အသက်မသေပါ။ တော်လှန်ရေးကျောင်းသား ရဲဘော်တစ်ယောက်သည် တော်လှန်ရေးခရီးတွင် ဆင်းရဲဒုက္ခများကို တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းရမည်။ ခေါင်းဆောင်လုပ်သူသည် ဒီမိုကရေစီကျင့်စဉ်အရ အောက်ခြေမှ တောင်းဆိုချက်များအား လုပ်ကိုင်ပေးရမည်။ မလုပ်ပေးလျှင် ယုံကြည်မှု အားလျော့လာပြီး အားကိုးမှုမရှိတော့ပါ။ ဖြစ်စဉ်များအရ သိနေရပါပြီ။

အလျဉ်းသင့်၍ ဝေဒနာနှင့်မဆိုင်သည့် ကိစ္စတစ်ခုအား ရေးပြပါမည်။

ကျွန်တော်သည် မြန်မာနိုင်ငံသို့ ပြန်လာပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပြီး နိုင်ငံရေးကို အလျဉ်းမလုပ်တော့ပါ။

သစ်လုပ်ငန်းများလုပ်စဉ် ပျဉ်းမနားတွင် လုပ်ငန်းသွားလုပ်ပါသည်။ ပျဉ်းမနားတွင် ကျွန်တော့်မိတ်ဆွေတစ်ယောက်၏ မိတ်ဆက်ပေးမှုကြောင့် ပျဉ်းမနားမှ လူတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့သည်။ ၎င်းမိတ်ဆွေသည် ကျွန်တော်ထက် အသက်ငယ်ပြီး ရိုးသားမှုရှိသော ပုဂ္ဂိုလ်နေပါသည်။

ကျွန်တော်လည်း ပျဉ်းမနားလုပ်ငန်းများတွင် လူယုံတစ်ယောက်လိုပါသည်။ ၁၉၉၈ ခုနှစ်လောက်ထင်ပါသည်။ ၎င်းသည် ကဗျာရေးသောစာရေးဆရာတစ်ယောက်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ပျဉ်းမနားလုပ်ငန်းများကို ဘာပဲလုပ်လုပ် ၎င်းနှင့်တိုင်ပင်ပြီး ၎င်းလက်ထဲသို့ ဝကွက်အပ်လျှက် လုပ်ကိုင်ခဲ့ပါသည်။ နောက်ပိုင်း ကျွန်တော်လည်း ပျဉ်းမနားလုပ်ငန်းများ မလုပ်တော့ပါ။ ၎င်းနှင့် အလုပ်သဘောအရ အဆက်အသွယ်မဖြစ်တော့သော်လည်း ညီအစ်ကိုလို ဆက်ဆံမှုများတော့ ရှိနေပါသည်။ ၎င်းအား တောင်ကျောင်းသားမှန်းလည်း မသိပါ။

---

စိတ်ကူးသစ်စာပေ

သည်လိုနှင့် ယခု ကျွန်တော်ရေးသော တမူကြမ်းအား ဖတ်ကြည့်နိုင်သောအခါမှ သေ့ဘောဘိုးစခန်းတွင် ကျန်းမာရေးမကောင်းသော ရဲဘော်တစ်ယောက်အား ပဲထောက်ဆေးရုံသို့ ကျွန်တော်ပို့လိုက်သော ကျောင်းသားနှစ်ဦးထဲမှ တစ်ဦးပင် ဖြစ်နေတော့သည်။ ၎င်းအချိန်တွင် ကျွန်တော်သာ အချိန်မီ ပဲထောက်ဆေးရုံသို့ မပို့ခဲ့လျှင် ၎င်းသည် လူ့ပြည်တွင် မရှိနိုင်တော့ပါ။ ဖြစ်ချင်တော့ ကျွန်တော်ကူညီလိုက်သော လူမမာသည် ကျွန်တော့်အပေါ် အကျိုးဆောင်သော မိတ်ဆွေတစ်ဦးဖြစ်နေကာ နှစ်ယောက်စလုံး အံ့အားသင့်မိကြလေသည်။

ကျွန်တော့်အား ၎င်းစာရေးဆရာ ကချာထရာက လုံးလုံးမမှတ်မိပါ။ ကျွန်တော်ကလည်း လူနာများအား တစ်ယောက်ပြီးတစ်ယောက် ပို့ဆောင်နေရသဖြင့် မမှတ်မိပါ။ ၎င်းအပြင် တောထဲတွင် အနေအထိုင် ဆင်းရဲကြမ်းတမ်းနေရာမှ အစားအသောက် ချို့တဲ့မှုကြောင့် အသားအရေများသည် အဆီစမ်းခြောက်ပြီး သွေးအားမပြည့်သဖြင့် ဖျော့တော့တော့ဖြစ်နေခြင်းကြောင့်လည်း တစ်ကြောင်းဖြစ်ပါသည်။ ၎င်းနောက် တမူကြမ်းဖတ်ပြီးမှ အံ့အားသင့်ကာ သူ့အကြောင်း ပြောပြပါသည်။ ထိုအခါမှ ကျွန်တော်၏ပုံသဏ္ဌာန်အား ပြောပြရာ သူက ကောင်းကောင်းမှတ်မိကြောင်း ပြောပါသည်။

တရေးသူသည် နာမည်အရင်းဖြင့် တာဝန်ယူဆောင်ရွက်နေသော်လည်း ပြည်တွင်းသို့ ပြန်ရန်ပင် စဉ်းစားနေသူဖြစ်သည်။ ထို့ကြောင့် နေကာမျက်မှန်အမဲကြီးတပ်ပြီး နှုတ်ခမ်းမွေးများအား မရိတ်ဘဲ အရှည်ထားခြင်းဖြစ်သည်။ သို့သော် မပြန်ဖြစ်ပါ။ မသွားတတ်မလာတတ်သည့် ကျောင်းသားကျောင်းသူများကို ငဲ့ပြီး စခန်းမှ ထွက်ခွာခြင်းမပြုဘဲ စခန်းကျဆုံးသည်အထိ အတူတကွ နေထိုင်ခဲ့ပါသည်။

ဩော် ... လောကကြီး၏ ကျဉ်းမြောင်းမှုနှင့် ဆန်းကြယ်မှုပင်ဖြစ်သည်။ ကျွန်တော်တို့ကော်မတီသည် စခန်းပြောင်းရွှေ့ရန်အတွက် ကျောင်း

သားအဖွဲ့များအား မြို့အလိုက်၊ နယ်အလိုက် တစ်သုတ်ပြီးတစ်သုတ် တော တွင်းစခန်းသို့ အရောက်ပို့ဆောင်နေစဉ် ကျွန်တော်တို့ရုံးသည် သေ့ဘော ဘိုးရေးတန်းတွင်ပင် ရှိနေရုံနဲ့ဖြစ်ပါသည်။

စခန်းဥက္ကဋ္ဌဖြစ်သူကိုကိုဦးနှင့် အတွင်းရေးမှူးကိုလှအောင် စသည့် ကော်မတီနှင့် အခြားကော်မတီဝင်များသည် ရိက္ခာရှာဖွေရေး တာဝန်နှင့် အခြားတာဝန်များကြောင့် တစ်ဖက်နိုင်ငံနှင့် စခန်းကို သွားလိုက်ပြန်လိုက်နှင့် လုပ်ကိုင်လျက်ရှိသည်။ ကျွန်တော်ကတော့ တောတွင်းစခန်းတွင် အချိန် ပြည့်နေထိုင်ပြီး ကျောင်းသားများနှင့် အတူတကွပင် ရှိပါသည်။ ၎င်းတို့သည် ပထမပိုင်းတွင် ပြန်လာလျှင် ထူးခြားမှုများအား ပြောကြားကြပါသည်။

လက်ရှိအခြေအနေအရ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကြားရသော စကားလုံးများသည် ကျောင်းသူကျောင်းသားများ၏ အင်အား ပင်ဖြစ်သည်။ ကျွန်တော်တို့ ပြည်တွင်းတုန်းက စိတ်ကူးယဉ်ထွက်လာသော အိပ်မက်နှင့် လက်တွေ့ဖြစ်စဉ်များ ကွာဟမှုကြောင့် စိတ်ဆင်းရဲခြင်း၊ အစား အသောက် အနေအထိုင်များကြောင့် စိတ်ဆင်းရဲခြင်း၊ ကျန်းမာရေးကြောင့် စိတ်ဆင်းရဲခြင်း ထိုသို့ ဆင်းရဲခြင်းပေါင်းများစွာထဲမှ စကားလုံး၏ ခွန်အားများ အတွက် အများက မျှော်လင့်တောင့်တလျက်ပင် ဖြစ်သည်။

မိမိ၏ခေါင်းဆောင်ထံမှ ခေါင်းဆောင်၏ လုပ်ကိုင်ဆောင်ရွက်မှု ကို ကြားချင်ကြသည်။ အားရှိချင်ကြသည်။ ၎င်းသည် ခေါင်းဆောင်၏ သိ သာထင်ရှားမြင် ပွင့်လင်းမှုပင်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်တွင် ခေါင်းဆောင် နှင့် အောက်ခြေတို့၏ အပြန်အလှန် ထက်နွယ်မှုပင်ဖြစ်သည်။ ဤကဲ့သို့ ခေါင်းဆောင်နှင့် အောက်ခြေအပြန်အလှန်မရှိတော့လျှင် ပွင့်လင်းမြင်သာ မှုမရှိတော့လျှင် ခေါင်းဆောင်အပေါ် အမြင်လွဲတော့မည်။ ဝိရောဓိတွေဖြစ် တော့မည်။ ခေါင်းဆောင်အပေါ် ဆန့်ကျင်သော အတွေးအခေါ်တွေ ပေါ် ပေါက်လာတော့မည်။

ကျွန်တော်တို့သည် ဒီမိုကရေစီ လိုချင်သောသူများဖြစ်သော ကြောင့် ကျွန်တော်တို့စခန်းတွင် ဒီမိုကရေစီကျင့်စဉ်ကို စတင်သုံးစွဲခဲ့သည်။

ကျွန်တော်တို့သည် တစ်ပါတီ တစ်အာဏာရှင် စနစ်အောက်တွင် ကြီးပြင်းခဲ့သောကြောင့် ဒီမိုကရေစီကျင့်စဉ်ကို ပြည့်ဝစွာ မသုံးတတ်ခြင်းပင်ဖြစ်သည်။

ထိုအကြောင်းများကြောင့် ခေါင်းဆောင်အချို့အပေါ် ကျောင်းသားရဲဘော်များမှ ဆန့်ကျင်ခဲ့ကြသည်။ ခေါင်းဆောင်များမှလည်း စခန်းမှ ကျောင်းသားများအပေါ် ပြန်လည်ငြိုငြင်မှုတွေ ဖြစ်ပေါ်ပြီး စခန်းအား စွန့်ခွာသွားကြသည့် ခေါင်းဆောင်များရှိပါသည်။ ကျွန်တော်မှတ်မိသလောက်တော့ ဥက္ကဋ္ဌကိုကိုဦးသည် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလလောက် ကတည်းက အဆက်အသွယ်ပြတ်သွားပါသည်။

အတွင်းရေးမှူး ကိုလှအောင်ကတော့ A.B.S.D.F ဗဟိုကော်မတီ ဥက္ကဋ္ဌ ကိုထွန်းအောင်ကျော် ခေါ်ဘောဘိုးစခန်းသို့ လာလည်ပြီး စခန်းထဲတွင် ၂ ည ၃ ညလောက် ကျောင်းသားရဲဘော်များနှင့် အတူလာနေစဉ် စခန်းတွင် ရှိနေသေးပါသည်။ ၎င်းနောက် မကြာခင် ကိုလှအောင်လည်း ကျွန်တော်တို့နှင့် အဆက်အသွယ်ပြတ်သွားပါသည်။ သို့အတွက်ကြောင့် စခန်းတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိတော့ပါ။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး စသည့် ၁၀ ဦးကော်မတီကို ပြန်လည်ဖွဲ့စည်းပါသည်။

ပြန်လည်ဖွဲ့စည်းသော ကော်မတီတွင် ဥက္ကဋ္ဌ S အောင်လွင်၊ အတွင်းရေးမှူး ကိုအောင်သန်း၊ နိုင်ငံခြားရေး ကိုအောင်နိုင်ဦး၊ ကျန်းမာရေး ဒေါက်တာထွန်းနိုင်၊ ပြန်ကြားရေး ကိုမင်းနိုင် စသည်တို့ဖြစ်ပါသည်။ ကျွန်တော်က မူရင်းတာဝန်များပဲ ထမ်းဆောင်နေပါသည်။ စစ်တပ်ဖွဲ့ပြီးသောအခါ စစ်ရေးကိစ္စများ ဆောင်ရွက်ရန်အတွက် စစ်ရေးတာဝန်ခံအဖြစ် တာဝန်ပေးအပ်ပါသည်။

Generated by CamScanner from intsig.com

## တောတွင်းမှ သဘာဝဟင်းလျာများ

❑

ကျွန်တော်တို့စခန်း တည်ဆောက်သောနေရာတွင် သဘာဝ ဝမ်းချောင်းနှင့် တစ်ဖက်တွင် လုံးပတ်သုံးပေခွဲခန့်ရှိသော အင်ပင်များ ညီညီညာညာစိုက်ပျိုးထားပြီး နောက်တစ်ဖက်တွင် တောင်များနှင့် ကြခတ်ဝါးရုံများ ပြည့်နက်လျက်ရှိပါသည်။ အင်တောကြီးသည် သုံးမိုင်၊ လေးမိုင်မျှ ရှည်လျားပြီး အကွက်ကျကျ ညီညီညာညာ စိုက်ပျိုးထားခြင်းဖြစ်ပါသည်။

K.N.U သစ်တောဌာနမှ ကျွန်တော်တို့စခန်းဝင်ချိန်တွင် ၎င်းတို့၏ စည်းကမ်းအား ပြောပြပါသည်။ ၎င်းအင်ပင်များသည် K.N.U သစ်တောဌာနပိုင်ဖြစ်ပြီး ခုတ်ယူခြင်းမပြုရပါ။ ခုတ်ယူပါက အရေးယူခြင်း ခံရပါမည်။ ၎င်းနောက် ဒဏ်ငွေအဖြစ် ဘတ်ငွေငါးထောင်ပေးအပ်ရမည်ဟု ရှင်းပြပါသည်။ အမေရိကန်ဒေါ်လာနှင့်တွက်လျှင် ၂၅၀ ဒေါ်လာလောက် ကျပါသည်။ ထို့ကြောင့် ၎င်းအချိန်က ကျောင်းသားများသည် ၎င်းသစ်ပင်များအား မထိရဲကြပါ။

ကျွန်တော်တို့ ကျောင်းသားများအတွက် အကူအညီအဖြစ် ရရှိသော လေးပိုင်းကြိုးဆန်ကွဲနှင့် တစ်ခါတလေ ဟင်းချက်ဆီအနည်းငယ်၊

စိတ်ကူးသစ်စာပေ

ငါးပိကောင်၊ ဆားတို့ပင်ဖြစ်ပါသည်။ ငါးပိကောင်များကို ရေရှည်တားသောအခါ အသားများယားယံခြင်း ဖြစ်ကြပါသည်။ ပုံမှန်ရရှိသော ငါးပိကောင်ကိုသာ ဟင်းအဖြစ် စားသုံးရပါသည်။ နောက်ပိုင်း ငါးပိကောင်တောင် ပုံမှန် မရရှိတော့ပါ။

တောတွင်းမှ အသီးအရွက်၊ သစ်ဥသစ်ဖုများကို တပ်ခွဲအသီးသီး၏ ချက်ပြုတ်ရေးတာဝန်ကျသော ရဲဘော်များ ရှာဖွေချက်ပြုတ်မှုတို့အား ပြုလုပ်ကြပါသည်။ တချို့ကျောင်းသားများသည် နယ်ကျောင်းသားများဖြစ်သည့်အတွက် တောတွင်းအသီးအရွက်၊ သစ်ဥသစ်ဖုတို့အား ကျွမ်းကျင်စွာ ရှာနိုင်ကြပြီး စားရသောအသီးအရွက်၊ မစားရသော အသီးအရွက်များကို သိကြပါသည်။

ထိုနားလည်သော ကျောင်းသားများမှတစ်ဆင့် မသိသေးသော ကျောင်းသားများကို သင်ပြပေးခြင်းဖြင့် ရန်ကုန်ကျောင်းသားများပါ နောက်ပိုင်း နားလည်လာကြပြီး တောတွင်းအသီးအရွက်များကို ရှာဖွေချက်ပြုတ်တတ်ကြပြီး စားလို့အဆင်ပြေအောင် အာဟာရရှိအောင် ကြိုးစားရှာဖွေပြီး ချက်ပြုတ်ပေးကြပါသည်။ အနီးနားရှိ စမ်းချောင်းထဲတွင် ငါး၊ ဖား ရှာတတ်သောသူများသည် တစ်နေကုန် ရှာဖွေသော်လည်း မည်သည့်ငါးမှ မရပါ။ ရေစီးကြမ်းသောကြောင့် မည်သည့်ရေသတ္တဝါမှ နေထိုင်ခြင်းမရှိကြောင်း သိရပါသည်။

ကျောင်းသားကျောင်းသူများသည် အသားငါးများအား စားသုံးရခြင်းမရှိသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်လျက်ရှိသည်၊ တောထဲတောင်ထဲတွင် မည်သည့်သားကောင်မှ ရှာဖွေတွေ့ရှိခြင်း မရှိပါ၊ တောထဲတောင်ထဲရှာတတ်သော ကျောင်းသားများသည် အချိန်ရသည်နှင့် တောထဲတောင်ထဲ သားကောင်ရှာဖွေခြင်း လုပ်သော်လည်း မည်သည့်သားကောင်မှ မရရှိပါ။

သားကောင်ရှာရင်းနှင့် တောတွင်းမှ တောဆူးပုပ်ကြီးများ ရရှိပါသည်။ ငင်းဆူးပုပ်ရွက်ရလျှင် ကျွန်တော်တို့အတွက် အလွန်စားမြိန်သော



Generated by CamScanner from intsig.com

ဟင်းတစ်ခွက် ဖြစ်လာပါသည်။ ဆူးပုပ်ကြီးအရွက်အား ထား၊ ရေနှင့်ပင် ကျော်ခြင်းဖြစ်ပါသည်။ အချိုမှုန့်၊ ဆီ စသည်တို့ မရှိသဖြင့် ထည့်ပြီး မချက်ပြုတ်နိုင်ပါ။ ရှိသည့် ဆား၊ ရေတို့ဖြင့် ကျော်သော်လည်း အလွန်စားကောင်းသော ဟင်းတစ်ခွက်ဖြစ်သည်။ တစ်ခါတလေ အကြောင်းတစ်စုံတစ်ရာကြောင့် ဆီရလျှင်တော့ ဆီတစ်ဇက်၊ နှစ်ဇက်ထည့်ပြီး ကျော်ခြင်းလည်း ရှိပါသည်။

မိုးဦးပိုင်းကျလျှင်တော့ အင်ဥ၊ ပုတတ်ကမုန်း၊ ဖလံတောင်ဝေး၊ ကြခတ်မှို စသည်တို့ စားရပါသည်။ ၎င်းတို့အား ဆား၊ ရေတို့ဖြင့်သာ ကျော်လော်ချက်ပြုတ်စားရသော်လည်း စားနေကျဖြစ်သောကြောင့် စားလို့ဖြစ်ပါသည်။ ၎င်းဒေသထွက် ဖလံတောင်ဝေးသည် ကျွန်တော်တို့အရပ်တွင် မတွေ့ရသော ဖလံတောင်ဝေးဖြစ်ပါသည်။ ၎င်းသည် အပင်တုတ်ပြီး ပင်စည်သည် ကြက်ဥလုံးအရွယ်ဖြစ်ပါသည်။ ၎င်းဖလံတောင်ဝေးအပင်များ အလုံးကြီးသော်လည်း အလွန်နူးညံ့သော အပင်များဖြစ်ပါသည်။

အကြောင်းတစ်စုံတစ်ခုကြောင့် ဟင်းချက်ဆီနှင့် အချိုမှုန့်အနည်းငယ် ထည့်ကျော်စားလျှင် အလွန်စားကောင်းသော အပင်ဖြစ်သည်။ ရွက်လုပန်းပင်အရွက်နှင့် ဝပါးလင်ပင်၊ ရေတ်သီးစိမ်း စသည်တို့နှင့် ပါးပါးလှီး သုတ်စားလျှင် အလွန်အရသာရှိပါသည်။ တောထဲရောက်မှပဲ ရွက်လုပန်းပင်သည် စားလို့ရမှန်း သိရပါသည်။ ကြခတ်မှိုသည် အလွန်အထိပ်အတောက် ပြင်းထန်ပါသည်။ ၎င်းမှိုများအား ချိုးပြီး အဖတ်များအား ပြောင်စင်အောင် ခွာရပါသည်။ ၎င်းနောက် ဒယ်အိုးထဲတွင်ထည့်ပြီး အချိန်ကြာမြင့်စွာ ပြုတ်ရပါသည်။ သုံးရေ၊ လေးရေ ပြုတ်သော်လည်း အခါးတတ်မကုန်ပါ။

ချက်ပြုတ်စားလျှင်လည်း အဖျားအနည်းငယ်ရှိလျှင် ၄က်များပြန်ထခြင်း ခံရပါသည်။ သို့သော် စားစရာမရှိသဖြင့် ကျန်းမာရေးအား ငဲ့ကွက်ခြင်း မပြုနိုင်ပါ။ စားသောက်ပြီးနောက် ဆေးအမြန်သောက်ရပါသည်။ အဆိုးဝါးဆုံးအပင်မှာ ဟင်းနုနွယ် အရိုင်းဆူးပင်ဖြစ်ပါသည်။ မိုးလယ်ပိုင်းသို့

ရောက်သောအခါ သစ်ဥသစ်ဖုများ မရှိတော့ပါ။ မျှစ်များလည်း ရင့်၊ ဖလံတောင်ဝှေးလည်း ရင့်၊ ထို့ကြောင့် စားဖရာအသီးအရွက်၊ သစ်ဥသစ်ဖုများ မရရှိတော့သဖြင့် ဟင်းနနွယ်အရိုင်းဆူးပင်အား စားသုံးရန်အတွက် ကြံစည်ရပါတော့သည်။ အလွန်နံသောအပင်ဖြစ်ပါသည်။ ပင်စည်၏ အလယ်သားနုနုနှင့် အရွက်နုများအား ရှုးဆိတ်ပြီး ကြော်စားခြင်းဖြစ်ပါသည်။

ပထမစားခါဝတွင် ရင်တွင်း မျို့ပြီးတက်လာကာ စားသောက်၍ မရပါ။ အသက်မရှုတော့ဘဲ မြန်မြန်ဝါးပြီး မျိုချရပါသည်။ အစာအိမ်ထဲရောက်ဖို့နှင့် ဝမ်းဗိုက်ထဲ အမြန်ဆုံးရောက်အောင် ကြိုးစားပြီး အာဟာရပြည့်အောင် ဖြည့်တင်းရပါသည်။ တောထဲတောင်ထဲမှ သဘာဝကရရှိသော အသီးအရွက်များကို နည်းအမျိုးမျိုးဖြင့် ရှာဖွေပြီး စားသုံးကြရပါသည်။

ငှင်းနောက် သားငါးများ ရှာဖွေစားသောက်မှုအား တင်ပြပါဦးမည်။ အကယ်၍ ရှဉ့်ရှာလျှင်လည်း သည်းခံပြီးဖတ်ကြပါလို့ မေတ္တာရပ်ခံပါသည်။ တောထဲတွင် မည်သည့်သားကောင်မှ ရှာဖွေလို့မတွေ့ပါ။ ချောင်းထဲမှလည်း မည်သည့်ရေနေသတ္တဝါများကိုမှ ဖမ်းဆီးရရှိခြင်းမရှိပါ။ သို့သော် ပိုးကောင်၊ မွှားကောင်များကိုတော့ ဖမ်းဆီးပြီး စားသောက်ရန်အတွက် ကြံဆနေမှုများအား တင်ပြပါဦးမည်။ အချို့ကျောင်းသားများ၏ အသားစားချင်သောစိတ်နှင့် အသားဟင်းလျာပြတ်မှုတို့ကြောင့်ပင် ဖြစ်ပါသည်။

စခန်းတည်ခါစကတော့ ကြက်အရှင်များ တပ်ခွဲတစ်ခွဲလျှင် တစ်ကောင်နှုန်းဖြင့် တစ်ပတ်တစ်ကောင်လောက် ရရှိပါသည်။ တစ်လလောက်သာ ရရှိခြင်းဖြစ်ပြီး နောက်ပိုင်း မည်သည့်အသားမှ ရရှိခြင်းမရှိတော့ပါ။ ဟင်းရျက်ဆီတောင်ပေးနိုင်ခြင်း မရှိတော့ပါ။ အသားမစားရသောအချိန်ကြာလာသဖြင့် အာဟာရချို့တဲ့မှုနှင့် အသားစားချင်စိတ်တို့ကြောင့် ရှိနေသောပိုးကောင်များအား စားသုံးခြင်းဖြစ်ပါသည်။ ရှိသည့်ကျောင်းသားများကတော့ စားသုံးခြင်းမပြုပါ။

ကျွန်တော် အစပိုင်းတွင် ဖော်ပြခဲ့သော စခန်းပတ်ဝန်းကျင်တွင် အင်ပင်များပေါက်ရောက်ပြီး သစ်ပင်သစ်တောများ ဖုံးအုပ်ကာ ငှင်းပင်စည်များ

တွင် ပုစဉ်းရင်ကွဲကောင်များသည် ကပ်ပြီး ရှည်စွာ အောင်းနေကြပါသည်။ ထို အောင်းသံများမှာ အလွန်ရှည်ပြီး နားကွဲမတတ် ခံစားရပါသည်။ ထိုပုစဉ်း ရင်ကွဲကောင်များအား ပုစဉ်းရင်ကွဲထောင်မုဆိုးများက ဖမ်းဆီးပြီး ကြော်စား ခြင်းဖြစ်ပါသည်။ စားသောကျောင်းသားများကတော့ အလွန်ချိုကြောင်း ပြောကြပါသည်။ ပုစဉ်းရင်ကွဲကောင်များသည် သစ်ခေါက်များနှင့် အရောင် တူပြီး အောင်းသံသာကြားရကာ အကောင်အား တော်ရုံတန်ရုံ မမြင်ရပါ။ ၎င်း အကောင်များကို ဖမ်းဆီးသော ကျောင်းသားများကတော့ ကျွမ်းကျင်ကြပါ သည်။

ကျောင်းသားမုဆိုးများ၏ ကျွမ်းကျင်မှုကြောင့် နားကွဲမတတ် အမြဲ တမ်းရှည်နေသော ပုစဉ်းရင်ကွဲကောင်များ၏ အသံများသည် တစ်ပတ်နှစ် ပတ်အတွင်း တိတ်သွားပါတော့သည်။ များပြားလှသော သစ်ပင်များတွင် နေ ထိုင်ကြသော ပုစဉ်းရင်ကွဲကောင်များအား ပုစဉ်းရင်ကွဲမုဆိုးများ၏ လက် ချက်ကြောင့် အသံများ တိတ်ဆိတ်သွားပါသည်။ ကြိုက်နှစ်သက်သော ကျောင်းသားများသည် ပုစဉ်းရင်ကွဲကောင်များအား ဖမ်းဆီးသောကိရိယာ များကိုကိုင်ပြီး အသံကြားသည်နှင့် ချက်ချင်း ဖမ်းယူကြပါသည်။ ၎င်း ပုစဉ်း ရင်ကွဲကောင်များသည် ၎င်းတို့သီဆိုနေသောသံစဉ် မပြီးဆုံးခင် ကျောင်း သားများ၏ ဖမ်းယူခြင်းခံကြရပြီး ဒယ်အိုးနှင့်မိတ်ဆက်ခြင်း ခံကြရပါသည်။

၎င်းပုစဉ်းရင်ကွဲကောင်များ တောတွင်းမှကုန်သောအခါ အခြား ရရှိသော ပိုးကောင်များအား စားသုံးရန်အတွက် ကြံစည်ရှာဖွေကြပါသည်။ ရရှိခဲ့လျှင်လည်း မည်ကဲ့သို့ ပြုလုပ်စားသုံးရမည်ဟု စဉ်းစားပြီး ကြံဆနေကြ ပါသည်။ စခန်းရှိ ကျောင်းသားများသည် ဒေသအမျိုးမျိုးမှ ရောက်ရှိလာကြ သူများဖြစ်သဖြင့် ၎င်းတို့ဒေသ အတွေ့အကြုံများအား ဖြန့်ဝေစားမှုများ ကြောင့် နည်းပညာအမျိုးမျိုးနှင့် အသီးအရွက်အစုံစုံ၊ ပိုးကောင်သားကောင် အစုံစုံတို့အား မည်ကဲ့သို့ဖမ်းယူပြီး၊ မည်ကဲ့သို့ ချက်စားရသည်ကို တီထွင် ကြံဆမှုမျိုးစုံဖြင့် လိုအပ်နေသော အာဟာရအား ဖြည့်ဆီးလျက်ပင်ရှိပါ သည်။



Generated by CamScanner from intsig.com

တစ်ခါတလေလည်း မစားသင့်သော ဖားလောင်းများအား စားသောက်မှုကြောင့် အစာအဆိပ်သင့်မှုများလည်း ရှိခဲ့ပါသည်။ အသက်သေလောက်သော အဆိပ်သင့်မှုများတော့ မဖြစ်ကြပါ။ တောထဲတွင်ရရှိသော ရိက္ခာများနှင့် ရေရှည်စားသောက်ကြရသောအခါ ခန္ဓာကိုယ်အတွင်း လိုအပ်သော အာဟာရတို့ကြောင့် အသားအရေများ ညစ်ထေးမှုဖြစ်ခြင်း၊ ခြောက်သွေ့ခြင်း စသည်တို့နှင့် ကြမ်းတမ်းသော စစ်ရေးလေ့ကျင့်မှုများအား ပြင်းထန်စွာ မလေ့ကျင့်နိုင်ခြင်းများ ဖြစ်ပေါ်ကြပါသည်။

စခန်းသို့လာရောက်သော ဧည့်သည်များမှသော်လည်းကောင်း၊ ရဲဘော်များ၏ ထင်းခုတ်၊ မီးသွေးဖုတ် စသည့်ဝင်ငွေများဖြင့်သော်လည်းကောင်း အသားငါးများစားသုံးရခြင်းများရှိသော်လည်း ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရအား ပြည့်စုံစွာ မဖြည့်နိုင်ပါ။ တချို့ဧည့်သည်များမှ နွားအရှင်များဝယ်ပေးခြင်း၊ ဝက်အရှင်များဝယ်ပေးခြင်း၊ ကြက်အရှင်များဝယ်ပေးခြင်းတို့ဖြင့် ကူညီပေးမှုများရှိပါသည်။ များပြားသောအင်အားများနှင့် ပုံမှန်စားသောက်ရခြင်း မရှိသောကြောင့် အာဟာရပြတ်ရခြင်းများ ဖြစ်ပါသည်။ ကျွန်တော်တို့၏ခန္ဓာကိုယ်တွင်းရှိ ငှက်များပိုးက သွေးသားများကို ကိုက်ယူစားသုံးမှုကြောင့်ခြင်း ခွန်အားများဆုံးရှုံးခြင်းလည်း ရှိပါသည်။

နွားအရှင်များနှင့်၊ ဝက်အရှင်များကိုတော့ လုပ်တတ်ကိုင်တတ်သောသူများမှ လုပ်ကိုင်ပြီး ဝေငှပေးခြင်းများ ပြုလုပ်ကြပါသည်။ ကြက်အရှင်ကိုတော့ မိမိဘာသာ လုပ်ကိုင်ပြီး ချက်ပြုတ်ရခြင်းဖြစ်ပါသည်။

ရန်ကုန်ကျောင်းသားများ၏ ဝါးခုတ်အတတ်ပညာ မရှိမှုကြောင့် ဝါးရုံမှဝါးလုံးအား ဓားဖြင့် အချက်ပေါင်းများစွာ ခုတ်ယူပြီး ဝါးပြတ်သွားသော်လည်း ၎င်းဝါးလုံးသည် မိမိလက်ဝယ်သို့ မရောက်၊ ဝါးရုံနှင့်လည်း ညိစွန်းပြီး ဆွဲထုတ်ယူလို့ မရရှိကြောင်းကို တစ်ဖက်စာမျက်နှာများတွင် ရေးခဲ့ပြီးဖြစ်ပါသည်။ ထိုအတူ ကြက်သတ်ခြင်း အဆင်မပြေမှုကြောင့် ထမင်းစားပြန်လာသော ရဲဘော်ကျောင်းသားများ ဟင်းမဲ့ထမင်း စားရခြင်းအား ရေးရပါဦးမည်။

---

ရန်ကုန်ကျောင်းသား အများစုတို့သည် အရာရာ မိဘအပေါ်တွင် မှီခိုနေကြသူများဖြစ်ကြသည်။ ထို့ကြောင့် အကြောင်းတစ်စုံတစ်ခုကြောင့် မိမိဘာသာ ရပ်တည်နေထိုင်စားသောက်ရမည် ဖြစ်သောအခါ အခက်အခဲများ ဖြစ်ပေါ်ကြသည်။

အစားအသောက်များ တပ်ခွဲအလိုက် စားသောက်ကြခြင်းဖြစ်သည်။ မီးဖိုချောင်အား အလှည့်ကျ ဝင်ရောက်ပြီး ချက်ပြုတ်ရခြင်းဖြစ်သည်။ ကျန်သည့်ရဲဘော်များသည် သင်တန်းတက်နေပြီး ထမင်းချက်တာဝန်ကျသူများသည် ထမင်းချက်၊ ဟင်းချက်ရန်ဖြစ်သည်။ ဟင်းချက်ရန်တာဝန်ကျသူသည် ဟင်းလျာအတွက် မိမိတွင်ရှိသော ရိက္ခာ၊ သို့မဟုတ် အပြင်မှ ရှာဖွေပြီး ရရှိသော အသီးအရွက် စသည်တို့ဖြင့် ဟင်းဖြစ်ရန် ဖန်တီးရပါသည်။ မီးဖိုချောင်အတွက် ရိက္ခာမရှိသောကြောင့် ဟင်းချက်မထားခြင်း မရှိပါ။ တစ်နည်းနည်းဖြင့်တော့ ဟင်းဖြစ်ရန် ဖန်တီးထားရစမြဲဖြစ်ပါသည်။ သင်တန်းတက်နေသော ရဲဘော်များသည် သင်တန်းပြုတ်သည်နှင့် မိမိအဆောင်သို့ ပြန်လာပြီး အလွန်ဆာလောင်နေသော ဝမ်းအား ရှိသည့်အစားအသောက်များဖြင့် ဖြည့်ခြင်းဖြစ်သည်။ ထို့ကြောင့် မီးဖိုချောင်တာဝန်ကျသူသည် ကိုယ်ချင်းစာစွာဖြင့် အချိန်မီ ရှာဖွေချက်ပြုတ်ထားခြင်းဖြစ်သည်။

တစ်နေ့တော့ ရန်ကုန်သားများစုသော တပ်ရင်း ၂၀၄ တပ်ခွဲတစ်ခွဲတွင်ဖြစ်ပါသည်။ တပ်ခွဲရိက္ခာအဖြစ် ကြက်အရှင်များ (ဥစားကြက်၊ ဥကုန်ကြက်မများ ) တပ်ခွဲတစ်ခွဲလျှင် တစ်ကောင်နှုန်း ပေးထားပါသည်။ တပ်ခွဲရှိရဲဘော်များလည်း ဒီနေ့တော့ ကြက်သားဟင်းနှင့် ထမင်းစားရမည်ဟု မျှော်လင့်ပြီး ပျော်ရွှင်လျက် စိတ်ကူးဖြင့် ကြက်သားဟင်းအရသာအား ခံစားလျက် ရှိနေကြသည်။ သင်တန်းပြုတ်လျှင်တော့ ကြက်သားဟင်း၊၊ ဆန်ကွဲထမင်းတို့နှင့် အားရပါးရစားသောက်ပြီး စေတ္တခဏ အနားယူဖိပ်ခံကြမည်ဟု ကြိုတင်စိတ်ကူးပြီး အရသာခံနေကြခြင်းဖြစ်သည်။

ငင်းနေ့ ထမင်းချက်တာဝန်ကြသည့်အဖွဲ့သည် တပ်ခွဲတွင် ဘာလုပ်လုပ် တလွဲလုပ်သောအဖွဲ့ ဖြစ်နေခြင်းပင်ဖြစ်သည်။ မိဘအိမ်တွင်



Generated by CamScanner from intsig.com

လည်း လှုံ့ဆော်ကြော်ငြာနေရခြင်းနှင့် ကိုယ်တိုင်ကလည်း လေ့လာမှုအားနည်းခြင်း ရှိသောသူများ ဖြစ်နေခြင်းပင်ဖြစ်သည်။ သင်တန်းတက်နေသော ရဲဘော်များသည် ၎င်းကိစ္စအတွက် စိတ်ထဲတွင်တော့ တထင့်ထင့် ရှိနေကြသည်။ သို့သော် ကိုယ့်တာဝန်နှင့်ကိုယ် ဖြစ်သည့်အတွက် ဘာမှမပြော။ ကိုယ့်အလုပ် ကိုယ်လုပ်နေကြခြင်းဖြစ်သည်။

သင်တန်းပြီး ဝိစိမှတ်သောအခါ ရဲဘော်များသည် မိမိတို့၏ အဆောင်များသို့ အပြေးအလွှားရောက်ရှိလာပြီး ဆာဆာနှင့် ထမင်းခူးပြီး ဟင်းကို ကြည့်လိုက်သောအခါတွင် ကြက်အကောင်လိုက်သည် မီးဖိုပေါ်ရှိ ရေနွေးအိုးထဲတွင်ပင် ရှိသေးသည့်အဖြစ်ကြောင့် အားလုံးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဖြစ်စဉ်အား ဝိုင်းမေးကြပါတော့သည်။

အဲဒီတော့မှ မီးဖိုချောင်တာဝန်ကျသည့်အဖွဲ့သည် ကြက်သတ်ခြင်း နည်းပညာအား ရှင်းပြပါတော့သည်။

သူတို့က ပထမ ကြက်အား ရိုက်သတ်ပြီး ကြက်သေအား ရေနွေးဖြင့် အမွေးနုတ်ရန်အတွက် ရေနွေးအိုးတည်ပြီး ကြက်အား ရေနွေးအိုးထဲသို့ ထည့်ရန်အတွက် ကြက်သွားယူသောအခါ သတ်ပြီးထားသောနေရာတွင် မရှိသဖြင့် လိုက်ပြီးရှာရာ ချုံတစ်ခုထဲမှ ပြန်လည်တွေ့ရှိပြီး မီးဖိုချောင်ထဲသို့ ရောက်သောအခါ ပြန်ရိုက်သတ်ပါသည်။

မီးဖိုပေါ်ရှိ ရေနွေးအိုးလည်း မီးထိုးသည့်သူ မရှိသည့်အတွက် ရေနွေးလည်း မပူသဖြင့် ပြန်ပြီး မီးမွှေးပြန်တည်ရပါသည်။ ၎င်းနောက် ကြက်အားကြည့်ရာ ကြက်အား မတွေ့ရပြန်သဖြင့် ပြန်ရှာရပါသည်။ ဒီတစ်ခါ ကြက်ကိုတွေ့တော့ မီးဖိုချောင်အဖွဲ့သည် အချိန်လည်းလင့်၊ ကြက်ကိုလည်း စိတ်တော်တော်တိုနေပါပြီ။ မီးဖိုပေါ်က ရေနွေးအိုးကလည်း ဒီတစ်ခါတော့ ဆူနေပြီဖြစ်ပါသည်။ ကြက်ကိုလည်း ရှာလို့တွေ့ပြီ။

ဒီကြက်က ရိုက်လို့မသေတဲ့အကောင်။ သေအောင်လုပ်မယ်ဆိုပြီး ဝဉ်းတီတုံးပေါ် ကြက်ကိုတင်ပြီး လည်ပင်းကနေပြီး ဓားမဖြင့် ခုတ်ချလိုက်



Generated by CamScanner from intsig.com

ပါသည်။ ခေါင်းတခြား ကိုယ်တခြားဖြစ်သွားသောကြက်အား ဒီတစ်ခါတော့ သေပြီ၊ မင်း ဘာတတ်နိုင်သေးလဲကွဆိုပြီး ၎င်းကြက်ခန္ဓာကိုယ်အား ရေနွေးအိုးထဲသို့ ထည့်လိုက်ပါသည်။ ခေါင်းမပါသော ကြက်သည် ရေနွေးအိုးထဲမှ နေပြီး ခုန်ပြီး ဦးခေါင်းမပါသော ကြက်ကြီးသည် ခြေဦးတည့်ရာ ပြေးပါတော့သည်။ သွေးများကလည်း ပန်းထွက်ပြီး ပြေးပါတော့သည်။ ထိုအခါ ၎င်းပုဂ္ဂိုလ်များသည် ၎င်းကြက်အား ပြန်ဖမ်းပြီး ဒီကောင် ခြေထောက်ရှိနေလို့ ဒီလိုပြေးတာဆိုပြီး စဉ်းတီတုံးပေါ်ပြန်တင် ခြေထောက်နှစ်ချောင်းအား ခုတ်ဖြတ်ပြန်ပါသည်။ ၎င်းနောက် ရေနွေးအိုးထဲသို့ ပြန်ပြီးထည့်ပါသည်။

ခေါင်းမရှိသော ကြက်၊ ခြေမရှိသော ကြက် ရေနွေးအိုးထဲသို့ ရောက်သောအခါ အတောင်ပံများ တဖြန်းဖြန်းရိုက်သောကြောင့် ၎င်းတို့အား ရေနွေးပူများ စင်ကုန်ပါသည်။ ၎င်းတို့လည်း စိတ်တိုတိုနှင့် ၎င်းကြက်အား တစ်ခုခုလုပ်ရဦးမည်လို့ စိတ်ကူးနေချိန်တွင် မီးဖိုပေါ်တွင် (ခနော်ခနဲ့) တင်ထားသော ရေနွေးအိုးလည်းမှောက်ပြီး မီးများလည်း ငြိမ်းကုန်ပါသည်။ ၎င်းနောက် ၎င်းတို့သည် တစ်ဦးက ကြက်ကိုပိုက်ထားပြီး တစ်ဦးက မီးမွှေးခါ ပြန်ပြီးအမွေးနုတ်ရန်အတွက် ရေးနွေးအိုးတည်မည်ဖြစ်သည်။ ကြက်ကို ပိုက်ထားသော ရဲဘော်မှာ တစ်ကိုယ်လုံးတွင် ကြက်သွေးများဖြင့် ပေကျံလျက်ရှိသည်။

ထမင်းစားရန်အတွက် သင်တန်းတက်ရဲဘော်များ ပြန်ရောက်သောအချိန်တွင် ခြေထောက်မရှိ၊ ခေါင်းမရှိသော ကြက်သည် ပွက်ပွက်ဆူသော ရေနွေးအိုးထဲတွင်ပင် ရှိနေပြီး ကြက်မွေးနုတ်ရန်အတွက် ရေနွေးပြောရန် လုပ်ရမည်ဖြစ်သော်လည်း ကြက်၏အရေခွံရော၊ အသားများပါ ပွဲကုန်ပြီး ကြည့်ရှုလို့မကောင်းတော့ပါ။

တောထဲတွင် ကြက်သတ်လို့မသေခြင်းမှာ ဟိုကိစ္စများ၊ ဒီကိစ္စများကြောင့် မဟုတ်ပါ။ ကြက်မသေရခြင်းအကြောင်းမှာ ကြက်အား မသတ်တတ် ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပထမအကြိမ်သတ်တုန်းက ထင်းချောင်း



Generated by CamScanner from intsig.com

ဖြင့် ရိုက်ခြင်းဖြစ်ပြီး ငှက်ကိုယ်အား ရိုက်သဖြင့် မူးမေ့ပြီး မသေခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ်လည်း ၎င်းနည်းအတိုင်းလုပ်သဖြင့် မသေခြင်းဖြစ်ပါသည်။ တတိယအကြိမ် ခေါင်းဖြတ်သတ်ခြင်းတွင်လည်း သတ္တဝါများသည် ခေါင်းဖြတ်သော်လည်း နှလုံးခုန်နေဆဲဖြစ်သဖြင့် ငှက်ကိုယ်အစိတ်အပိုင်းများသည် အလှုပ်လှုပ်နေခြင်းကြောင့် ထပြေးခြင်းဖြစ်ပါသည်။ ကြက်များသတ်သောအခါ ကြက်များသည် ငါးမိနစ်၊ ဆယ်မိနစ်ကြာမျှ ငှက်ကိုယ်လှုပ်ရှားရုန်းကန်ပြီး အသက်ထွက်ခြင်းဖြစ်ပါသည်။ အရာရာတွင် နည်းစနစ်များရှိပါသည်။ ၎င်းနည်းစနစ်မသိသောကြောင့် အလွန်ဆာလောင်နေသော ရဲဘော်များသည် ထမင်းအား ထားခြုံပြီး စားသောက်ကိုက်ရပါသည်။

# စစ်ရေးလေ့ကျင့်မှုသင်တန်းနှင့် နိုင်ငံရေးသင်တန်း

❑

ကျွန်တော်တို့ ဝေနီးအကွင်းသို့ အားလုံး အခြေချရောက်ရှိပြီးသော အခါတွင် K N U အထူးတပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးရောဘတ်ဇံမှ ကျောင်းသား ကျောင်းသူများကို စစ်ပညာအခြေခံများ သင်ကြားပေးပါသည်။ ဗိုလ်မှူးရောဘတ်ဇံသည် K N U ခေါင်းဆောင်ကြီး မန်းဘတ်ဇံ၏ သားဖြစ်ပါသည်။ ၎င်းသည် စစ်ရေးအတွေ့အကြုံကောင်းမွန်ပြီး စစ်ပညာ ကောင်းမွန်ပါသည်။ အထူးကျွမ်းကျင်သည်မှာ ဖောက်ခွဲရေးဖြစ်သည်။ ဗိုလ်မှူးရောဘတ်ဇံမှ ၎င်းပိုင်ဆိုင်သော စစ်လက်နက်များအား ကျောင်းသားများသို့ ငှားရမ်းထားပါသည်။

ငှက်ဖျားပေါသောဒေသတွင် လှုပ်ရှားနေမှ တော်တော်ကျပည်။ ဝေဒနာအားနှင့် ငှက်ဖျားရောဂါဝင်ရှိနေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် စစ်ပညာလည်းတတ်အောင်၊ ကျန်းမာရေးလည်းကောင်းအောင်၊ လွှင့်ပါးနေသောစိတ်များလည်း တည်ငြိမ်မှုရှိပြီး အလုပ်ထဲတွင် နစ်ဝင်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။



Generated by CamScanner from intsig.com

ဗိုလ်မှူးရောဘတ်ဇံသည် ကျောင်းသားများနှင့် အနီးကပ်ဆုံးနေထိုင်ပြီး စစ်ပညာရပ်များ၊ ဖောက်ခွဲရေးပညာရပ်များ၊ နိုင်ငံရေးသဘောတရားများအား စိတ်ရှည်လက်ရှည် သင်ပြပေးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ မှတ်တမ်းတင်ထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းအချိန်တွင် A.B.S.D.F ဗဟိုကော်မတီဥက္ကဋ္ဌ ကိုထွန်းအောင်ကျော်နှင့် အတွင်းရေးမှူး ကိုသန်းဝင်းတို့ထံမှ ညွှန်ကြားချက် ရောက်ရှိလာပါသည်။ စခန်းရှိကျောင်းသားများအား တပ်ရင်းများဖွဲ့စည်းရန်နှင့် တပ်ရင်းနံပါတ် ၃ ရင်းစာ ပို့လိုက်ပါသည်။ ကျွန်တော်တို့သည် အင်အားများသောကြောင့် တပ်ရင်း ၃ ရင်းနှင့် မရပါ။ ထို့ကြောင့် တပ်ရင်း ၅ ရင်း ဖွဲ့လိုက်ပါသည်။ ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၁၆၊ အထူးတပ်ရင်း /ဆေးတပ်ခွဲ စသည်တို့ ဖြစ်ပါသည်။

| | | |
|---|---|---|
| တပ်ရင်း ၂၀၄ | တပ်ရင်းမှူး | ဆက်အောင်နိုင် |
| တပ်ရင်း ၂၀၅ | တပ်ရင်းမှူး | ကိုထွန်းထွန်း |
| တပ်ရင်း ၂၀၆ | တပ်ရင်းမှူး | ဦးမျိုးချစ် |
| တပ်ရင်း ၂၁၆ | တပ်ရင်းမှူး | ကိုသန်းနိုင် |
| အထူးတပ်ရင်း | တပ်ရင်းမှူး | ကိုစိုးမိုးဦး |

(နောက်ပိုင်း ဗဟိုကော်မတီ ထောက်လှမ်းရေးမှူး)

| | |
|---|---|
| ဆေးတပ်ရင်း | ဒေါက်တာထွန်းနိုင် |
| စစ်သင်တန်းကျောင်း၊သင်တန်းမှူး | × × × × × × × × × |
| | × × × × × × × × × |

ထို့ပြင် ဖွဲ့စည်းထားပြီး နိုင်ငံရေးမှူးများ ဥပဒေပညာရှင်များ၊ ဆေးပညာရှင်များ စသည်တို့သည် ကျွန်တော်တို့နှင့်အတူတူ တောခိုလာကြသော ပညာရှင်များဖြစ်ကြပြီး ၎င်းတို့မှ တာဝန်ယူသင်တန်းပို့ချကြပါသည်။ ပြည်ပမှ ပညာရှင်များလည်း အလှည့်ကျလာရောက်ပြီး ဘာသာစကား၊ နိုင်ငံရေး၊ စစ်ရေး စသည်တို့အား သင်ကြားပေးကြသည်၊ ဥရောပနိုင်ငံများ၊



Generated by CamScanner from intsig.com

အာရှနိုင်ငံများ၊ နိုင်ငံခြားတက္ကသိုလ်ကျောင်းများမှ ကျောင်းသူကျောင်းသားများ လုပ်သင့်သော အလုပ်များ၊ ပေးသင့်သာအရာများ စသည်တို့ကို လာရောက်ကူညီကြသည်။ ထို့အပြင် အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ စသည့်နိုင်ငံများမှ NGO များသည် အုပ်စုလိုက်၊ တစ်ဦးချင်းအလိုက် လာရောက်ကူညီပြီး အတွေ့အကြုံများ ဖလှယ်ကြပါသည်။

တစ်နေ့တော့ S အောင်လွင်နှင့် ကိုနေဦးတို့သည် အမေရိကန်၏ လက်ရှိ အောက်လွှတ်တော်အမတ် ဒန်နာရိုရာဘာချာအား စခန်းသို့ ခေါ်ဆောင်ခဲ့ပါသည်။ ၎င်းသည် ထိုင်းနိုင်ငံအားဖြတ်သန်းပြီး ကျွန်တော်တို့ တောထဲစခန်းသို့ လျှို့ဝှက်စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့အပေါ် စာနာကြောင်းနှင့် အနီးကပ်ရှိနေမည်ဖြစ်ကြောင်းများ ပြောဆိုသွားပါသည်။

အနုပညာဖြင့် ရန်ပုံငွေရှာခြင်း၊ ကျွန်တော်တို့စခန်းတွင် နိုင်ငံကျော်အဆိုတော် မွန်းအောင်ရှိပါသည်။ စခန်းရှိ ဂစ်တာတီးတတ်သော ရဲဘော်များ၊ သီချင်းဆိုတတ်သော ရဲဘော်များ စုစည်းပြီး တပ်တွင်း ဖျော်ဖြေပွဲများနှင့် အနီးအနားရွာများသို့ ဖျော်ဖြေပွဲများ လုပ်ကြပါသည်။ ကျောင်းသားများ ရေးစပ်ထားသော သီချင်းများကို စုစည်းပြီး အသံသွင်းကာ ၎င်းသီချင်းခွေအား ရောင်းချပါသည်။ ၎င်းငွေကြေးများဖြင့် တီရှပ်အင်္ကျီအဖြူတွင် လက်ဖြင့် စခန်းပုံဆွဲပြီး ရောင်းချကာ၊ ရသောရန်ပုံငွေများကို စုစည်းပြီး လက်နက် ဆေးဝါးများ လိုအပ်သလို ဝယ်ယူဖြည့်ဆည်းပါသည်။

A.B.S.D.F ဖွဲ့ပြီးဖြစ်သောကြောင့် စစ်စခန်းအဖြစ် တပ်ရင်းများ ဖွဲ့ရမည်ဖြစ်သည်။ ခွဲတန်းအရ တပ်ရင်း ၃ ရင်း ဖွဲ့ရမည်။ ၎င်းတပ်ရင်း ၃ ရင်း ဖွဲ့ရန် တရရှိချိန်တွင် ကျွန်တော်တို့စခန်းများတွင် ကျောင်းသားအင်အား ၅ ထောင်ကျော်လောက် ရှိနေပါသည်။ ဖွဲ့စည်းပုံထက် ပိုပြီး ဖွဲ့ရတော့မည်။ ကျွန်တော်တို့ သေ့ဘောဘိုးစခန်း၏ တပ်ရင်းနံပါတ် ၃ ခုထက်ပိုပြီး ဖွဲ့ရတော့မည်။ တပ်ရင်း ၂၀၄၊ ၂၀၅၊ ၂၀၆၊ ၂၁၆ ဆေး တပ်ရင်း / အထူးတပ်ရင်း ဆိုပြီး ၅ ရင်းဖွဲ့လိုက်ပါသည်။ ဖွဲ့စည်းပုံကတော့ လူဦးရေ အလွန်ကျော်နေပါသည်။



Generated by CamScanner from intsig.com

သို့သော်လည်း စခန်းအသီးသီးတွင် နေစဉ် လှုပ်ရှားမှုများ သိသိသာသာ လျော့လျက်ရှိသည်။ ပြန်စွင့်တောင်းပြီး ပြန်သည့်သူရှိသလို မိမိသဘောနှင့် ပြန်သည့်သူများလည်း ရှိကြသည်။ ကျွန်တော်တို့ မည်ကဲ့သို့မှ မတားနိုင်ပါ။ ၎င်းတို့ ကျန်းကျန်းမာမာနှင့် အိမ်သို့ရောက်ရှိစေရန်အတွက်သာ ဆုတောင်းရုံရှိပါသည်။ မိမိတတ်နိုင်သည်မှာ အန္တရာယ်ရှိလမ်းကြောင်းနှင့် အန္တရာယ်မရှိ လမ်းကြောင်းများအား ညွှန်ပြရုံသာရှိပါသည်။

ကျွန်တော်တို့ ကျောင်းသားများနှင့်အတူ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ဝန်ထမ်းများ၊ ရဲဘော်ဟောင်းများ၊ ဆေးကျောင်းသားများ၊ အနုပညာရှင်များ စုံကြပါသည်။ စခန်းသို့ရောက်သောအခါတွင် မိမိတို့ တတ်ကျွမ်းသည့် ပညာများဖြင့် တာဝန်ထမ်းဆောင်ကြပါသည်။ ဆရာဝန်များနှင့် ဆေးကျောင်းသားများသည် ဆေးကုသခြင်း၊ ဆေးပညာသင်ကြားပေးခြင်း၊ ရဲဘော်ဟောင်းများမှ စစ်ပညာများသင်ကြားပေးခြင်း စသည်များဖြင့် တော်လှန်ရေးအတွက် အကျိုးပြုပါသည်။ အနုပညာရှင်များမှလည်း အားသည့်အချိန်တွင် ဖျော်ဖြေပေးခြင်းများ ဆောင်ရွက်ကြပါသည်။

ရုပ်ရှင်သရုပ်ဆောင်လောကမှ နာမည်ကြီးဒါရိုက်တာ မင်းသားတစ်ဦးနှင့် စတူဒီယိုအဆိုတော်များလည်း သေ့ဘောဘိုးစခန်းသို့ တောခိုရောက်ရှိလာပါသည်။ ကျွန်တော်တို့စခန်းသို့ ရောက်ရှိလာသော အနုပညာရှင်များသည် မိမိတို့အပေါ် ကျရာတာဝန်များ ယူကြပါသည်။ တောတွင်းစခန်းသို့ ရဲဘော်များနှင့်အတူ စစ်သင်တန်းများကို ဆင်းရဲစွာ သင်ယူကြပါသည်။ ၎င်းအချိန်တွင် ရန်ကုန်တွင်ရှိသော ရုပ်ရှင်မင်းသားမိသားစု၏ နောက်ပိုင်းပြဿနာပေါ်နေကြောင်း သတင်းရောက်ရှိခဲ့သည်။ ၎င်းရုပ်ရှင်မင်းသားမှ ကျွန်တော်တို့အား ရန်ကုန်ပြန်ရန်အတွက် တိုင်ပင်ပါသည်။

ကျွန်တော်တို့အားလုံးမှလည်း ကူညီနိုင်သည့်ကိစ္စများအား ကူညီပေးပြီး တစ်ဖက်နိုင်ငံမှတစ်ဆင့် ပြန်ထွက်ရန် လမ်းညွှန်ဆောင်ရွက်ပေးလိုက်ပါသည်။ ၎င်းရုပ်ရှင်မင်းသား၊ တရေးသူ၊ ကိုကိုဦး၊ ကိုလှအောင်၊ ကိုစိန်



Generated by CamScanner from intsig.com

ထွန်း (ဆေးကျောင်းသား)နှင့် ကိုအောင်နိုင်(ဆေးကျောင်းသား) တို့သည် သေ့ဘောဘိုးရှေ့တန်းရှိ A.B.S.D.F စခန်း ကော်မတီရုံးခန်းတွင် အတူနေကြသူများဖြစ်သည်။ ၎င်းမင်းသားသည် ထင်ရှားသောမင်းသား ဖြစ်သောကြောင့် ရန်ကုန်သို့ ရောမွှေ့ဇွာ ရောက်ရှိပါသည်။ ယခုအချိန်ထိ အောင်မြင်ကျော်ကြားသော ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ မင်းသားတစ်ဦးအဖြစ်ဖြင့် အောင်မြင်လျက်ရှိသည်။

ကျွန်တော်တို့ တပ်ရင်းများဖွဲ့ပြီးသောအခါ ပြောက်ကျားယူနီဖောင်းများ၊ ဦးထုပ်များ၊ စစ်ဖိနပ်များ၊ ခါးပတ်၊ ကျောပိုးအိတ်၊ လက်မောင်းတံဆိပ်၊ ရင်ထိုး စသည့်ပစ္စည်း အစုံအလင်ရောက်ရှိလာပါသည်။ စစ်လက်နက်မှလွဲ၍ ကျန်ပစ္စည်းများ ရောက်ရှိလာပါသည်။

တောခိုကျောင်းသားများနှင့် အတူပါရှိလာသော မြန်မာ့တပ်မတော်သား ရဲဘော်ဟောင်းများမှ စစ်ပညာများ သင်ကြားပေးရန်ဖြစ်သည်။ စခန်းတွင်လည်း စခန်းကော်မတီ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပါသည်။ ဥက္ကဋ္ဌအဖြစ် S အောင်လွင် တာဝန်ယူချိန် စစ်သင်တန်းပေးရန် တာဝန်ပေးအပ်ပြီး နည်းပြချုပ်၊ နည်းပြ၊ တွဲဖက်နည်းပြ စသည်တို့ဖွဲ့စည်းပေးပြီး စစ်ပညာများကို မြန်မာ့တပ်မတော် စစ်ပညာနည်းအတိုင်း သင်ကြားကြပါသည်။

A.B.S.D.F အဖွဲ့အား ၎င်းအချိန်အထိ နိုင်ငံတကာမှ အစိုးရများသည်လည်းကောင်း၊ လူမှုအဖွဲ့အစည်းများသည်လည်းကောင်း အပြည့်အဝကူညီခြင်း မရှိသေးပါ။ မသေထပင်း၊ မသေဟင်းနှင့် အရက်လုံရန်အတွက် အဝတ်အထည်အချို့သာ ရရှိနေခြင်းဖြစ်ပါသည်။

ကျောင်းသားရဲဘော်များ၊ ရဲမေကျောင်းသူများတို့သည် အာဟာရချို့တဲ့မှုများ၊ ကျန်းမာရေးချို့တဲ့မှု စသည့် အခက်အခဲများကြားမှ ကြိုးကြိုးစားစား သင်ယူကြပါသည်။ စခန်းမှ ခေါင်းဆောင်များလည်း တစ်ဦးတစ်ယောက်မကျန် စစ်ပညာများကို သင်ယူကြသည်။ ကျောင်းသူများသည် စစ်ပညာ၊ နိုင်ငံရေးသင်တန်း၊ သူနာပြုပညာများ၊ အချိန်ပြည့် သင်ယူကြသည်။

ကျောင်းသားများကတော့ စစ်ပညာ၊ အထူးတိုက်ခိုက်ရေးပညာ၊ နိုင်ငံရေးပညာရပ်များကို သင်ယူကြသည်။ ကျွန်တော်တို့သည် သင်ကြားပေးသော စစ်ပညာရပ်များကို အားကြိုးမာန်တက် စနစ်တကျ လေ့လာသင်ယူကြပါသည်။ စစ်ပညာများကို မြန်မာ့တပ်မတော်သား ရဲဘော်ဟောင်းများထံမှ စခန်းသိမ်းတိုက်ပွဲပညာရပ်၊ တောတွင်းတိုက်ပွဲပညာရပ်၊ ညတိုက်ပွဲပညာရပ်၊ ချုံခိုတိုက်ခိုက်နည်းပညာရပ်၊ ခုခံစစ်ပညာရပ်၊ ဖောက်ခွဲရေးပညာရပ် စသည့်ပညာရပ်များကို ပင်ပန်းဆင်းရဲစွာ သင်ယူကြရပါသည်။

နေ့ခနေ့ညည မနားမနေ ခက်ခက်ခဲခဲသင်ယူကြပြီး ကြားရက်များတွင် နိုင်ငံခြားစစ်ပညာရှင်များမှလည်း ရန်သူ့စခန်းများ၊ အဆောက်အဦများ အနီးကပ်တိုက်ပွဲများတွင် လိုက်နာရမည့် ပညာရပ်များကို လာရောက်သင်ပြပေးကြပါသည်။ ပင်ပန်းဆင်းရဲစွာ သင်ယူနေကြရသော်လည်း စားသောက်ရသည်မှာ အာဟာရပြည့်ဝသော အစားအသောက်များ စားသုံးရခြင်းမရှိပါ။ စစ်သင်တန်းများ ပင်ပင်ပန်းပန်း တက်ရသောအချိန်ရောက်မှ ရိက္ခာအခက်အခဲများ ဖြစ်ပေါ်လာပါသည်။

နိုင်ငံခြားရောက် မြန်မာများမှပေးပို့သော ရိက္ခာများ၊ အစားအသောက်များသည် တစ်လတစ်ကြိမ်လောက်သာ စားရပါသည်။ ကြားရက်များတွင် ဆီမရှိ၊ ဆန်က ၄ ပိုင်းကျိုး၊ ငါးပိကောင်ခြောက် စသည်တို့နှင့်ပဲ အဆင်ပြေအောင် စားသောက်ရပါသည်။ တောထဲတောင်ထဲမှရရှိသော သစ်ဥ၊ သစ်ရွက် စသည်တို့ကိုလည်း အလျဉ်းသင့်သလို စားရပါသည်။ ဤကဲ့သို့ အသီး၊ အသား စသည်တို့အား အချိန်ကြာမြင့်စွာ မစားသောက်ရသောကြောင့် ကျွန်တော်တို့၏ အသားအရေများသည် ဝါတာတာ၊ ဖျော့တော့တော့ ဖြစ်လာပါသည်။

မျက်နှာများတွင် အဆီတတ်မရှိ၊ နှုတ်ခမ်းများလည်း ခြောက်ခေသွေ့စသည်ဖြင့် ဇီဝကမ်းချို့ယွင်းမှုကြောင့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများသည် ပုံမှန်မရှိတော့ပါ။ သို့သော် ကျောင်းသားကျောင်းသူများသည် ညည်းညူငြီးငြင်ခြင်းမရှိပါ။ သင်တန်းများကို မပျက်မကွက် ကြိုးစားသင်ယူကြပါသည်။

စိတ်ကူးသစ်တပေ

နည်းနည်းပါးပါးရှားလှျှင်ပင် သင်တန်းအပျက်မခံပါ။ ကြိုးစားပြီး သင်ယူကြပါသည်၊ မည်သည့်အတွက်ကြောင့် ဤမျှ ဒုက္ခအဆင်းရဲခံပြီး သင်ယူနေရသနည်း။ ရှင်းပါသည်၊ မြန်မာပြည် ဗိုဗိုအိမ်ကထွက်ခွာလာကတည်းက စိတ်ထဲက ပိုင်းဖြတ်ထားပြီးဖြစ်သည်။

ကျဆုံးသွားသော ညီအစ်ကိုမောင်နှမများ၊ ကျောင်းသားကျောင်းသူများ၊ အာဏာရှင်လက်အောက်တွင် ကျရောက်နေသော မိဘပြည်သူများနှင့် ကျောင်းသူကျောင်းသားများအတွက် တော်လှန်ရေးကြီး အောင်မြင်အောင်လုပ်ရမည်၊ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းပြည့်ဝပါမှ တော်လှန်ရေးကြီး အောင်မြင်မည်ဟု စံယူကာ ကြိုးကြိုးစားစား သင်ယူနေကြခြင်းဖြစ်သည်။

တစ်နေ့တွင် စခန်းဉက္ကဋ္ဌ S အောင်လွင်သည် နိုင်ငံခြားသားနှစ်ဦးအား စခန်းသို့ ခေါ်ဆောင်လာပါသည်၊ ၎င်းနိုင်ငံခြားသားသည် ကျွန်တော်တို့ စစ်ပညာသင်ယူနေမှုအား ကြည့်ရှုပြီးနောက် ကျွန်တော်တို့၏ အာဟာရမပြည့်ဝသော ပုံများအား ရိုပ်မိသည်နှင့်တူပါသည်၊ စခန်းမှ ရဲဘော် ၃-၄ ယောက်နှင့် ဥက္ကဋ္ဌတို့အား နယ်စပ်သို့ ပြန်လည်ခေါ်ဆောင်သွားပြီး နယ်စပ်နွားရေးမှ နွားအရှင်နှစ်ကောင် ဝယ်ပေးလိုက်ပါသည်၊ ၎င်းနွားများအား ကျောင်းသားကျောင်းသူများအား ကျွေးပါဟုပြောဆိုပြီး လှူဒါန်းသွားပါသည်၊ ဤကဲ့သို့ အသားများအား ၂ လ တစ်ကြိမ်၊ ၁ လ တစ်ကြိမ်လောက်သာ စားရသည်၊ သို့သော် ညည်းညူမှုများ မည်သူကမှမရှိပါ၊ မဖြစ်ဖြစ်အောင် မရမကကြိုးစားပြီး လေ့လာသင်ယူလျက်ပင်ရှိကြသည်။

၎င်းအချိန်တွင် ဗိုဗိုတို့ကျောင်းသူကျောင်းသားများထဲကမှ တတ်သည့်သူက မတတ်သည့်သူကိုသင် စသည့်နည်းအတိုင်း ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်နေပါသည်၊ နောက်ပိုင်းကျမှ ဥရောပနိုင်ငံအချို့မှ စစ်ပညာရှင်များ၊ နိုင်ငံရေးပညာရှင်များ၊ ဘာသာစကားများအတွက် ဆရာများပို့လွှတ်ပေးပြီး သင်ကြားကြပါသည်။

စိတ်ကူးသစ်တပေ

နိုင်ငံခြားမှ ရောက်ရှိလာသော စစ်ပညာရှင်များသည် ၎င်းနိုင်ငံ အစိုးရများမှ လွှတ်ခြင်းမဟုတ်ပါ။ ၎င်းနိုင်ငံအစိုးရများသည် ကျွန်တော်တို့ ကျောင်းသားများအား လူသားချင်း စာနာမှုထားခြင်းသာဖြစ်သည်။ ကျွန်တော်တို့၏ လက်နက်ကိုင်တော်လှန်ရေးကို အသိအမှတ်ပြု အားပေးခြင်း အလျှင်းမရှိပါ။ ၎င်းနိုင်ငံများမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကူညီခြင်းသာဖြစ်သည်။ ၎င်းနိုင်ငံအသီးသီးရှိ အဖွဲ့အစည်းအသီးသီးတို့သည် မိမိတို့နိုင်ငံများမှ စစ်ပညာရှင်များအား ငှားရမ်းပြီး ကျွန်တော်တို့ထံလွှတ်ပြီး စစ်ပညာများနှင့် အခြားပညာရပ်များအား သင်ကြားပေးခြင်းဖြစ်သည်။

နိုင်ငံခြားမှအကူအညီပေးမှုများကို ရှင်းပြပါဦးမည်။ ကျွန်တော်တို့ကျောင်းသားအဖွဲ့အစည်းများအားလုံး၏ အစားအသောက်၊ အဝတ်အထည်၊ ကျန်းမာရေး စသည်တို့၏ ၉၀% လောက်အား နိုင်ငံတကာ၏ အကူအညီပေးမှုဖြင့် ရှင်သန်နေရခြင်းဖြစ်ပါသည်။ ၎င်းကျေးဇူးရှင်များအား အသက်သခင် ကျေးဇူးရှင်များအဖြစ် ကျေးဇူးတင်နေရမည်ဖြစ်သည်။

နိုင်ငံတကာရှိ လူမှုအဖွဲ့အစည်းသော်လည်းကောင်း၊ လူမှုအဖွဲ့အစည်း အမည်ခံသော်လည်းကောင်း ကျွန်တော်တို့အား လူသားချင်းစာနာ ကူညီမှုအား ပြုလုပ်ပေးပါသည်။ ၎င်းကူညီမှုသည် ကျွန်တော်တို့ထံ တိုက်ရိုက်ရောက်ရှိလာခြင်း မရှိပါ။

ကြားခံပွဲစားများကသော်လည်းကောင်း၊ အဖွဲ့အစည်းပွဲစားများမှ သော်လည်းကောင်း ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းအဖွဲ့အစည်းပွဲစားများမှ ၎င်းတို့၏ အကျိုးဆောင်ကုန်ကျစရိတ်၊ အကျိုးဆောင်စရိတ် စသည်တို့အား တရင်းပြနုတ်ယူမှုများရှိပါသည်။ အားလုံးကို မဆိုလိုပါ။ တချို့တို့သည် မိမိရဲ့အဖွဲ့အစည်းထောက်ပံ့မှုနှင့် မိမိကိုယ်တိုင် ထောက်ပံ့မှုများအား စခန်းထဲအရောက် ကူညီသောသူများလည်း ရှိပါသည်။

ပွဲစားများမှ တစ်ဆင့်ခံရောက်ရှိသော အကူအညီများသည် ငွေကြေးပမာဏ များပြားပါသည်။



Generated by CamScanner from intsig.com

ဥပမာ - အဖွဲ့အစည်းတစ်ခုမှ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁ သန်း ကူညီသည်ဆိုပါစို့၊ ၎င်းငွေကြေးရရှိအောင် အကျိုးဆောင်အဖွဲ့မှ ကုန်ကျစရိတ်နှင့် အကျိုးဆောင်ခနုတ်ယူပြီးနောက် လက်ကျန်ငွေအားခေါင်းစဉ်အမျိုးမျိုးဖြင့် အသုံးစရိတ်ပြခြင်းဖြစ်သည်။ ကျောင်းသားစခန်းသုံးရန်အတွက် မည်သည့်ပစ္စည်းများက ဘယ်လောက်၊ နိုင်ငံခြားမှ ပညာရှင်များငှားပြီး သင်ပြစရိတ်က ဘယ်လောက်၊ ၎င်းပညာရှင်များ၏ နေထိုင်စားသောက်စရိတ်က ဘယ်လောက် စသည်တို့ဖြင့် တရင်းတရှက်များသာဖြစ်ကုန်ပါသည်။

တချို့အဖွဲ့အစည်းများက အထက်ပါအတိုင်း ၎င်းတို့ဘာသာ စီမံခန့်ခွဲပြီးနောက် ငွေကြေးစာရင်းပြခြင်းလည်း ရှိပါသည်။ ၎င်းတို့၏ အကူအညီများအား ၎င်းတို့ဘာသာ အပြောင်ရှင်းခြင်းဖြစ်သည်။ ကျောင်းသားစခန်းများ၏ အဓိကလိုအပ်နေသော အရာများ မရရှိတော့ပါ။ နောက်ဆုံးအကျိုးတရားကတော့ ကျွန်တော်တို့ရဲ့မျှော်လင့်ချက်များအတွက် လိုအပ်သောကူညီမှုများ မရသဖြင့် မအောင်မြင်ခြင်းပင်ဖြစ်သည်။

တိုင်းရင်းသားဘာသာစကားလည်း သင်တန်းဖွင့်ပြီး သင်ကြားပေးပါသည်။ ကျွန်တော်တို့ သေ့ဘောဘိုးစခန်းတွင်ရှိသော အဆောက်အဦများကို ဖော်ပြပါမည်။ ပင်မစခန်းမတစ်ခု၊ ၎င်းရှေ့တွင် အလံတိုင်နှင့် ကွင်းပြင်ရှိပါသည်။ ရိက္ခာနှင့် လက်နက်ဂိုဒေါင်တစ်ခု၊ ရုံးခန်း တစ်ခု၊ စာသင်ခန်းများ၊ ဆေးရုံဆေးခန်းများနှင့် အချုပ်ခန်း ၁ ခန်း၊ ရဲဘော် ရဲမေများအတွက် အဆောင်တို့ဖြစ်ပါသည်။

ကျွန်တော်တို့ တစ်နေ့တာလုပ်ငန်းမှာ နံနက် ၇ နာရီတွင် အလံတိုင်ရှေ့တွင် ခွပ်ဒေါင်းအလံအား အလေးပြုရသည်။ ကျဆုံးပြီးသော အာဇာနည်ခေါင်းဆောင်များ ဒီမိုကရေစီတိုက်ပွဲတွင် ကျဆုံးခဲ့သော ရဲဘော်များအား အလေးပြုပြီးနောက် သစ္စာဆိုရပါသည်။ ၎င်းနောက် မိမိကျရာတာဝန်များ ထမ်းဆောင်ရန်အတွက် ကျရာနေရာသို့ သွားရောက်ရပါသည်။

ထမင်းချက်တာဝန်က ထမင်းချက်ရန်၊ သူနာပြုတာဝန်က သူနာပြုရန်၊ ကင်းတာဝန်က ကင်းစောင့်ရန်၊ စစ်သင်တန်းတက်ရမည့်သူများ မိမိတို့၏ သင်တန်းဆရာများထံသို့ ရောက်ရှိပြီး တာဝန်ထမ်းဆောင်ကြသည်။ နေ့လယ်ပိုင်းအချိန်များမှာ ၎င်းနေ့တွင် ကျရောက်နေသည့် သင်တန်းပညာရပ်တစ်ခုခုသို့ တက်ရန်အတွက် သင်တန်းခန်းသို့ဝင်ရသည်။ သင်တန်းပညာရပ်များမှာ နိုင်ငံခြားမှ ပညာရှင်များသင်သော အင်္ဂလိပ်စာပညာရပ်၊ နိုင်ငံရေးပညာရပ်များ၊ စစ်ရေးပညာရပ်များဖြစ်သည်။ စစ်ရေးပညာရပ်များ သင်ကြားရန် နိုင်ငံခြားမှ ပညာရှင်များ ရောက်ရှိနေချိန်တွင် မိမိတို့၏ သင်တန်းများကို ခေတ္တရပ်နားပြီး ၎င်းတို့ထံမှ သင်ယူပါသည်။

ဥရောပနိုင်ငံများမှ စစ်ပညာရှင်များ၊ အာရှနိုင်ငံများမှ စစ်ပညာရှင်များ တော်တော်ကို စုံစုံညီညီ ရောက်ရှိပါသည်။ တစ်နိုင်ငံ ပညာရှင်သင်နေလျှင် တခြားနိုင်ငံက ပညာရှင်အား ဝခန်းသို့ အရောက်မခံပါ။ ၎င်းပညာရှင်ပြီးဆုံးမှ နောက်တစ်ဦးဖိတ်ခေါ်ပြီး သင်ယူစေပါသည်။ ထို့အတူ နိုင်ငံရေးပညာရပ်များကို နိုင်ငံတစ်ခုပြီးမှ နောက်နိုင်ငံတစ်ခုအား သင်ယူမှုပြုစေပါသည်။

နိုင်ငံခြားမှ ပညာရှင်များ သင်ပေးနေချိန်တွင် မိမိတို့ထံက ပညာရှင်များ၊ ခေါင်းဆောင်များသည် အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် အပြုအမူ အပြောအဆိုများ မလုပ်ကြပါ။ မိမိလိုအပ်နေလျှင် ၎င်းတို့ထံမှ ပညာများယူပြီး မလိုအပ်သည့်အရာများ ပါလာလျှင်လည်း ဆိတ်ဆိတ်နေကြပါသည်။

အာရှနိုင်ငံမှ ကျောင်းသားသမဂ္ဂအဖွဲ့များသည် ကျွန်တော်တို့အပေါ် အထူးကူညီကြပါသည်။ အာရှနိုင်ငံမှ ကျောင်းသားများနှင့် ကျောင်းသားသမဂ္ဂအဖွဲ့တို့ မကြာမကြာ လာရောက်ကြပြီး ကျွန်တော်တို့ ဝခန်းများတွင် ညအိပ်ကြကာ လိုအပ်သည့် အကူအညီများပေးပါသည်။ မည်သည့်နိုင်ငံခြားအဖွဲ့ပင်ဖြစ်ဖြစ် ပညာရပ်များသော်လည်းကောင်း၊ အဝတ်အထည်၊

အစားအသောက်များသော်လည်းကောင်း၊ စစ်ဝတ်တန်ဆာတို့သော်လည်းကောင်း ကူညီကြသည်။

သို့သော် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့ကမှ စစ်လက်နက်ကူညီမည့်အဖွဲ့များ မရှိပါ။ ကတိလည်းမပေး။ တာဝန်လည်း မယူကြပါ။ ကျွန်တော်တို့ထံတွင်ရှိသော လက်နက်များသည် K.N.U ထံမှ ငှားထားသော လက်နက် များဖြစ်သည်။ ၎င်းလက်နက်များသည် စစ်တိုက်၍မရပါ။ ကြံ့ခိုင်ရေးမကောင်း တော့ပါ။ မိမိတို့ ကျောင်းသူကျောင်းသားများ၏ လုပ်အားဖြင့် ရှာဖွေသော ငွေကြေးဖြင့် မှောင်ခိုဈေးကွက်မှ ဝယ်ယူထားသော လက်နက်များလည်း ရှိပါသည်။ သို့သော် လုံလုံလောက်လောက် မရှိပါ။

၎င်းအချိန်တွင် ကျွန်တော်သည် စစ်ရေးတာဝန်ခံအဖြစ် တောင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ A.B.S.D.F ဗဟိုကော်မတီနှင့် ကျွန်တော်တို့၏ စခန်းအကြားတွင် ဖြစ်ပေါ်မှုကို ရှင်းပြပါမည်။ ကျွန်တော်တို့၏ စခန်းကော်မတီတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး နိုင်ငံခြားရေးတာဝန်ခံတို့သည် မြင်ပတွင် (စခန်း၏ပြင်ပတစ်ဖက်နိုင်ငံထဲ) တွင် ရိက္ခာများရှာဖွေခြင်း၊ နိုင်ငံခြားနှင့် ဆက်ဆံခြင်း၊ လိုအပ်လျှင် စခန်းသို့ခေါ်ယူပြီး ကျောင်းသူကျောင်းသားများနှင့် တွေ့ဆုံပေးခြင်းများ လုပ်ဆောင်ပါသည်။

ကျွန်တော်က စခန်း၏ အထွေထွေအုပ်ချုပ်ရေးနှင့် စစ်ရေး၊ နိုင်ငံရေးများ အနီးကပ်ဆောင်ရွက်ပါသည်။ အုပ်ချုပ်ရေးကိစ္စသည် အလွန်စိတ်ညစ်ရာဖြစ်သည်။ များသောအားဖြင့် အားလုံးတည်တည်ငြိမ်ငြိမ်နှင့် မိမိတာဝန်များကို ဆောင်ရွက်ကြသော်လည်း တချို့ဝုန်းပြူးများရှိပါသည်။

ကျွန်တော်တို့သည် လူအများထဲတွင် တစ်မူထူးခြားသူများ ဖြစ်ပါသည်။ အကြောင်းမှာ ဤမျှခက်ခဲသည့် လုပ်ငန်းကြီးဆောင်ရွက်ရန်အတွက် မိမိ၏ အိုးအိမ်၊ မိသားစုများနှင့် ခွဲခွာပြီး နေထိုင်လုပ်ကိုင်မည်ဟု ဆုံးဖြတ်ချက် ချထားသူများဖြစ်သည်။ တစ်မူထူးခြားသော အတွေးအခေါ်များ၊ စိတ်ဓာတ်ရှိသူများ ဖြစ်ကြသည်။ ကျွန်တော်တို့၏ အဆိုးဆုံးပြဿနာမှာ မိမိတို့အား အမိန့်ပေးစေခိုင်းမှုများ၊ ဘောင်ခတ်မှုများကို လုံးဝမကြိုက်၊ မနှစ်

သက်သူများဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အား အုပ်ချုပ်ရာတွင် စက်စက်ခဲခဲ ကိုင်တွယ်ရပါသည်။

ကျွန်တော်သည် ကျောင်းသားကျောင်းသူများကို ဒီမိုကရေစီကျင့်စဉ်အရ ဒီမိုကရေစီ၏ ခေါင်းဆောင်တစ်ယောက်အနေဖြင့် အစဉ်းတွင် လိုက်နာရမည့်မှုအား ကျင့်သုံးရမည်ဖြစ်သည်။ ၎င်းမှုသည် အောက်ခြေမှ တင်ပြချက်များအား လက်ခံဆောင်ရွက်ပြီး မိမိ၏ လုပ်ဆောင်ချက်များ၊ သတင်းအချက်အလက်များကို အောက်ခြေခေါင်းဆောင်များ၊ အနီးစပ်ဆုံးသူများသိသာရန် အသိပေးခြင်းများကို ဂရုစိုက်ပြီး လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

မိမိပေးလိုက်သော အချက်အလက်ကို ခေါင်းဆောင်ငယ်များမှတစ်ဆင့် နောက်ဆုံးအောက်ခြေသို့ ရောက်မရောက်လေ့လာပြီး မရောက်ခဲ့လျှင် ရောက်ရှိအောင် မိမိကြိုးစားရပါသည်။ ယနေ့ခေတ်တွင် ပြောဆိုနေသော နိုင်ငံရေးစကားလုံးဖြစ်သော "ပွင့်လင်းထင်သာမြင်သာရှိမှု"၊ ၎င်းစကားလုံးသုံးခွဲမှုမှာ ပွင့်လင်းမြင်သာမှုနှင့် ပွင့်လင်းထင်သာမြင်သာရှိမှုစသည့် စကားလုံးနှစ်လုံး၏ အဓိပ္ပာယ်ထိရောက်မှုခြင်း မတူညီပါ။ ဒုတိယစကားလုံးဖြစ်သော ပွင့်လင်းထင်သာမြင်သာရှိမှု ဆိုသောကျင့်စဉ်ကို ဆောင်ရွက်သော ခေါင်းဆောင်သည် အများစု၏ ကြည်ညိုလေးစားမှု၊ ယုံကြည်မှု၊ အားကိုးမှုရရှိသော ခေါင်းဆောင်ပင်ဖြစ်ပါသည်။

အရပ်စကားဖြင့် ရှင်းရှင်းပြောလျှင် စင်ချားတို့ လိုအပ်နေသော ကိစ္စအရပ်ရပ်များအား ကျွန်တော့်ကို ခိုင်းပါ။ ကျွန်တော်လုပ်နိုင်သမျှကို အစွမ်းကုန်ပြုလုပ်ပေးပြီး လုပ်လို့မရသော အကြောင်းတရားများနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ လက်မခံသော ကိစ္စရပ်များ နောက်ထပ်ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးကျိုးများကို အချိန်နှင့်တပြေးညီ ရှင်းပြပါမည်။ မအောင်မြင်လျှင် ခွင့်လွှတ်ပါဟု တောင်းပန်ခြင်းဖြစ်သည်။

ဒီမိုကရေစီကျင့်စဉ်အရ ခေါင်းဆောင်လုပ်သူသည် ၎င်းစိတ်မွေးနိုင်မှ ခေါင်းဆောင်အဖြစ် မိမိကိုယ်ကို အရွေးခံပြီး ဦးဆောင်ရန်ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

ဖဟိုကော်မတီမှ တာဝန်ရှိသူများစခန်းသို့ လာကြပါသည်။ ၎င်းတို့ရောက်ရှိလာချိန်တွင် စခန်းတွင် လိုအပ်သော အရေးပေါ်ရိက္ခာ၊ ကျန်းမာရေးပစ္စည်း၊ စစ်ရေး၊ နိုင်ငံရေး စသည်တို့ တင်ပြချက်များရှိပါသည်။ ၎င်းတို့လက်ခံသွားပြီး ဖြည့်ဆည်းပေးခြင်း မရှိပါ။ ရှင်းလင်းပြောဆိုခြင်းမရှိပါ။ ၎င်းတို့ရောက်ရှိလာချိန်တွင် အောက်ခြေအဆင့် ကျောင်းသားရဲဘော်၊ ရဲမေများနှင့် ထိတွေ့ဆက်ဆံပြီး နားထောင်လက်ခံခဲ့ခြင်းဖြစ်သည်။

၎င်းတို့မှ တစ်ရက်ရက်၊ တစ်ချိန်ချိန် သို့မဟုတ် နောက်တစ်ခေါက်ရောက်ရှိချိန်တွင် ရှင်းလင်းပြောဆိုရမည်ဖြစ်သည်။ ရောက်လာတယ်၊ နေတယ်၊ ပြန်တယ်၊ ဤကဲ့သို့ပင်ဖြစ်သည်။ ထို့ကြောင့် အောက်ခြေနှင့် ဖဟိုကြား စည်းလုံးညီညွတ်မှုများ ယုံကြည်မှုများ လျော့ပါးလာပါသည်။ ကျွန်တော်တို့စခန်းကော်မတီအနေဖြင့် စစ်ရေး၊ နိုင်ငံရေး၊ စားဝတ်နေရေးများကို အစွမ်းကုန် ဆောင်ရွက်ပေးပါသည်။ စခန်းသို့ တိုက်ရိုက်ပေးလှူသော အလှူရှင်များမှ ရိက္ခာပစ္စည်းများ၊ အသုံးအဆောင်များကို စနစ်တကျ ခွဲဝေပေးပါသည်။ လိုအပ်သည်များကို ရှာဖွေနိုင်သလောက် ရှာဖွေပြီး အဆင်မပြေလျှင် ပွင့်လင်းစွာ ပြောပါသည်။ ဤကဲ့သို့ဖြင့် စည်းလုံးစွာနှင့် နေကြပါသည်။

စခန်းတွင် ရဲဘော်များနှင့် အနီးကပ် နေထိုင်သဖြင့် ရဲဘော်ရဲမေများသည် ကျွန်တော့်အား ၎င်းတို့အစ်ကိုကြီးကဲ့သို့ ခင်မင်ကြပါသည်။ စခန်းတွင် နိုင်ငံရေးလေ့လာမှု၊ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေပြီး စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်နိုင်ပါ။ သို့သော် အချင်းချင်းညီညွတ်စွာဖြင့် နေထိုင်ကြသည်။ ၎င်းအချိန်တွင် ဖဟိုကော်မတီတွင် အကွဲအပြဲများ ဝပါပြီ။ ဖဟိုကော်မတီခေါင်းဆောင်များ တစ်ဦးနှင့်တစ်ဦး စွပ်စွဲပြောဆိုမှုများ၊ တိုက်ခိုက်မှုများဖြင့် အုပ်စုကွဲပြဲကြသည်။ ထို့ကြောင့် K.N.U နှင့် မဟာမိတ်များမှ ကြားဝင်ပြီး ဖဟို ကော်မတီကို အသစ်ပြန်ရွေးရန် ဖြစ်ပါသည်။

စခန်းများကိုလည်း မိမိတို့စခန်းများမှ ကိုယ်စားလှယ်များ လွှတ်ပေးပါရန် သတင်းပို့ပါသည်။ ၎င်းနောက် ပြန်လည်ရွေးချယ်ကြရာ ဥက္ကဋ္ဌ



Generated by CamScanner from intsig.com

ဒေါက်တာနိုင်အောင်၊ အတွင်းရေးမှူး ကိုကျော်ကျော်ဖြစ်ပါသည်။ ၎င်းဗဟိုကော်မတီသည် ဒုတိယအကြိမ်မြောက် ပြန်ရွေးချယ်ခြင်းဖြစ်သည်။

A.B.S.D.F ဗဟိုကော်မတီသည် မဲထောက်မြို့တွင် ရုံးဖွင့်ထားပြီး ယခုအသစ်ပြန်ဖွဲ့သော ဗဟိုကော်မတီ စစ်ရေး၊ နိုင်ငံရေးကိစ္စများကို ကြိုးကြိုးစားစား လုပ်ကိုင်ကြသည်။ ဗဟိုကော်မတီသည် စစ်ရေးကိစ္စများကို K.N.U နှင့်သော်လည်းကောင်း၊ D.A.B နှင့်သော်လည်းကောင်း၊ N.D.F ဖြင့်သော်လည်းကောင်း၊ ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ဒီမိုကရေစီမိသားစုများနှင့်သော်လည်းကောင်း ဆက်သွယ်ပြီး လုပ်ကိုင်ကြပါသည်။ သို့သော် အောက်ခြေသို့ ချပြသင့်သည့်ကိစ္စများကို ချပြခြင်းမရှိပါ။ အရေးရာ ထိပ်တန်းလျှို့ဝှက်ချက်များဖြင့်သာ လုံးပန်းနေပါသည်။ ထို့ကြောင့် ဗဟို၏လုပ်ဆောင်ချက်များကို အောက်ခြေမှ မသိရပါ။

စစ်သင်တန်းများသည် အချိန်တန်သော် ပြီးဆုံးလေသည်။ နိုင်ငံရေးသင်တန်းများလည်း ပြီးဆုံးပါသည်။ မြန်မာ့တပ်မတော်သားများ၏ စစ်သင်တန်းများ ပြီးဆုံးပြီး၊ နိုင်ငံခြား စစ်သင်တန်းများလည်း ပြီးဆုံးပြီး၊ သင်တန်းများကိုလည်း အကြိမ်ကြိမ်တက်၊ မွမ်းမံသင်တန်းများလည်း တက်၊ အဖက်ဖက်က ပြည့်စုံနေလေပြီ။ ရဲဘော်များကလည်း စွမ်းရည်ပြချင်နေကြပါသည်။ K.N.U မှလည်း ပူးတွဲစစ်ရေးလှုပ်ရှားမှုများ လုပ်ချင်နေကြပါသည်။ ပူးတွဲစစ်ရေးလှုပ်ရှားရန်အတွက် အင်အားလည်း တောင်းခံလျက်ရှိပါသည်။

ကျွန်တော်တို့သည် အများကြီး စဉ်းစားရသည်။ ကျွန်တော်တို့လှုပ်ရှားမည့်စစ်ရေးသည် မည်ကဲ့သို့ စစ်ရေးဖြစ်မည်နည်း။ မည်သည့်ရည်ရွယ်ချက်နည်း။ စစ်ရေးတာဝန်ယူထားသဖြင့် ကျွန်တော့်အပေါ်တွင်သာ တာဝန်ရှိနေပါသည်။ ကျွန်တော်တို့နှင့် K.N.U ကြားတွင် နိုင်ငံရေးခံယူချက်ချင်း ကွာခြားပါသည်။

ကရင်ခေါင်းဆောင် စောဘဦးကြီးရဲ့မှအတိုင်း K.N.U မှ တောင်းဆိုနေပြီး ကရင်အမျိုးသားနှင့် ကရင်ပြည်နယ်အတွက်ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားအဖွဲ့သည် မြန်မာတစ်နိုင်ငံလုံး အာဏာရှင်စနစ်မှ



Generated by CamScanner from intsig.com

လွတ်မြောက်၍ ဒီမိုကရေစီကျင့်စဉ်အရ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်၍ အာဏာရှင်စနစ်ဆိုးကြီး၊ ကြိုးနီစနစ်ဆိုးကြီး၊ ဦးစီးဦးကိုင် စနစ်ဆိုးကြီးများမှ လွတ်လပ်ရန်နှင့် ဒီမိုကရေစီအုပ်ချုပ်ရေးကြောင့် ပြည်သူပြည်သားများ၏ ဆန္ဒနှင့်အညီဖြစ်သောခေါင်းဆောင်မှ အုပ်ချုပ်ပြီး စီးပွားရေးဖွံ့ဖြိုးရန်အတွက် ဆောင်ရွက်ခြင်းသာဖြစ်သည်။

K.N.U အနေဖြင့် ပြည်နယ်လွတ်လပ်ရေးနှင့် ကရင်အမျိုးသားရေးအတွက် တော်လှန်ရေး လုပ်ဆောင်နေခြင်းဖြစ်၍ ကျွန်တော်တို့နှင့် ပူးပေါင်းပြီး ပြည်တွင်းထိုးစစ်ဆင်နွှဲရန် အစက်အစဲများ ရှိနေပါသည်။ ကျွန်တော်တို့ ဗိုလ်ကြီး S အောင်လွင်မှလည်း စစ်ရေးတာဝန်ခံအဖြစ် တာဝန်ယူထားသော ကျွန်တော့်အား သတိအမြဲပေးပါသည်။ စစ်ရေးဆုံးဖြတ်ချက်အား သေသေချာချာစဉ်းစားပြီး ဆုံးဖြတ်ပါ။ ခံယူချက်ခြင်း မတူညီသည့်အတွက် ဘယ်လိုပုံစံမျိုးနဲ့ စီစဉ်မလဲ။ ကိုယ်ပိုင်လက်နက်ကလည်း မိမိတို့ထံ ပြည့်ဝစွာမရှိ၊ ဆုံးဖြတ်ချက်များလို့မရပါ။

Generated by CamScanner from intsig.com

## စစ်ရေး နိုင်ငံရေး လှုပ်ရှားမှုများ

❑

ကျွန်တော်တို့ သွေးကြောင်နေ၍ မဟုတ်ပါ။ စစ်ရေးတာဝန်ခံ၏ တာဝန်မှာ အပိန့်ပေးရန်ပင်ဖြစ်သည်။ စစ်ရေးလှုပ်ရှားမှုကြောင့် လူထု ဘယ်လောက် ဒုက္ခရောက်ကြမည်နည်း။ ကျောင်းသားစစ်ကြောင်းများ မြို့တွင်းရွာတွင်းသို့ ကပ်ရာတွင် ပြည်တွင်းရှိ မြို့ရွာများမှ လူထုသည် ဝမ်းပန်းတသာ ကြိုဆိုကြမည်။ ပူးပေါင်းကြမည်။ ကူညီကြမည်။

စစ်၏သဘောတရားအရ ကျွန်တော်တို့ စစ်ကြောင်းများထိုးလျှင် မြို့ရွာများရှိ နဝတစစ်ကြောင်းများသည် ရှောင်ဖယ်ကြမည်။ ဒေသခံများနှင့် ကျောင်းသားများပူးပေါင်းပြီး တချို့မြို့ရွာများသည် ကျောင်းသားများလက်ထဲသို့ ရောက်ရှိနိုင်သည်။ သို့သော် နဝတစစ်တပ်သည် လက်ပိုက်စောင့်ကြည့်နေမည်မဟုတ်။ ကြည်း၊ ရေ၊ လေ အင်အားများဖြင့် ပြင်းပြင်းထန်ထန် တိုက်ကြပါမည်။

ရုပ်ပိုင်းဆိုင်ရာများ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ ပျက်စီးကြတော့မည်။ ထို့ကြောင့် ပြည်သူများ သေကြေပျက်စီးကြတော့မည်။ နောက်ထပ် အရေးကြီးဆုံးမှာ စစ်အတွက် စစ်ရိက္ခာများပင်ဖြစ်သည်။ နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ ထုတ်ခွာပေးလိုက်လျှင် ကျန်ရှိသော ပြည်သူ



Generated by CamScanner from intsig.com

လူထုသည် နဝတစစ်တပ်၏ ပြင်းပြင်းထန်ထန် နှိပ်စက်ခြင်းကို ခံရတော့မည်။

နိုင်ငံကယ်တင်ရေး၊ ပြည်သူလူထု ကယ်တင်ရေးဆိုပြီး စစ်ရေးလှုပ်ရှားမှုကြောင့် နိုင်ငံပျက်စီးရေး၊ မြို့ရွာပျက်စီးရေး၊ လူထုပျက်စီးရေး ဘက်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ စစ်ရေးတက်ကြွသော ခေါင်းဆောင်တချို့ တပ်ရင်းမှူးတချို့ စစ်ရေးတက်ကြွသော K.N.U တို့ကြား တော်တော်ကြီး ထိန်းယူရပါသည်။

စစ်ရေးလှုပ်ရှားခွင့် မပြုသောကြောင့် တချို့ခေါင်းဆောင်များနှင့် ရဲဘော်များသည် ကျွန်တော်၏အပေါ်တွင် အမြင်မကြည်လင်မှုများ ဖြစ်ပေါ်လာသည်။ ကျွန်တော်မှ တိုက်ဖို့အချိန်တန်ရင် တိုက်ကြမယ်။ စစ်တိုက်ရန်အတွက် ကျွန်တော်တို့၏ ကိုယ်ပိုင်လက်နက်၊ စစ်ရိက္ခာများ ပြည့်စုံသည့်အချိန်ကျလျှင် ကျွန်တော်တို့ စစ်ကြီးဆင်နွှဲပါမည်ဟု ကတိပြုတောင်းပန်ရပါသည်။

ကျောင်းသူကျောင်းသားများအား ကျေနပ်နားလည်စေရန်အတွက်လည်း ရှင်းပြရပါသည်။ ဘာအတွက်ကြောင့် ပြည်တွင်းဆိုးစစ်မဆင်သနည်းဆိုသည့် မေးခွန်းအား ဖြေကြားရန်အတွက် အကြောင်းပြချက်တစ်ခုနှင့် မလုံလောက်ပါ။ ကျောင်းသားကျောင်းသူ ရဲဘော်တို့သည် သာမန်သူများ မဟုတ်ကြပါ။ စိတ်ဓာတ်ပြင်းမားသူများနှင့် လုပ်ချင်ကိုင်ချင်စိတ်ကြောင့် တောတွင်းရောက်ရှိသူများ ဖြစ်ကြသည်။ စစ်လက်နက်၊ စစ်ရိက္ခာ လိုအပ်သည်ဖြစ်သော်လည်း K.N.U တပ်မဟာ (၆)ကူညီမည်ဟု ပြော ဆိုထားပြီးဖြစ်သည်။

သို့သော် ကျွန်တော်တို့သည် ပြည်ထောင်စုလွတ်လပ်မှုနှင့် ပြည်သူလွတ်လပ်မှုဟူသည့် အကျိုးတရားများအတွက် စဉ်းစားရပါပြီ။ ကျွန်တော်တို့နှင့် အရင်းနီးဆုံး K.N.U ၏ နိုင်ငံရေးခံယူချက်များ၊ တော်လှန်ရေးခံယူချက်များအား ကျောင်းသူကျောင်းသား ရဲဘော်များကို နှုတ်ဖြင့် တည့်တိုးဖွင့်ပြော၍ မသင့်ပါ။ အချိန်မရွေးခေါင်းနှင့်ကိုယ် အိုးစားကွဲသွားနိုင်သည်။ စကားလုံးများကို ဆင်ခြင်ရန်ရှောင်များနှင့်သာ ပြောဆိုနေရပါသည်။

---

စိတ်ကူးသစ်စာပေ

၎င်းစစ်ရေးလှုပ်ရှားမှုအတွက် ဆုံးဖြတ်ချိန်တွင် ကျွန်တော်၏ အသက်အားရင်းပြီး ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ အချိန်မရွေး ကျွန်တော့်အား လုပ်ကြံနိုင်ပါသည်။ လုပ်ကြံဖို့လည်း ကြိုးစားကြသည်။ ထို့ကြောင့် တပ်ရင်း ၂၀၄ တပ်ရင်းမှူးနှင့် ဗိုလ်မှူးများသည် ကျွန်တော့်ဘေးတွင် ဝိုင်းရံလျှက် စောင့်ရှောက်ပေးကြပါသည်။

A.B.S.D.F ဗဟိုတွင်လည်း စစ်ကော်မတီဖွဲ့ပြီး ဗဟိုစစ်ကော်မတီ ခေါင်းဆောင်က ကိုထွန်းဦးဟု ထင်ပါသည်။ ထောက်လှမ်းရေးတာဝန်ခံ ကတော့ ကိုစိုးမိုးဦးဖြစ်သည်။ ၎င်းတို့သည် ကျွန်တော်တို့၏စခန်းသို့ ရောက်ရှိပြီး K.N.U တပ်မဟာ၏ တပ်မဟာမှူး ဗိုလ်မှူးကြီးရွှေထိုင်းနဲ့ တွေ့ချင်ပါတယ်။ လိုက်ပို့ပေးပါဟု ပြောပါသည်။ ဗိုလ်မှူးကြီးရွှေထိုင်းသည် ဝေါလေ စခန်းတွင်နေပါသည်။ ကျွန်တော်တို့စခန်းမှ ၅၊ ၆ မိုင်လောက် ဝေးသည်။

ကျွန်တော်လည်း ကားစီးပြီး လိုက်ပို့ပါသည်။ ကျွန်တော်မှ ဝင်ရောက်ဆွေးနွေးခြင်းမရှိပါ။ ဆွေးနွေးရန်လည်း တာဝန်မရှိပါ။ သူတို့သွားချင်၍ ကျွန်တော်က ပို့ရခြင်းဖြစ်ပါသည်။ လာရောက်တွေ့ဆုံသော ကော်မတီ အဖွဲ့တွင် ကျွန်တော့်တာဝန် မပါပါ။ ထို့ကြောင့် ဝင်ရောက်ဆွေးနွေးခြင်းမရှိပါ။ နားထောင်ရုံသက်သက်အဖြစ်နှင့်သာ နေပါသည်။

အားလုံး ဆွေးနွေးပြီးဆုံးသွားသည့်အခါ တပ်မဟာ (၆) တပ်မဟာမှူး ဗိုလ်မှူးကြီးရွှေထိုင်းမှ A.B.S.D.F ဗဟိုမှ ကျောင်းသားခေါင်းဆောင်များအား "မင်းတို့ နောက်လာစရာ အကြောင်းရှိရင်လည်း မလာပါနဲ့။ ကျွန်တော့်အား လက်ညှိုးထိုးပြီး သူရှိတယ်လေ။ စစ်ရေးတာဝန်ခံနဲ့ ငါဆွေးနွေးရင်ရပါတယ်" ဟု ပြောဆိုပါသည်။ ၎င်းနောက် တပ်မဟာမှူးက ကျွန်တော့်အား သီးခြားခေါ်ယူပြီး စစ်ရေးကိစ္စများ ဆွေးနွေးပါသည်။

ငွေကြေးကိစ္စများ မစဉ်းစားရန်ပြောပြီး ၎င်းဘေးတွင် ရှိထားသော ကျွန်းသေတ္တာကြီးများကို လက်ညှိုးထိုးပြီး အဲဒီထဲမှာ (နိုင်ငံခြားငွေ) လုံလုံလောက်လောက်ရှိတယ်ဟု ပြောပါသည်။ ကျွန်တော်လည်း လေးစားစွာဖြင့် နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။ နောက်ပိုင်း ကျွန်တော်နှင့် မတွေ့ဖြစ်ပါ။ ၎င်း

နောက် ကိုတင်မောင်ဆန်းတို့စခန်းထဲတွင် ထိုင်းမြို့ပိုင်ကို ဖမ်းဆီးပြီး ချုပ်နှောင်ထားသည့်ကိစ္စကြောင့် တပ်မဟာမှူးနှင့် ကျွန်တော် ပြန်လည်တွေ့ဆုံပါသည်။ ၎င်းကျောင်းသားစခန်းတွင် တပ်မဟာမှူးရော၊ ကျွန်တော်ပါ ရေမသောက်ရ၊ ထမင်းမစားရနှင့် တစ်နေကုန်နေပြီး ပြဿနာကို ရှင်းလင်းခဲ့ရပါသည်။

ကျောင်းသားကျောင်းသူများ၏ လူမှုရေးကိစ္စများကို ရေးပါဦးမည်၊ ကျောင်းသားကျောင်းသူများသည် အရွယ်ရောက်ပြီးသူများ ဖြစ်ကြပါသည်။ အချိန်ကြာလာသောအခါ တစ်ဦးနှင့်တစ်ဦး ရည်ငံလာကြပါသည်။ မေတ္တာရှိသည်မှာ အကြောင်းမဟုတ်ပါ။ မျိုးဆက်ပွားမှာကို ကျွန်တော်တို့ တော်တော်ကြောက်ပါသည်။ ကျွန်တော်တို့တောင် ဘယ်လိုနေ၊ ဘယ်လိုစား၊ ငှက်ဖျားဒဏ် စသည့်ဒုက္ခများနှင့် နေရပါသည်။ ၎င်းအချိန်များမှာ နောက်မျိုးဆက်များ ပွားများရောက်လာရင် မည်သို့ ဖြေရှင်းကြမလဲဆိုသည့် ပြဿနာပင်ဖြစ်ပါသည်။

ကျွန်တော်တို့စခန်းသည် တဖြည်းဖြည်းနှင့် လူအင်အားများ လျော့လာရာ ၁၉၈၉ နှစ်လယ်ပိုင်းတွင် တစ်ထောင်ဝန်းကျင်သာ ကျန်ပါတော့သည်။

နိုင်ငံတော်မှ ပြန်ချင်သည့် ကျောင်းသားများအား ၈၉ နှစ်စပိုင်းတွင် ပြန်လည်ခေါ်ဆောင်ရာ ပြန်မည့်ကျောင်းသားများလည်း ရှိကြပါသည်။ ပြည်ပသို့ထွက်ခွာမည့် ကျောင်းသားများလည်း ရှိကြပါသည်။ ကျွန်တော်ကတော့ ကျောင်းသားစခန်းတွင် ကျောင်းသားရဲဘော်များနှင့် လုပ်နိုင်သည့် အလုပ်များကို လက်တွဲပြီး လုပ်ကိုင်လျက်ရှိသည်။ ပြန်ချင်သောကျောင်းသားများက ဗိုဗိုအစီအစဉ်ဖြင့် ပြန်ကြပါသည်။ ကျွန်တော်တို့က တားဆီးခြင်း၊ ကန့်ကွက်ခြင်းများ မလုပ်ပါ။ အကြောင်းမှာ အခြေအနေအရပ်ရပ်ကို သိနေ၍ ဖြစ်ပါသည်။

Generated by CamScanner from intsig.com

## စစ်ရေးစပ်းသပ်မှု

❑

ကျွန်တော်တို့အနေဖြင့် K.N.U တို့၏ လက်နက်ငွေကြေး စသည်တို့ဖြင့် အကူအညီယူပြီး ပြည်တွင်းသို့ ထိုးစစ်ဆင်နွဲလို့ ရပါသည်။ လိုအပ်သော စစ်လက်နက်၊ ငွေကြေး ကျွန်တော်တို့ ရဲဘော်ရဲဘက်များ၏ ပုပ္ပနွေးနွေး သင်ထားသောစစ်ပညာ၊ တက်ကြွသောစိတ်ဓာတ်၊ အနစ်နာခံမှုများနှင့် ပြည်တွင်း ရပ်မိရပ်ဖပြည်သူများ၏ ပူးပေါင်းကူညီမှု စသည်တို့ကြောင့် စစ်ကြောင်းများဖြင့် မွန်နှင့် ကရင်ပြည်နယ်များကို ထိုးစစ်ဆင်နိုင်ပါသည်။ အောင်မြင်ဖို့လည်း အလားအလာရှိပါသည်။ ပြည်တွင်းစစ်မီးတောက်ကြီးကြောင့် ပြည်သူပြည်သားများ သေကြေပျက်စီးမည့်အရေးအား ကြည့်ပြီး ပြည်တွင်းထိုးစစ်အား စစ်ရေးတာဝန်ခံမှ ခွင့်မပြုခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်ကုန်ပိုင်းလောက်လို့ ထင်ပါသည်။ ကျောင်းသားစစ်တပ်ဖွဲ့ဝင်တချို့တို့သည် စစ်သင်တန်းများ ပထမအဆင့် ပြီးဆုံးချိန်ပင်ဖြစ်မည်။ K.N.U တပ်မဟာ၏ လက်အောက်ခံတပ်ရင်းတချို့နှင့် သေ့ဘောဘိုးကျောင်းသားစခန်း တပ်ရင်း ၂၀၆၊ တပ်ရင်းမှူး ဦးမျိုးချစ်တပ်တို့ ပူးပေါင်းပြီး ဖော်လမြိုင်မြို့တွင်းသို့ တညတာ ဝင်ရောက်ခဲ့ပါသည်။ ၎င်းကျောင်းသားတပ် ၂၀၆ စစ်ကြောင်း မြို့တွင်းသို့ဝင်ရောက်ပြီး ပစ်ခတ်မှုတချို့လုပ်ခဲ့သည်



Generated by CamScanner from intsig.com

လို့ သိရပါသည်။ ၎င်းအချိန်တွင် မော်လမြိုင်မြို့တွင်းတွင် လုံခြုံရေးချထားသော မြန်မာ့တပ်မတော်စစ်ကြောင်းများမှ ပစ်ခတ်ခြင်း၊ ရင်ဆိုင်တိုက်ခိုက်ခြင်း အလျဉ်းမလုပ်ပါ။ ၎င်းတို့ လုံခြုံရေးယူထားသောနေရာမှပင် တစ်ဝဝါးမှ မခွာပါ။

ကျောင်းသားစစ်ကြောင်းများ အောင်မြင်စွာဖြင့် ပြန်လည်ဆုတ်ခွာခဲ့သည်။ ၎င်း ၂၀၆ စစ်ကြောင်းသည် ၎င်းတို့အား တောတွင်းအတွေ့အကြုံ ရရှိရန်နှင့် ကျောင်းသားရဲဘော်များအား တောတွင်း စစ်ရေးလှုပ်ရှားမှုသင်တန်းများပေးရန်အတွက် လွှတ်လိုက်ခြင်းဖြစ်သည်။ န.ဝ.တ စစ်ကြောင်းများနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း မရှိရန်လည်း သင်ပြထားပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများနှင့် တော်လှန်ရေးစစ်ကြောင်းများ၊ တောတွင်းလှုပ်ရှားမှုများ မတူညီကြချေ။ စံယူချက်ခြင်းလည်း မတူညီကြချေ။ တပ်မတော်စစ်ကြောင်းများ၊ စစ်ရေးလှုပ်ရှားလျှင် ရိက္ခာအပြည့်အဝပါရှိပြီးနောက်ပိုင်း လိုအပ်ချက်များကို ထောက်ပံ့ပေးမှုများရှိသည်။

တော်လှန်ရေးစစ်ကြောင်းများတွင် အခြေခံဆန်တစ်ခုသာပါရှိပြီး တောတွင်းရှိ အသီးအရွက်အပင်များကို ရယူစားသုံးခြင်းဖြစ်သည်။ တောတွင်းရှိ တချို့အသီးအရွက်များသည် ဝမ်းချုပ်ပြီး တချို့အသီးအရွက်များသည် ဝမ်းနှုန်းခြင်းများရှိသည်။ ထို့ကြောင့် ၎င်းပညာရပ်များ သင်ကြားရန်အတွက် တောတွင်းချီတက် လှုပ်ရှားခြင်းဖြစ်သည်။ သည်နေရာတွင် တိုက်ဆိုင်မှုရှိသဖြင့် တဖတ်သူများအား တင်ပြပါဦးမည်။

အထက်တွင် ရေးခဲ့သည့်အတိုင်း တောတွင်းကျောင်းသားစစ်ကြောင်းများအား န.ဝ.တ တပ်များနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း မဖြစ်ရအောင် န.ဝ.တ တပ်များ စခန်းချမည့်နေရာ လှုပ်ရှားသည့်နေရာများမှ စစ်ရေးလှုပ်ရှားမှုမပြုလုပ်နိုင်းပါ။ ကျွန်တော်တို့သည် သွေးဆာ၊ လူသတ်ချင်၍ တောခို စစ်ရေးလေ့ကျင့်နေခြင်း မဟုတ်ပါ။

စစ်အာဏာရှင် လက်ထက်များမှာ စီးပွားရေး၊ ပညာရေး၊ လူနေမှုဘဝများ နိမ့်ကျနေခြင်းကြောင့် တော်လှန်ရေးလုပ်နေခြင်းဖြစ်သည်။ ထိပ်



Generated by CamScanner from intsig.com

ပိုင်းဆိုင်ရာ ပြောင်းလဲမည့် စစ်ဆင်ရေးများသာ လုပ်ဆောင်လိုခြင်းဖြစ်ပြီး အောက်ခြေအဖွဲ့အစည်းများအား တိုက်ရိုက်ရေမှုန်းလိုခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

ထိုနည်းအတူ န.ဝ.တ စစ်ကြောင်းမှူးတချို့တို့သည် ကျောင်းသားဝန်းများ ကျောင်းသားစစ်ကြောင်းများအား တိုက်ရိုက်ခြင်းကို ငြင်းဆန်မှုကြောင့် ထုတ်ပယ်ခြင်းခံရသော အရာရှိကြီးများအပါအဝင် တပ်မတော်သား တော်တော်များများ ရှိခဲ့ပါသည်။ ထို့နောက် တစ်ဖက်အဖွဲ့အစည်းတွင် ရပ်တည်နေသောသူများတွင် တချို့တို့သည် ကျွန်တော်တို့၏ မိတ်ဆွေများရှိပြီး အားလုံး ရန်သူများမဟုတ်ကြောင်းကို အလုပ်က လက်တွေ့ပြခဲ့ပြီဖြစ်သည်။

မြို့တွင်းပိုင်း စစ်ဆင်ရေးအတွက် ခွင့်ပြုထားခြင်းမရှိပါ။ ထို့အတွက်ကြောင့် တပ်ရင်းမှူးဖြစ်သူအား အောင်ပွဲနှင့်အတူ ပြန်ရောက်လာသော်လည်း ၎င်းကား ဝေဖန်ပြစ်တင်ခြင်း ခံရပါသည်။ ၎င်းဖြစ်စဉ်များမှာ သေဘောဘိုးဝန်းမှ စစ်ရေးကော်မတီနှင့် စစ်ရေးတာဝန်ခံတို့မသိဘဲ ခွင့်ပြုချက်မရှိဘဲ လှုပ်ရှားသော စစ်ဆင်ရေးဖြစ်သည်။ သို့သော် ကျွန်တော်တို့ စစ်ရေးကော်မတီအတွက် ထူးခြားသော အချက်အလက်များ ရရှိခဲ့ပါသည်။

ကျောင်းသားတပ်မတော်ရဲ့စစ်ရေးလှုပ်ရှားမှုပွမ်းရည်များ သိရှိရခြင်းနှင့် ပြည်တွင်းမှ တုံ့ပြန်မှုများအား သိရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၆ တပ်ရင်းမှူး ဦးမျိုးချစ်၏ စစ်ရေးလှုပ်ရှားမှုအချိန်၊ လမ်းကြောင်း နည်းဗျူဟာ စသည်တို့သည် ကျွန်တော်တို့ စစ်ရေးလှုပ်ရှားခဲ့လျှင် များစွာ အထောက်အကူ ရရှိမည်ဖြစ်သည်။

၎င်းအပြင် ပြည်တွင်းရှိ လက်နက်ကိုင်အင်အားစု အခြေအနေနှင့် ပြည်သူလူထု၏ အခြေအနေများကိုလည်း လက်တွေ့ကျကျ သိရှိခဲ့ပြီးဖြစ်သည်။

Generated by CamScanner from intsig.com

# ကျောင်းသားလူငယ်များနှင့် အချစ်ရေး

❑

ကျောင်းသားလူငယ်များသည် အရွယ်ရောက်လူငယ်များဖြစ်ကြသည်။ ကျောင်းသား၊ ရဲဘော်ရဲမေများသည် စခန်းတည်ဆောက်ခါစတွင် စခန်းတွင်း ပညာသင်ကြားရေး၊ စစ်ပညာသင်ကြားရေး စသည်တို့နှင့် လုံးပမ်းနေချိန်ဖြစ်၍ တခြားအရာများအား စိတ်ဝင်စားခြင်း မရှိကြချေ။ စခန်းတွင်း ရဲဘော်များနှင့် ရဲမေများသည် သင်တန်းများကို အတူတကွ လက်ပွန်းတတီး နေထိုင်ကြရသောကြောင့် စိတ်ဓာတ်များ ယိမ်းယိုင်ကြသော်လည်း တာဝန်ဆိုသည့် အသိစိတ်ဓာတ်ကြောင့် တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်း၍ နေထိုင်ကြသည်။ သို့သော် သင်တန်းများ အသီးသီးပြီးဆုံးပြီးနောက် တာဝန်ဝတ္တရားများ မရှိပေးသည့်အခါ လူငယ်လူရွယ်များသည် မိမိတို့၏ စိတ်များကို ထွက်ပေါက်ပေးကြရသည်။

ပထမပိုင်းသင်တန်းတွင် အတူတကွ နေထိုင်ရမှုကြောင့် ရင်းနှီးမှုများ၊ ဒုတိယပိုင်း သင်တန်းများပြီး၍ ပျော်ရွှင်မှုများ၊ တတိယပိုင်း သင်တန်းများပြီးဆုံးခဲ့သော်လည်း သက်ဆိုင်ရာတာဝန်များ မရှိထားပေးနိုင်မှုများ



Generated by CamScanner from intsig.com

စသည့် အကြောင်းအရာများကြောင့်ပင် ဖြစ်မည်။ လူငယ်လူရွယ်များသည် မိမိတို့ စိတ်ထွက်ပေါက်အဖြစ် စိတ်၏ဖြေရာများအဖြစ် တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကြတော့သည်။

ကျွန်တော်တို့သည်လည်း အဝပထမပိုင်းတွင် မသိချင်ယောင် ဆောင်လျက်နေကြပါသည်။ ကျွန်တော့်တို့ဝန်းတွင် ကျောင်းသားလူဦးရေ အချိုးနှင့် ကျောင်းသူလူဦးရေအချိုးတို့သည် အလွန်ကွာပါသည်။ ကျောင်းသူရဲမေတစ်ယောက်အား မေတ္တာမျှနေသော ရဲဘော်ကျောင်းသားက များနေပါသည်။

မေတ္တာမျှခံရသော ကျောင်းသူရဲမေက အခွင့်အရေးပေးဆက်ဆံထိသော ရဲဘော်နှင့် အခွင့်အရေးမခံရသော ရဲဘော်တို့အကြား အမြင်မကြည်လင်မှုများ ဖြစ်ပေါ်လာပါသည်။ သို့သော် စခန်းရှိ ရဲဘော်၊ ရဲမေများ၏ စိတ်ဓာတ်များသည် သာမန်လူများကဲ့သို့ မဟုတ်ပါ။ နဂိုကတည်းက စွန့်လွှတ်အနစ်နာခံစိတ်များသည် လူတိုင်း၏ရင်ထဲတွင် မူရင်းအခံဓာတ်ဖြစ်နေပါသည်။ ထို့ကြောင့် ပြဿနာများ ကြီးကြီးမားမားဖြစ်ပေါ်ခြင်းမရှိပါ။ သို့သော် သစ်ငုတ်တောင် တိုက်ပါများရင် နဲ့ဆိုသကဲ့သို့ပင် လူငယ်လူရွယ်များဖြစ်သဖြင့် တာဝန်ရှိသောသူများ စဉ်းစားရပါတော့သည်။ မီးဘေးရှောင်မလောင်ခင်တားဆိုသည့် စကားပုံများကြောင့် ကျွန်တော်တို့ တာဝန်ရှိသူများသည် ၎င်းဖြစ်စဉ်များအား ကြာသောအခါ မည်ကဲ့သို့ ဖြေရှင်းကြရမည်နည်း၊ ခေါင်းထဲထည့်ပြီး စဉ်းစားရပါသည်။

ထို့ကြောင့် စခန်းလပတ်အစည်းအဝေးတွင် ၎င်းကိစ္စများအား စဉ်းစားပြီး စည်းကမ်းချက် ထုတ်ပြန်ရပါသည်။ ကျောင်းသားရဲဘော်များနှင့် ကျောင်းသူရဲမေများသည် တစ်ဦးနှင့်တစ်ဦး မောင်နှမကဲ့သို့ ဆက်ဆံရမည်ဟု စည်းကမ်းထုတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သေဘောဘိုးဝခန်းရှိ ရဲဘော်ရဲမေများအား စည်းကမ်းထုတ်ပြန်ခဲ့ပါသည်။ သို့သော် ကျွန်တော်တို့စည်းကမ်းချက်ထုတ်တာ နောက်ကျနေပါပြီ။ ၎င်းတို့သည် လူငယ်သဘာဝ မေတ္တာမျှနေပြီဖြစ်သည်။ လူငယ်ချင်း လျှို့ဝှက်ချိန်း

တွေ့မှုတွေ ရှိကြသည်။ ထို့ကြောင့် လူငယ်များ တစ်ဦးနှင့်တစ်ဦးချင်း တွေ့မှုတွေ မပြုလုပ်နိုင်ရန် တာဝန်ရှိသူများ အဆင့်ဆင့် တာဝန်ယူစောင့်ကြည့်ခြင်းဖြင့် ထိန်းသိမ်းကြပါသည်။

၎င်းရဲဘော်ရဲမေများသည် စစ်ပညာများကို အဆင့်မြင့် သင်ကြားထားသူများဖြစ်သည်။ ၎င်းတို့ ချစ်သူနှင့်ချိန်းတွေ့ရန်အတွက် သင်ကြားထားသော စစ်ပညာများကို အသုံးချပြီး တာဝန်ရှိသူများအား လှည့်စားပြီး သွားရောက်တွေ့ဆုံကြပါသည်။ နောက်ဆုံးတော့ တာဝန်ရှိသူများနှင့် ရဲဘော်ရဲမေတို့ကြားတွင် ပြိုင်ပွဲတစ်ခုလို ဖြစ်နေပါသည်။

တာဝန်ရှိသူများက သည်လို စည်းကမ်းထုတ်ပြီး သည်လို့စောင့်နေလျှင် ၎င်းတို့က ၎င်းစည်းကမ်းအပေါ်မှ ဘယ်လိုပျော့ကွက်ရှာပြီး အောင်မြင်အောင် လုပ်ပြခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့သည် ၎င်းတို့အား စိတ်မဆိုးနိုင်ပါ။ ရယ်ချင်စိတ်များပင် ပေါက်လာပါသည်။ ကျွန်တော်တို့ တာဝန်ရှိသူများအား အမျိုးမျိုးလှည့်ပတ်ပြီး ရအောင်ထွက်ကြပါသည်။ ကျွန်တော်တို့အား လူ့အခွင့်အရေးချိုးဖောက်သူများလို့ စွပ်စွဲပြောဆိုခြင်း ခံရပါသည်။

ကျွန်တော်တို့တားရသည့် အကြောင်းရင်းများမှာ ကျွန်တော်တို့ကျောင်းသားကျောင်းသူများသည် တော်လှန်ရေးကာလဖြစ်နေခြင်း၊ နောက်ပြီး ကျွန်တော်တို့အားလုံးသည် တောထဲတောင်ထဲတွင် ယာယီတဲများနှင့် နေထိုင်နေရခြင်းဖြစ်ပြီး ကျန်းမာရေးချို့ယွင်းမှုများ၊ အနေအထိုင်ချို့တဲ့မှုများ၊ အစားအသောက်ချို့တဲ့မှုများ စသည်ဒုက္ခများကို ခံစားနေရချိန် ဖြစ်ပါသည်။

သည်လိုအချိန်မှာ နောက်ထပ်မျိုးဆက်သစ်များအတွက် အစက်အဝဲ မဖြစ်စေလိုပါ။ အရေးအကြောင်း ဖြစ်လာလျှင် မဖြစ်ပါ။ ကလေးလည်း ဒုက္ခရောက်မည်၊ လူကြီးလည်း ဒုက္ခရောက်မည်။ ဤအကြောင်းတရားများကြောင့် တားရခြင်းဖြစ်ပါသည်။

အချစ်မေတ္တာ အကြောင်းတရားများအား အပိန့်စည်းကမ်းများနှင့် အချိန်ကြာမြင့်စွာ တားထား၍မရပါ။ လူငယ်တို့၏ သဘာဝရှိပါသည်။ မဖြစ်



Generated by CamScanner from intsig.com

သင့်တာမဖြစ်အောင်သာ စီမံရပါတော့သည်၊ ၎င်းရဲဘော်ရဲမေတို့သည် တာဝန်ရှိသူများအား နောက်ကြောင်းရှင်းသောထနှင့် တစ်ခါတလေ လစ်ပြီး ထွက်ကြသည်များ ရှိပါသည်၊ ကျွန်တော်တို့က ခွင့်လွှတ်သော်လည်း သဘာဝတရားက ခွင့်မလွှတ်ပါ။ ထို့အတွက်ကြောင့် ထိုကိစ္စများအား ခြေရှင်းရမည့် ပြဿနာအဖြစ် အရေးထားရပါတော့သည်၊ လပတ်အစည်းအဝေးမတိုင်မီ ခေါင်းဆောင်များ အကြိုညှိနှိုင်းထားကြပါသည်၊ ပြဿနာ အရပ်ရပ်များအား ဘက်ပေါင်းစုံက စဉ်းစားပြီး ကြိုတင်ညှိထားရပါသည်၊

၎င်းနောက် လပတ်အစည်းအဝေးကျင်းပသောအခါ ၎င်းပြဿနာများအတွက် အစည်းအဝေးတွင် တင်ပြကြပြီး ညှိနှိုင်းကြပါသည်၊ အမျိုးသမီး ခေါင်းဆောင်များက ဘယ်လိုလုပ်သင့်တယ်၊ အမျိုးသားခေါင်းဆောင်များ က ဘယ်လိုလုပ်သင့်တယ် စသည်ဖြင့် ဖုံညီအောင် ဆွေးနွေးကြပါသည်၊ နောက်ဆုံး ဆုံးဖြတ်ချက်ကတော့ မိမိတို့အချင်းချင်း သင့်မြတ်နေလျှင် တာဝန်ရှိသူများထံ တင်ပြပြီး လက်ထပ်ကြရန်ဖြစ်သည်၊ လက်ထပ်ပြီး သည်ဆိုသည်နှင့် ၎င်းတို့ နေထိုင်ရေးအတွက် စီစဉ်ပေးရပါမည်၊

နောက်တစ်ချက်က သားသမီးမယူရေးဖြစ်ပါသည်၊ အတူတကွ နေထိုင်ရမည်၊ သားသမီးမယူရ၊ ဆေးခန်းတွင် ၃ လ တစ်ကြိမ် ကာကွယ်ဆေးထိုးရမည်၊ ၎င်းမှာ အိမ်ထောင်ပြုသူများအတွက် စည်းကမ်းဖြစ်ပါသည်၊ ကျန် အပျိုရဲမေများအတွက်ပါ စည်းကမ်းထုတ်ရပါသည်၊ တချို့ရဲမေများ သည် ရည်းစားတော့ထားမည်၊ အိမ်ထောင်မပြုချင်သူများဖြစ်သည်၊ ထိုရဲမေများအတွက်ပါ စည်းကမ်းတစ်ခါတည်း ထုတ်ရပါသည်၊

ချစ်သူများနှင့် ချိန်းမတွေ့ရ၊ ချိန်းတွေ့၍ တာဝန်ရှိသူများ တွေ့ရှိလျှင် လက်ထပ်ရမည်ဟု စည်းကမ်းထုတ်ပြန်ရပါမည်၊ ရဲဘော်ရဲမေများ အား စည်းကမ်းဘောင်ကြီးများနှင့် ချုပ်ကိုင်မထားချင်ပါ။ သို့သော် လူမှုရေး ပြဿနာများနှင့် မိမိတို့၏ အသက်ဘဝလုံခြုံရေးအတွက် စဉ်းစားရပါသည်၊ ကျွန်တော်တို့သည် အောက်ခြေရဲဘော်ရဲမေများနှင့် အနီးကပ်နေပြီး ထိန်းသိမ်းရသော ခေါင်းဆောင်များဖြစ်ပါသည်၊



Generated by CamScanner from intsig.com

အိမ်ထောင်ပြုခွင့်ရရှိသည့် စုတွဲများအတွက် နေစရာနေရာ စီစဉ်ပေးပြီးသည်နှင့်တစ်ဆက်တည်း ထေးခန်းသို့သွားပြီး ကာကွယ်ဆေးထိုးရန်ဖြစ်သည်။ ဆေးခန်းတွင် နောက်ထပ်ဆေးတစ်မျိုး ထပ်ပြီးထားရပါသည်။ တစ်ခါတလေ အကြောင်းအမျိုးမျိုးကြောင့် ဆေးခန်းတွင် ဆေးပြတ်ရသည့်အခါများ ရှိပါသည်။ ထိုအချိန်တွင် ရဲမေများသည် ရုံးခန်းရှေ့သို့လာပြီး လှောင်ပြောင်ကြပါသည်။ ကျွန်မတို့ ဆေးထိုးရက်ရောက်နေပြီ၊ ဆေးမထိုးရလို့ တစ်ပုံတစ်ခုဖြစ်ရင် ကော်မတီရဲ့တာဝန်ပဲဟု နောင်ပြောင်ပြောဆိုကြသည်။ ကျွန်တော်တို့သည် ၎င်းဆေးအား အမြန်ဆုံးရှာဖွေပြီး ဆေးခန်းသို့အမြန်ပို့ပေးရပါသည်။

ကျွန်တော်တို့ စခန်းရဲဘော်များသည် ခုံဝင်များတွင် ဝင်ရေးလှုပ်ရှားရသည်။ တပ်ရင်းများ အလှည့်ကျ တာဝန်ထမ်းဆောင်ရသည်။ အိမ်ထောင်ရှင်ရဲဘော်များ တာဝန်ကျသောအခါ အခက်အခဲဖြစ်ရပါသည်။ ရဲဘော်ရှေ့တန်းသို့ ထွက်သောအခါ ကျန်ခဲ့သော ဇနီးသည် ရဲမေအတွက်ဖြစ်ပါသည်။ တပ်ရင်း ၂၀၄ မှ ရဲဘော်များတာဝန်ထမ်းဆောင်ရန် ထွက်သောအခါ ၎င်းတို့၏ဇနီး ရဲမေအား ကျွန်တော့်ထံ အပ်ထားခဲ့ပါသည်။

ညဘက်အိပ်ရင်တောင် အစ်ကိုကြီးရဲ့အိပ်ရာဘေးတွင် အိပ်ပါဟုပြောဆိုပြီး အပ်သည့် ရဲဘော်များပင်ရှိပါသည်။ ရှေ့တန်းထွက် ရဲဘော်များအန္တရာယ်ကင်းရှင်းရန်အတွက် ရဲမေဇနီးသည်ကို ကျွန်တော်၏အိပ်ရာဘေးတွင် ညီမတစ်ဦးကဲ့သို့ စောင့်ရှောက်ပြီး ထားပေးရပါသည်။ ရှေ့တန်းထွက်ရဲဘော်များအတွက်သော်လည်းကောင်း၊ ဝင်ကြောင်းတစ်ခုလုံးအတွက်သော်လည်းကောင်း၊ စောင့်ရှောက်ရခြင်း၊ ညီငယ် ညီမငယ်ကဲ့သို့ ဖြစ်နေခြင်း ရဲဘော်ရဲဘက်ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။

Generated by CamScanner from intsig.com

## ကိုမိုးသီးဇွန်အား ဥက္ကဋ္ဌတင်မြှောက်မှု

❑

ကိုမိုးသီးဇွန်သည် ၈၉ ခုနှစ်မှ နယ်စပ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ နယ်စပ်သို့မရောက်ခင် ပြည်တွင်းတွင်ရှိနေစဉ် လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ၎င်းနောက် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်သို့ တိမ်းရှောင်လာမည့်အကြောင်း အဆက်အသွယ်များမှ တစ်ဆင့် သတင်းရောက်ရှိလာပြီး အခြေအနေမေးမြန်းရာ ကျွန်တော်တို့မှ လိုက်လဲ့စွာ ဖိတ်ခေါ်လိုက်ပါသည်။

၎င်းအား ဖိတ်ခေါ်ခြင်းမှာ ၎င်းအချိန်တွင် A.B.S.D.F ဗဟိုတွင် ညီညွတ်မှုအားနည်းနေပြီး အစဉ်အလာရှိသော ခေါင်းဆောင်တစ်ယောက်အား နေရာပေးလျှင် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံရေးကိစ္စများ အထင်ပြေအကောင်အထည်ပေါ်လာမည်ဟု ကျွန်တော်တို့ ထင်မြင်ယူဆပြီး ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့၏ ဘော့ဘောဘိုးစခန်းဥက္ကဋ္ဌ Sအောင်လွင်မှ လက်ရှိ A.B.S.D.F ဖြစ်စဉ်များကို သုံးသပ်ပြီး ကျွန်တော့်အား တိုင်ပင်ကာ ကိုမိုးသီး



Generated by CamScanner from intsig.com

ဇွန်အား ကျွန်တော်တို့ ကျောင်းသားအဖွဲ့တွင် ခေါင်းဆောင်အဖြစ် တင်မြှောက်ပေးရေးအတွက် ကူညီရန် တိုက်တွန်းပြောဆိုပါသည်။ သေ့ဘောဘိုးစခန်း ဥက္ကဋ္ဌ S အောင်လွင်သည် ကရင်လူမျိုးဖြစ်သော်လည်း ပြည်ထောင်စုအမျိုး သားစိတ်ဓာတ်ထားပြီး ကိုယ့်တိုင်းပြည် ကောင်းစားရေးအတွက် အမြော်အမြင်ရှိသူဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဝင်ဆန့်သူဖြစ်သည်။

၎င်းအချိန်တွင် ပြည်တွင်း လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌ ကိုမိုးသီးဇွန်ထံမှ သတင်းရောက်ရှိလာပါသည်။ ပြည်တွင်းတွင် နေထိုင်၍ မရတော့သည့်အတွက် တောခိုမည်ဟု သတင်းရောက်ပါသည်။ ကျွန်တော်တို့ကလည်း လာသာလာခဲ့ပါ၊ ကြိုဆိုပါမည်ဟု သတင်းပို့လိုက်ပါသည်။

ကျောင်းသားအဖွဲ့အစည်းများတွင် ကျန်းမာရေးချို့တဲ့မှု၊ အာဟာရချို့တဲ့မှု၊ ရည်ရွယ်ချက်ပန်းတိုင် ပျောက်ဆုံးနေမှုဖြင့် လုံးပါးပါးနေချိန်ဖြစ်ပါသည်။ ကျွန်တော်တို့၏ စဉ်းစားချက်မှာ ယခုလိုအချိန်မျိုးတွင် ပြည်တွင်းမှ ထင်ရှားသော ခေါင်းဆောင်တစ်ယောက် ဦးဆောင်လျှင် ပျောက်ဆုံးနေသောပန်းတိုင် ပြန်ရမလား စသည်တို့ဖြင့် မျှော်လင့်ပါသည်။ သို့သော် ၎င်းသည် လူ့ဘောင်သစ် ပါတီဥက္ကဋ္ဌဖြစ်နေသဖြင့် မည်သို့လုပ်ရမည်နည်း။ တစ်စုစုတော့ ရှင်းမှုဖြစ်မည့်ဟု အကြမ်းဖျဉ်း ဆွေးနွေးထားပါသည်။ ၎င်းနောက် မကြာမီ ကိုမိုးသီးဇွန် ရောက်ရှိလာပါသည်။

ကျွန်တော်တို့၏စခန်းသို့ လာရောက်လည်ပတ်ပြီး နိုင်ငံရေးအခြေအနေကို ဆွေးနွေးပါသည်။ ဗဟိုကော်မတီတွင် အရွေးချယ်ခံရန်အတွက် အောက်ခြေစခန်းရှိရပါမည်။ အောက်ခြေစခန်းမှ ရွေးချယ်ပြီး ဗဟိုသို့ ကိုယ်စားလှယ်အဖြစ်ပို့မှသာ ဗဟိုတွင် တရားဝင်ပြီး ဗဟိုကော်မတီအဖြစ် ရွေးချယ်ခွင့်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကိုမိုးသီးဇွန်အား သေ့ဘောဘိုးစခန်းတွင် ကျောင်းသားရဲဘော်အဖြစ် တပ်ရင်း ၂၀၄ တပ်ခွဲ ၁ တွင် စာရင်းသွင်းပြီး ဗဟိုသို့ ကိုယ်စားလှယ်အဖြစ် တင်မြှောက်ပေးလိုက်ပါသည်။ ၎င်းမကြာမီ ဗဟိုကော်မတီ တတိယအကြိမ်မြောက် ရွေးချယ်ကြပါသည်။



Generated by CamScanner from intsig.com

အောက်ခြေဝစခန်း ကိုယ်စားလှယ်အဖြစ် ဖဟိုညီလာခံသို့ ပို့ပေးမှသာ တရားဝင်ကိုယ်စားလှယ်ဖြစ်ရပြီး ရွေးချယ်ခွင့် ရရှိမည်ဖြစ်ပါသည်။ ၎င်းသည် ဒီမိုကရေစီကျင့်ဝတ်အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကိုမိုးသီးဇွန်အား ဥက္ကဋ္ဌ၊ ဒေါက်တာနိုင်အောင်အား ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရသည်။

ကိုမိုးသီးဇွန်အား ဒီမိုကရေစီကျင့်ဝတ်အရ ကျွန်တော်တို့ဝစခန်းကိုယ်စားလှယ်အဖြစ်တင်ပို့ထားကာ ဖဟိုကော်မတီအကြွအပြတွင် အောက်ခြေမှ အထင့်ထင့်တက်လာသောကြောင့် ကိုယ်စားလှယ်စည်းကမ်းညီညွတ်၍သာ လွယ်လွယ်ကူကူ မပြုတ်သွားခြင်းဖြစ်သည်။ ၎င်းအချိန်တွင် နဝတစစ်တပ်မှ ဝမ်ခစခန်းသို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပါပြီ။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကိုမိုးသီးဇွန်အား သေဘောဘိုးစခန်းရဲဘော်အဖြစ် တရင်းသွင်းကာ သေဘောဘိုးစခန်းကိုယ်စားလှယ်အဖြစ် ဖဟိုညီလာခံသို့ စေလွှတ်ပြီး ဖဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရန်အတွက် ကျွန်တော်တို့သည် ဝိုင်းဝန်းပြီး ထမ်းရွက်ခဲ့ကြသည်။

သေဘောဘိုးစခန်းတွင်ရှိစဉ် ၎င်း၏ပြည်တွင်း၌ အနေအထိုင်စက်ခဲမှုများ၊ N.L.D ဥက္ကဋ္ဌအား ဝေဖန်မှုများ၊ စစ်ထောက်လှမ်းရေး၏ လိုက်လံဖမ်းဆီးမှုကြောင့် ရှောင်တိမ်းထွက်ခွာလာမှုတို့အား ၎င်းမှ ရှင်းလင်းပြောပြပါသည်။ ကျွန်တော်တို့မှလည်း ၎င်းအား ဂုဏ်ပြုသည့်အနေဖြင့် ကျွန်တော်တို့၏ တောတွင်းဟင်းလျာများဖြစ်သော ကြခတ်မျှစ်ကြော်၊ ဆန်ကွဲထမင်းတို့ဖြင့် ကျွေးမွေးဧည့်ခံပါသည်။ ကျွန်တော်တို့သည် ပြည်တွင်းမှ အခြေအနေများ ကြားရသဖြင့် ကျေနပ်နေကြပြီး ပြည်တွင်းအထင်ကရခေါင်းဆောင်တစ်ဦးအား တောတွင်းရောက် ကျောင်းသားများအတွက် ဦးဆောင်သူအဖြစ် မြင်ယောင်ပြီး ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြသည်။

နောက်ပိုင်း A.B.S.D.F ဥက္ကဋ္ဌ တာဝန်ယူပြီးသည့်နောက်တွင် ဖဟိုကော်မတီတွင် ပြဿနာဖြစ်လာပါသည်။ ကျွန်တော်တို့က တောတွင်းစခန်းခေါင်းဆောင်၊ ၎င်းတို့က ဖဟိုကော်မတီခေါင်းဆောင်ဖြစ်သော



Generated by CamScanner from intsig.com

ကြောင့် အနီးကပ်ထိတွေ့ခြင်း မရှိသဖြင့် ၎င်းပြဿနာများ၏ ဇာစ်မြစ်အား မသိပါ။ သို့သော် ကျွန်တော်တို့ဝခန်းသို့ ဉက္ကဋ္ဌမိုးသီးဇွန်းနှင့်ပတ်သက်သော မေးခွန်းများ ရောက်လာပါသည်။

မိုးသီးဇွန်သည် ဘယ်သူလဲ၊ မိုးသီးဇွန်သည် ဘယ်ကလဲ စသည်တို့ဖြစ်ပါသည်။ ကျွန်တော်တို့ဝခန်းမှ တင်ထားသော ကိုယ်စားလှယ်ဖြစ်သဖြင့် ကျွန်တော်တို့ဝခန်းအား မေးခွန်းထုတ်ခြင်းဖြစ်သည်။

၎င်းမေးခွန်း၏ အဖြေများကို အားလုံးကျေနပ်အောင်၊ ပြေလည်အောင် ဖြေရှင်းပေးရပါသည်။ ၎င်းကိစ္စများကို ဥက္ကဋ္ဌသိပါသည်။ ကျွန်တော်တို့၏ တာဝန်ယူဖြေရှင်းမှုတို့ကြောင့် အန္တရာယ်ကင်းရှင်းစွာဖြင့် အလုပ်များလုပ်ကိုင်နိုင်ခြင်းပင်ဖြစ်ပါသည်။ ၎င်းနောက် ဗဟိုကော်မတီအတွင်းပိုင်းတွင် ဆိုးဆိုးဝါးဝါး ကွဲလွဲချက်များ ဖြစ်ပေါ်လာပြီး ဗဟိုရဲ့အက်ကြောင်းများလည်း ထင်ရှားလာပြီဖြစ်သည်။ ၎င်းမိုးသီးဇွန်မှလည်း ဥက္ကဋ္ဌနေရာမှ လုံးဝဖယ်ရှားပေးပြီး နောက်မဆုတ်လိုပါ။ ဒုဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်မှလည်း ဥက္ကဋ္ဌနေရာအား ဖယ်မပေးနိုင်ပါ။ ၎င်းတို့၏ ဥက္ကဋ္ဌတိုက်ပွဲများကြောင့် A.B.S.D.F ၏စစ်ရေးလမ်းစဉ်၊ နိုင်ငံရေးလမ်းစဉ်များလည်း နှောင့်နှေးမှုများဖြစ်ပေါ်နေပြီး A.B.S.D.F နှစ်ပိုင်းကွဲမည့်အခြေအနေ ဖြစ်ပေါ်နေပါသည်။

ထိုအကြောင်းများကြောင့် မဟာမိတ်အဖွဲ့အစည်းများသည် A.B.S.D.F အဖွဲ့အစည်းကြီးအား K.N.U ၏ဌာနချုပ်ဖြစ်သော မာနယ်ပလောတွင် ဝခန်းအသီးသီးမှ ကျောင်းသားခေါင်းဆောင်များနှင့် A.B.S.D.F ဗဟိုကော်မတီတို့အား တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညီညွတ်မှုတည်ဆောက်ပါလို့စီစဉ်ပြီး ၁၉၉၀ ပြည့်၊ ဧပြီလ (၁၈)ရက်နေ့တွင် ကျင်းပရန်ဖြစ်သည်။

Generated by CamScanner from intsig.com

## နဝတတပ်များ ထိုးစစ်ဆင်မှု

❑

ကျွန်တော်တို့သည် စခန်းများတွင် စစ်ပညာရပ်များ နိုင်ငံရေးပညာရပ်များ ထိုက်သင့်သလောက် သင်ယူတတ်မြောက်ခဲ့ပြီးသော်လည်း ပြန်လည် အသုံးချနိုင်ခြင်းမရှိသေးပါ။ လိုအပ်သော စစ်လက်နက် ကူညီမှုနှင့် အားပေးထောက်ပံ့မှု စသည်တို့ အလျှင်းမရှိပါ။ ၎င်းအပြင် အရာရာ စဉ်းစားဆင်ခြင်ပြီး စစ်ရေးကိစ္စ၊ နိုင်ငံရေးကိစ္စများအား သတိကြီးစွာ ဆောင်ရွက်နေရချိန်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ တက်ကြွသော စိတ်ဓာတ်များ၊ နယ်မြေစံများ၏ ပရိယာယ်များ စသည်များကိုလည်း ဂရုစိုက်ရပါမည်။ ပြည်တွင်းမှ လူထုများ ဒုက္ခပင်လယ်ဝေမည့် လှုပ်ရှားမှုများမဖြစ်စေဖို့ စသည်များဖြစ်သည်။

ထိုအချိန်တွင် နဝတမှ K.N.U ၏ နယ်ဝပ်စခန်းဖြစ်သော ဝမ်ခစခန်းအား စတင်ထိုးစစ်ဆင်ပါတော့မည်။ ဝမ်ခစခန်းနှင့် ကျွန်တော်တို့၏ သေ့ဘောဘိုးစခန်းအားသွားလျှင် ထိုင်းနိုင်ငံအား ဖြတ်သန်း၍ သွားရပါသည်။ အပြန်လမ်းမပေါ်တွင် ၃ နာရီနီးပါးမောင်းနှင်သော အကွာအဝေးဖြစ်ပါသည်။



Generated by CamScanner from intsig.com

မြန်မာနိုင်ငံ မြေပုံညွှန်းအရ မြောက်ဘက်တွင် ဝပ်ခဝစခန်း၊ ၎င်း၏ တောင်ဘက်တွင် ဖလူးစခန်း၊ ဖလူးစခန်းတောင်ဘက်တွင် မော်လီဆိုင်း သေ့ဘောဘိုးစခန်း၊ ၎င်းစခန်း၏တောင်ဘက် ဝေါလေစခန်းတို့ဖြစ်သည်။

ဝပ်ခဝစခန်းသည် ကျွန်တော်တို့စခန်း၏ မြောက်ဘက်တွင်ရှိပြီး နယ်မြေအနေအထားအရ ဝပ်ခဝစခန်းကျလျှင် ကျွန်တော်တို့ စခန်းအတွက် စိုးရိမ်ဝရာဖြစ်ပါသည်။ စစ်ဗျူဟာအရ ဝပ်ခဝစခန်းကျပြီးလျှင် ဖလူးစခန်းကို တိုက်မည်။ ဖလူးစခန်းကျပြီး မော်လီချိုင်း သေ့ဘောဘိုးစခန်း၊ ၎င်းနောက် ဝေါလေစသည်တို့ ဖြစ်မည်ကို ကျွန်တော်တို့ ကြိုပြီးတွက်ထားပါသည်။

ထို့အတွက်ကြောင့် ဝပ်ခဝစခန်းခုခံစစ်တွင် ကျွန်တော်တို့အား K.N.U မှ စစ်ကူတောင်းပါသည်။ ကျွန်တော်ထံသို့ တိုက်ရိုက်တောင်းခံခြင်း မဟုတ်ပါ။ စခန်းဉက္ကဋ္ဌထံမှတစ်ဆင့် ကျွန်တော် သိရပါသည်။ လက်ရှိ အိမ်ရှင်ဒုက္ခကို ကူညီရမည်ဖြစ်ပါသည်။ ကူညီ၍ ကိုယ့်ရဲဘော်တွေ ကျဆုံး ကုန်လျှင် ဘယ်လိုဖြေရှင်းမည်နည်း။ တစ်ဝှံတစ်ခုဖြစ်လျှင် စစ်ရေးတာဝန်ခံ ပဲ အပြစ်ဖို့ကြပါမည်။ ထို့အတွက်ကြောင့် စစ်ရေးအတွေ့အကြုံရှိသော ရဲဘော်ဟောင်းများအား စစ်ကြောင်းမှူးခန့်ပြီး ဝပ်ခဝစခန်းသို့ စစ်ကူပို့ရပါ သည်။

ထိခိုက်မှုမရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုပါ အသေး စိတ် ညွှန်ကြားရပါသည်။ ကျွန်တော်ကိုယ်တိုင် စစ်မြေပြင်သို့ လိုက်၍ မိမိ ရဲဘော်များ၏ တာဝန်ထမ်းဆောင်နေမှုအား သွားရောက်အားပေးကြည့်ရှု ရပါသည်။ စစ်ကူ ၂ လကျော်လောက်ကြာတော့ ဝပ်ခဝစခန်း အခြေအနေ မကောင်းတော့ပါ။ ထို့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင် ရဲဘော်များ အား သွားရောက်ခေါ်ဆောင်ခဲ့ပါသည်။ နောက်မကြာမီ ဝပ်ခဝစခန်း ကျသွား ပါသည်။ ကျွန်တော်တို့ ကျောင်းသားများဘက်မှ အထိအခိုက် အကျအဆုံး မရှိပါ။

K.N.U ဘက်မှ တော်တော်ကြီး အထိအခိုက် အကျအဆုံးများစွာ ဖြင့် စခန်းလက်လွှတ်လိုက်ရပါသည်။ ဝပ်ခဝစခန်းကျဆုံးပြီးလျှင် မကြာခင်

ဖလူးစခန်းသို့တိုက်မည်ဟု ကျွန်တော်တို့ တွက်ထားပါသည်။ တွက်ထားသည့်အတိုင်းလည်း တိုက်ပါသည်။ ဖလူးစခန်းကျပြီးသည်နှင့် ကျွန်တော်တို့စခန်းသို့ ရောက်လာပါတော့မည်။ ကျွန်တော်တို့စခန်း ကျဆုံးလျှင် မြန်မာပြည်မြေပေါ်မှာ နေစရာအတွက် အခက်အခဲ ဖြစ်ပေါ်လာပေတော့မည်။ ထို့အတွက် မြန်မာ့မြေပေါ်မှာ စခန်းချနိုင်မည့်နေရာများအား ကြိုတင်ရှာဖွေနေကြရပါသည်။

ကျွန်တော်တို့၏စခန်းမှ မိုင် ၃၀၀၊ ၄၀၀ လောက်ဝေးသော နယ်ခြားများအထိ သွားရောက်ပြီး ရှာဖွေကြပါသည်။ ဗိုလ်မှူးရောဘတ်ဇံသည် ကျွန်တော်တို့အပေါ် အလွန်သံယောဇဉ်ကြီးမားသော စစ်ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ သူ၏တပ်ဖွဲ့အတွက် နေရာရော၊ ကျွန်တော်တို့တပ်ဖွဲ့အတွက် နေရာရော သွားရောက်ရှာဖွေခဲ့ပါသည်။ အလွန်ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ၎င်းနေရာတွင် စခန်းမထိုင်ဖြစ်ပါ။

အဝိုင်းတွင်ဖြစ်ပေါ်ခဲ့သော ကိုတင်မောင်ဆန်းတို့ စခန်းအကြောင်းလည်း ကျွန်တော် အနည်းငယ်တင်ပြပါမည်။ ကိုတင်မောင်ဆန်းတို့ စခန်းစတင်ချိန်မှာ အင်အားတစ်ထောင်ကျော် တရင်းရှိပါသည်။ နေ့စဉ် လူဦးရေမှာ လျော့လျော့သွားပါသည်။ ထိုင်းနိုင်ငံတွင် ဒုက္ခသည်စခန်းဖွင့်ပြီး ကျောင်းသားများကို လက်ခံကာ မြန်မာနိုင်ငံသို့ လေယာဉ်များနှင့် ပို့ဆောင်ချိန်ဖြစ်ပါသည်။

ပြန်သွားသောကျောင်းသားများနှင့် လာရောက်ခေါ်ဆောင်သော မြန်မာနဝတအာဏာပိုင်များကို ကျေးဇူးတင်ရမည်လို ဖြစ်နေပါသည်။ ပွင့်ပွင့်လင်းလင်းရေးရလျှင်တော့ ကျွန်တော်တို့သည် ၎င်းအချိန်တွင် ပန်းတိုင်ပျောက်နေချိန်ဖြစ်ပါသည်။ စခန်းကို စွန့်ခွာသွားသော လူငယ်များသည် တစ်ဖက်နိုင်ငံတွင် ယောင်လည်လည်နှင့် ဖြစ်နေချိန်တွင် မိဘရင်ခွင်ထဲသို့ ပြန်ရောက်သွားခြင်းသည် အကောင်းဆုံးသော လုံခြုံမှုပင်ဖြစ်သည်။



Generated by CamScanner from intsig.com

ကိုတင်မောင်ဆန်းတို့စခန်းသည် ကိုတင်မောင်ဆန်း၏ အုပ်ချုပ်မှုအောက်တွင်သာရှိပြီး ကျွန်တော်တို့စခန်း၏ အုပ်ချုပ်မှု၊ ဗဟို၏အုပ်ချုပ်မှုအောက်တွင် ရှိမနေပါ။ စစ်ရေးကိစ္စ၊ နိုင်ငံရေးကိစ္စ၊ ပူးပေါင်းခြင်းမရှိ။ ရိက္ခာ၊ ကျန်းမာရေး စသည်တို့သည် ၎င်းတို့ဘာသာ ရယူသုံးစွဲပြီး ကျွန်တော်တို့ ထံမှလည်း ရိက္ခာခွဲတမ်း၊ ဆေးခွဲတမ်းများကို ပုံမှန်ယူပါသည်။

အထက်တွင်ရေးခဲ့သလို သူ့ရဲဘော်များအရေးပေါ် ကျန်းမာရေး ကိစ္စများ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ တခြားတပ်များနှင့် ပြဿနာ ဖြစ်ခဲ့လျှင် ကျွန်တော်တို့က ဖြေရှင်းပေးရခြင်းစသည့်အလုပ်ကိစ္စများ လုပ်ကိုင်ပေးရသော်လည်း ကျွန်တော်တို့ကို အမြဲတမ်း အမြင်ကြည်လင်မှုမရှိပါ။ ကျွန်တော်တို့တစ်ဖွဲ့လုံးသည် အမြဲတမ်း သည်းခံလျက်ရှိသည်။

တဖြည်းဖြည်းနှင့် ၎င်းတို့စခန်းတွင် အင်အား ၁၀၀ ကျော်လောက်သာ ရှိပါတော့သည်။ မြန်မာနိုင်ငံမှ နဝတအစိုးရသည် ဒုက္ခသည်စခန်းဖွင့်၍ ကျောင်းသားများအား ပြန်လည်ခေါ်ယူနေသဖြင့် တစ်ဖက်နိုင်ငံမှတစ်ဆင့် ပြန်သွားကြပါသည်။ ၎င်းအချိန်မှာ ကျောင်းသားများကို နဝတ၏ ဒုက္ခသည်စုရပ်သို့ ပို့ဆောင်ပေးသူများကို ကျောင်းသားတစ်ယောက်လျှင် နိုင်ငံခြားငွေနှင့် × × × × × ဘောက်ဆူးပေးနေပါသည်။

တချို့ကလည်း စေတနာနှင့်၊ တချို့ကလည်း ငွေကြေးနှင့် ပို့ဆောင်နေကြပါသည်။ စခန်းရှိ လက်ကျန်ကျောင်းသားများ၏ စိတ်ထဲတွင် ဗိုဗိုတို့သည် ဆုံးဖြတ်ချက်မာသည်။ ပန်းတိုင်ရောက်အောင်သွားမည်။ ဘယ်လောက်ပဲ ဆင်းရဲပါစေ၊ ဒုက္ခတွေရောက်ပါစေ၊ ပန်းတိုင်ကိုရောက်အောင်သွားမည်။ အောင်မြင်မှုနှင့်အတူ ပြည်တော်ပြန်မို့ ဆုံးဖြတ်သောသူများအဖြစ် ခံယူထားပြီး ပြည်တော်ပြန်ရေးပြောသော သူသည် ရန်သူပင်ဖြစ်သည်။

ကိုတင်မောင်ဆန်းတို့စခန်းနှင့် ထိုင်းနယ်စပ်သည် အလွန်နီးပါသည်။ ကိုတင်မောင်ဆန်းတို့စခန်းမှ ကိုက် ၅၀၀ လောက်အကွာတွင် ဓဝါလ ရွာင်းရှိပါသည်။ ၎င်းရွာင်း၏ အရှေ့ဘက်နယ်မြေသည် ထိုင်းပိုင်ဖြစ်ပြီး

အနောက်ဘက်နယ်သည် မြန်မာပိုင်ဖြစ်သည်။ ထိုင်းနိုင်ငံ၏မြို့နယ်သည် ဖိုးဖမြို့နယ်ဖြစ်သည်။

တစ်နေ့တော့ ဖိုးဖမြို့ပိုင်သည် ကိုတင်မောင်ဆန်းတို့၏ ဝခန်းအနီးအနားရှိ ၎င်းတို့ပိုင်နယ်မြေပေါ်က ကျောင်းသားများအား အိမ်သို့ပြန်မလားဟု သူလိုက်ပို့ပေးမယ်လို့ ခေါ်ပါသည်။ ကျောင်းသားများကတော့ ဝခန်းအနီးအနားအထိ လာခေါ်သည်လို့ ပြောပါသည်။ သို့အတွက် ကိုတင်မောင်ဆန်းတို့အဖွဲ့သည် ဖိုးဖမြို့ပိုင်အား ဖမ်းဆီးပြီး ဝခန်းရှိတိုင်တွင် ကြိုးတုပ်ထားပါသည်။ ၎င်းအချိန်တွင် ကိုတင်မောင်ဆန်းတို့ ဝခန်းတွင် အင်အား ၁၀၀ ကျော်လောက်သာ ရှိတော့မည်လို့ထင်ပါသည်။

ထိုင်းဘက်ကလည်း သူတို့မြို့ပိုင်ကို ဖမ်းရမလားဆိုပြီး သူတို့နယ်စပ်ရှိ စစ်အင်အားများသည် ၎င်းတို့နယ်မြေများပေါ်တွင် နေရာယူထားပါသည်။ လက်နက်ကြီးအမျိုးမျိုးတို့ဖြင့် ဝခန်းအား ချိန်ထားပါသည်။ ထိုင်းနယ်စပ်ရှိ စစ်အင်အားများကို သိသလောက်ပြောပါမည်။ နယ်ခြားတွင် (နယ်ခြားစောင့်တပ်၊ အမဲရောင်ဝတ်) (ပြောက်ကျားတပ်) စစ်တပ်၊ (နယ်ခြားစောင့်ရဲ မီးခိုးရောင်ဝတ်) (ရဲရောင်ဝတ်) လူဝင်မှုကြီးကြပ်ရေး ၎င်းတို့အားလုံးသည် လက်နက်များကိုင်ဆောင်သော လက်နက်ကိုင်တပ်များဖြစ်သည်။

လက်နက်ကြီး၊ လက်နက်ငယ် စသည့်အင်အားရှိသလောက် ၎င်းကျောင်းသားဝခန်းအား ချိန်ထားပါသည်။ ၎င်းတပ်တို့သည် မြန်မာဘက်နယ်မြေသို့ မကျူးပါ။ ကျွန်တော်တို့ဝခန်းကလည်း သတင်းကြားကြားချင်း ဝခန်းတွင် တပ်လှန့်ပြီး အဆင်သင့်ပြင်ထားပါသည်။ ကျွန်တော်တို့ဝခန်းသည် ကိုတင်မောင်ဆန်းဝခန်းနှင့် ၁ မိုင်လောက်ဝေးပြီး ထိုင်းနယ်စပ် ၂ မိုင်လောက်အဝေးတွင်ရှိသော တောတွင်းဝခန်းဖြစ်သည်။ အချင်းချင်း အဆင်မပြေသော်လည်း ကျောင်းသားထိလျှင်တော့ မခံနိုင်ပါ။

၎င်းအချိန်တွင် K.N.U တပ်မဟာ ၆၊ တပ်မဟာမှူး ဗိုလ်မှူးကြီးရွှေထိုင်းမှ ကျွန်တော့်အား ကားလွှတ်ပြီး လာခေါ်ပါသည်။ ကျွန်တော်လည်း

အနီးအနားရှိ တပ်ခွဲမှူးတစ်ဦးအား ခေါ်ပြီး ရုက်ချင်း လိုက်သွားပါသည်။ တပ်မဟာမှူးက ကိုတင်မောင်ဆန်း၏စခန်းတွင် ကြိုတင်ရောက်ရှိပြီး စောင့်နေပါသည်။ အချိန်မှာ နံနက် (၁၀) နာရီလောက်ဖြစ်ပါသည်။

ကျွန်တော်ရောက်သည့်အခါ တပ်မဟာမှူးက ဘယ်လိုလုပ်ကြမလဲ၊ ဟိုဘက်မှာလည်း ထိုင်းတပ်က အဆင်သင့်နေရာယူထားပြီးပြီ၊ ငါ့ကိုလည်း K.N.U ဟိုကရော၊ ထိုင်းတပ်ကရော ပြန်လွှတ်ပေးဖို့ ဖိအားပေးနေတယ်။ K.N.U သည် ထိုင်းနိုင်ငံကို အမိကမိုခိုနေရသော အဖွဲ့အစည်းဖြစ်သည်။ K.N.U တို့အနေဖြင့် ထိုင်းနှင့် မည်သည့်ပြဿနာမှ မဖြစ်လိုပါ။ ၎င်းတို့ရပ်တည်ရေးအတွက် အခက်အခဲဖြစ်မည်ကို စိုးရိမ်ပါသည်။

ကိုတင်မောင်ဆန်းအပါအဝင် စခန်းတွင် ကျောင်းသားခေါင်းဆောင်များ မရှိပါ။ ကိုတင်မောင်ဆန်းနှင့် အတူတူ ထိုင်းနိုင်ငံထဲ သွားပြီး သတင်းထောက်တွေကို သွားခေါ်သည်လို့ ပြောပါသည်။ သူ မရောက်လျှင် မလွှတ်ပါနှင့်ဟု ပြောပါသည်။ တပ်မဟာမှူးသည် သူ၏အမိန့်ဖြင့် ၎င်းမြို့ပိုင်အားချည်နှောင်ထားသော ကြိုးအား ဖြေပေးခြင်း၊ လွှတ်ပေးရန် ပြောဆိုခြင်းလုံးဝမရှိပါ။ စိတ်ရှည်သည်းခံစွာဖြင့် စောင့်ပါသည်။

ကျွန်တော့်အား တပ်မဟာမှူးက တိုင်ပင်သော်လည်း သူတို့ ပြန်ရောက်တဲ့အထိ စောင့်ရန်သာ ကောင်းပါသည်။ အခြေအနေဆိုးတဲ့အထိတော့ မဖြစ်နိုင်တော့ပါ။ ကျွန်တော်မရောက်ခင် နံနက်ပိုင်းကဆိုလျှင် ၎င်းမြို့ပိုင်အား တိုင်တွင်ကြိုးတုပ်ပြီး ၎င်းမြင်ရသည့်နေရာလောက်မှ ဓားသွေးခြင်း၊ တီးတိုးတီးတိုးတိုင်ပင်ခြင်း၊ မြေနေရာပြင်ခြင်း စသည်တို့ အမျိုးမျိုး လုပ်ပြနေကြသည်။

မြို့ပိုင်သည် အလွန်အလွန် ကြောက်လန့်နေပါသည်။ ၎င်းကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ အမျိုးမျိုး သွားလုပ်ပြနေကြပါသည်။ မြို့ပိုင်ကလည်း သူ့ကိုမသတ်ပါနဲ့ဟု တောင်းပန်နေသည်။ ရေမတိုက်၊ အစာမကျွေးပါ။ ၎င်းတို့သည် ငါတို့ကျောင်းသားစခန်း ဖြိုခွဲတဲ့သူပဲဆိုပြီး ထင်တိုင်း ခြောက်လှန့်နေကြသည်။

ကျွန်တော်နှင့် K.N.U တပ်မဟာမှူးတို့ ရောက်သွားတော့မှ ၎င်း သက်သာသွားပါသည်။ ကျောင်းသားများလုပ်ရပ် မည်မျှ ဝိပြင်သနည်းဆို လျှင် တပ်မဟာမှူးရော၊ ထိုင်းဘက်ကရော တကယ်ပဲ ကျောင်းသားတွေ ခေါင်းဖြတ်ပြီး သတ်လိမ့်မည်ဟု ထင်နေကြပါသည်။ ၎င်းအချိန်တွင် ထိုင်း ဘက်ရော K.N.U ဘက်ရော၊ တရားခံဘက်ရော အလွန်ပင် ထိတ်လန့် ချောက်ချားလျက် ရှိကြသည်။

ကျွန်တော်တို့လည်း ရေမသောက်၊ ထမင်းမစားရနှင့် စောင့်နေရ သည်မှာ နေ့လယ် (၂) နာရီထိုးသည်အထိ မည်သူမှ ပြန်မရောက်သေး။ တပ်မဟာမှူးလည်း ငုတ်တုတ်၊ ကျွန်တော်တို့လည်း ငုတ်တုတ်၊ နေ့လယ် ၂ နာရီခွဲလောက်အချိန်ကျမှ A.B.S.D.F ဝဟိုမှ ခေါင်းဆောင်တချို့မော်လီ ချိုင်း သေဘောဘိုးဘက်မှ လှည့်ဝင်ပြီး ရောက်ရှိလာပါသည်။ ဝဟိုမှခေါင်း ဆောင်နှင့် တပ်မဟာမှူးတို့အား တွေ့ဆုံပေးခဲ့ပြီး ကျွန်တော်တို့လည်း စခန်း သို့ ပြန်လာခဲ့ပါသည်။ မြို့ပိုင်အား ပြန်လွှတ်ပေးလိုက်ကြောင်း၊ အခြေအနေ အားလုံးကောင်းကြောင်းဖြင့် ညနေလောက်ကျတော့ သတင်းရောက်လာ ပါသည်။

၎င်းကိစ္စ ဖြစ်ပေါ်ပြီးနောက်ပိုင်း ၁ လ၊ ၂ လလောက်အကြာတွင် ၎င်းစခန်းတွင်ရှိ ရဲဘော်အယောက် ၂၀ ကျော်ပဲ ကျန်တော့သည်။ K.N.U မှ လည်း ၎င်းစခန်းမှ ရဲဘော်များအား ကျွန်တော်တို့စခန်းတွင် ပေါင်းပြီးနေရန် အတွက် အဆိုပြုပါသဖြင့် ကျွန်တော်ကိုယ်တိုင် ၎င်းစခန်းသို့သွားရောက်ပြီး လက်ကျန်ရဲဘော်များအား ကျွန်တော်တို့စခန်းသို့ ခေါ်ဆောင်ခဲ့ပါသည်။ ကျွန်တော်တို့စခန်းသို့ ရောက်သောအခါ ၎င်းတို့အုပ်စုအား သီးခြားအုပ်စု အဖြစ် ဖွဲ့ပြီးထားပေးပါသည်။ တချို့ကလည်း တစ်ဖက်နိုင်ငံသို့ ကူးသွားကြ သည်။

၎င်းအချိန်တွင် ဝမ်ခစခန်းအား နဝတတပ်မတော်မှ ပြင်းပြင်းထန် ထန် စစ်ဆင်နေချိန်ဖြစ်ပါသည်။ ကျွန်တော်တို့မှာလည်း စုစံဝစ်အတွက် စစ်ကူလွှတ်ပေးရပါသည်။ စစ်ကူသွားရန်ဖြစ်သော်လည်း ကျွန်တော်တို့



Generated by CamScanner from intsig.com

ကျောင်းသားများသည် စစ်ပညာသာ သင်ယူထားလင့်ကစား တကယ် လက်တွေ့စစ်မတိုက်ဖူးသေးပါ။ K.N.U သည် ကျွန်တော်တို့၏ အိမ်ရှင်ဖြစ်နေပါသည်။ ထိုးစစ်တုန်းကလည်း ရှောင်ဖယ်ရှောင်ဖယ်လုပ်ခဲ့ပြီး ခုခံစစ်မှာလည်း ထပ်ပြီး ရှောင်ဖယ်လျှင် မကောင်းတော့ပါ။

ဝမ်ခစခန်းသည် ကျွန်တော်တို့ခခန်းနှင့် အလှမ်းဝေးသော်လည်း စစ်ဗျူဟာအရအရေးပါသည့် စခန်းဖြစ်နေပါသည်။ ဝမ်ခစခန်းကျပြီးရင် ဖလူးစခန်း၊ ဖလူးစခန်းပြီးရင် ကျွန်တော့်စခန်းနှင့် အလွန်နီးပြီး လုံခြုံမှုမရှိတော့မည်ကို သိသဖြင့် တော်တော်ကြီးစဉ်းစားပြီး စခန်းကော်မတီအစည်းအဝေးထိုင်ပြီး စစ်ကူပို့ရပါသည်။ ထို့ကြောင့် စစ်ရေးအတွေ့အကြုံ ရှိသော သင်တန်းမှူးများဖြစ်သည့် ရဲဘော်ဟောင်းများအား စစ်ကြောင်းမှူးခန့်၍ စစ်ကူလွှတ်ရပါသည်။

မြန်မာ့တပ်မတော်သားကောင်း ရဲဘော်များအား စစ်ကြောင်းမှူးခန့်၍ လွှတ်ရာ ၎င်းတို့သည် မလုပ်ချင်ကြပါ။ သို့သော် ၎င်းတို့အား ရှင်းပြရပါသည်။ ပထမတစ်ခုသည် ကျွန်တော်တို့၏ ရပ်တည်ရေး၊ နောက်တစ်ခုသည် အိမ်ရှင်၏အကူအညီတောင်းခံမှု၊ နောက်တစ်ခုသည် စစ်ပညာနုနယ်သော ကျောင်းသားများ၊ ထို့ကြောင့် နားလည်မှုရှိပါဟု မေတ္တာရပ်ခံပါသည်။

အဆိုးဆုံးမှာ ညှိသည်လက်ခံ၍ ၎င်းတို့ တိုက်ခံထိသည်ဟု တချို့ခေါင်းဆောင်များက ပြောစကားပင်ဖြစ်သည်။ ၈၉ ခုနှစ် နှစ်ကုန်ခါနီး ထင်ပါသည်။ ဝမ်ခစခန်း ကျပါသည်။ ဝမ်ခစခန်းကျပြီး မကြာမီ ဖလူးစခန်းသို့ စစ်ကြောင်းထိုးပါသည်။ ဖလူးစခန်းသည် ကျွန်တော်တို့နှင့် မဝေးသော စခန်းဖြစ်သည်။ ကျွန်တော်တို့ ရပ်တည်ရန်အတွက် နယ်မြေလိုအပ်ပါတော့မည်။ ဖလူးစခန်းမကျရေးအတွက် ကြိုးကြိုးစားစား ကူညီပါသည်။ ခံစစ်အနေဖြင့် ၂ လကျော် ၃ လလောက် ကြံ့ကြံ့ခံထားနိုင်ပါသည်။ ၈၉ ခုနှစ် ကုန်ပိုင်းလောက်တွင် အခြေအနေ မကောင်းတော့ပါ။ K.N.U မှ စခန်းလက်လွှတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါသည်။



Generated by CamScanner from intsig.com

ထို့ကြောင့် မော်လီဆိုင်းကျေးရွာမှ ရွာသူရွာသားများ၊ သေ့ဘောဘိုးစခန်းမှ ဈေးသူဈေးသားများ စသည်တို့သည် တစ်ဖက်နိုင်ငံသို့ ပြောင်းရွှေ့ကြပါသည်။ K.N.U မှ နယ်မြေစွန့်လွှတ်လျှင် ကျွန်တော်တို့လည်း စွန့်လွှတ်ရှောင်ပြေးရပါတော့မည်။ ကျွန်တော်တို့စခန်း ကျဆုံးတော့မည့်အချိန်သည် ဆောင်းရာသီဖြစ်ပါသည်။ သေ့ဘောဘိုးဈေးတန်းရှိ အဆောက်အဦများသည် လူသူလုံးဝမရှိ၊ တိရစ္ဆာန်မရှိ၊ ရွက်ကြွေတောမှ သစ်ရွက်များ လွင့်ပါးလျက် ပကာတိ တိတ်ဆိတ်ငြိမ်သက်မှုများနှင့် ဝမ်းနည်းဖွယ် ကောင်းပေစွ။

ကျွန်တော်တို့ စရောက်ခဲ့သောနယ်မြေ၊ ကျွန်တော်တို့ ရပ်တည်ခဲ့သောနယ်မြေ၊ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားနေရသောနယ်မြေ၊ အနုပညာစိတ်နှင့် ခံစားမြင်ကြည့်လျှင် အလွန်ပင် ဝမ်းနည်းစရာဖြစ်ရပါသည်။ ဆူဆူညံညံသွားလာနေမှု၊ ရောင်းဝယ်နေမှု၊ ဈေးတန်းများ၊ တသင်ကျောင်းများမှ ကလေးများ၏ ပြေးလွှားဆော့ကစားနေမှုများကို မျက်စိတွင် တရေးရေးပေါ်လာပြီး စိတ်မကောင်းကြီးစွာ ဖြစ်ရပါသည်။ မကြာခင် ဖလူးစခန်း ကျပါတော့သည်။ (၎င်းဖလူးစခန်းကို ယခုအခါ ရွှေကုက္ကိုလ်ကျေးရွာအုပ်စုဟု အမည်တွင်ပါသည်။)

ကျွန်တော်သည် ဝစ်ကူပို့ထားသော ရဲဘော်များအား စခန်းသို့ ပြန်လည်ခေါ်ယူပြီး စခန်းရှိလက်ကျန်ရဲဘော်ရဲမေများအားလုံးအား တစ်စုတစ်ဝေးတည်း စုထားပါသည်။ အခြေအနေအရပ်ရပ်ကို ရှင်းပြပါသည်။ ကျွန်တော်တို့သည် တစ်စုတစ်ဝေးတည်း တောင်ဘက်အဝိုင်း ဆုတ်ခွာပါမည်။ ဝေါလေရွာအထိ ဆုတ်ခွာကြရပါမည်။ စစ်တိုက်ပွဲဖြစ်နေသည့်အတွက် ရဲဘော်ရဲမေများသည် မိမိစခန်းမှ အကြောင်းမရှိဘဲနှင့် စခန်းပြင်ပသို့ မထွက်ခွာပါနှင့်။ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲတတ်သည်။ ယခုစည်းကမ်းကိုတော့ တိတိကျကျလိုက်နာပါ။ အသက်အန္တရာယ်ရှိသဖြင့် နားလည်ပါဟု ရှင်းပြရပါသည်။

မကြာခင် စစ်သတင်း ရောက်လာပါသည်။ ဖလူးစခန်းကျသွားပြီး နဝတာတပ်ကြီး ကျောက်စက်ဘက်သို့ ရောက်နေပြီဟု သတင်းရောက်လာ



Generated by CamScanner from intsig.com

သည်။ K.N.U သည် စုခံစစ်ဖြင့် နောက်ဆုတ်ရန်အတွက် ရည်ရွယ်ထားပြီး ဖြစ်သည်။ ကျွန်တော်တို့သည် အရေးကြီးသော စာရွက်စာတမ်းများ၊ ဆေးရုံ ပစ္စည်းများ၊ လက်နက်များ စသည်တို့ကို ယူဆောင်လာပြီးသောအခါ တောင်ဘက်အတိုင်း ဆုတ်ခွာလာရာ ဝေါလေစခန်းသို့ ရောက်ခဲ့ပါသည်။

ကျွန်တော်တို့သည် စခန်းရှိ အဆောက်အဦများဖျက်ဆီးခြင်း၊ မီးရှို့ခြင်း လုံးဝမလုပ်ခဲ့ပါ။ တချို့ခေါင်းဆောင်များ မီးရှို့ဖျက်ဆီးချင်ပါသည်။ ကျွန်တော်တို့ စစ်သင်တန်းတွင်သုံးသော မြေပေါ်ရှိ အဆောက်အအုံပစ္စည်းများ၊ စုခံစစ်တွင် သင်ကြားသော မြေပြင်ပြုပြင်မှုနည်းပညာများ၊ စာသင်ကျောင်း၊ အဆောက်အအုံ၊ ဆေးရုံ၊ တကြည့်တိုက် စသည်တို့ကို တစ်ခုမှ မဖျက်ဆီးပါ။ ဒီအတိုင်းထားခဲ့သည်။ မီးရှို့လိုက်လျှင် ထွက်ပေါ်လာသော မီးကြောင့် ရန်သူတပ်အတွက် နေရာပြသလိုဖြစ်ပြီး ကျွန်တော်တို့ဆုတ်ခွာလျှင် အခက်အခဲဖြစ်နိုင်ပါသည်။ ထိုအတွက်ကြောင့် ဒီအတိုင်းထားခဲ့ခြင်း ဖြစ်ပါသည်။

K.N.U တပ်များသည် ရန်သူ၏ စစ်ဦးထိန်းသည့် တာဝန်နှင့် နောက်ပိုင်း စခန်းရွှေ့ပြောင်းရသည့် တာဝန်များနှင့်တစ်ဦးနှင့်တစ်ဦး ကူညီခြင်းများ မလုပ်နိုင်ပါ။ ဒေသစာလုံးဖြစ်သော "နောက်ကျတဲ့ဖနောင့် သစ္စာဖောက်" ဆိုသည့်အတိုင်း လုပ်ဆောင်နေကြပါသည်။ တချို့သူများသည် ကျွန်တော်တို့ကြောင့် သူတို့ တိုက်ခံထိသည်၊ ပြေးရသည်ဟု ယုံကြည်ပြီး ကျွန်တော်တို့အပေါ် အမြင်မရှင်းပါ။ မကျေနပ်ကြပါ။ ထို့ကြောင့် ကျွန်တော်တို့အား ကူညီပေးမရန် စိုးဝဉ်းမျှ မရှိပါ။

ကျွန်တော်တို့လည်း ကိုယ့်တပ်အင်အားဖြင့် နောက်ဆုတ်ခဲ့ရာ ဝေါလေသို့ ရောက်ပါပြီ။ ဝေါလေတွင်လည်း K.N.U တပ်ရဲဘော်တစ်ယောက်တလေမျှ မတွေ့တော့ပါ။ အဆောက်အဦများတော့ သည်အတိုင်းပဲ ရှိပါသည်။ လူ မတွေ့ရတော့ပါ။ အရပ်သားအသွင်နှင့် ကြည့်လျှင် သွေးပျက်စရာ ကောင်းပါသည်။ သက်ရှိဆို၍ ဘာဆိုဘာမှ မရှိတော့ပါ။

သေသေချာချာကြည့်တော့မှ အဆောက်အဦတွေထဲမှ တစ်ယောက်စ နှစ်ယောက်စ တွေ့ရပါသည်။ ရင်းဝတ်ထားသော စစ်ယူနီဖောင်း

နှင့် ဦးထုပ်များကြောင့် နောက်ခံဖြစ်သော အစထောက်အညီ သစ်ပင်သစ်ရွက်များနှင့် ရောထွေးပြီး မတွေ့ရပါ။ တွေ့ရမြင်ရတာတော့ သူတို့၏မျက်နှာ တစ်ကွက်ပဲ မြင်ပါသည်။ ၎င်းမှ နောက်တစ်ဆင့် တခြားအစိတ်အပိုင်းများ တွေ့ရပါသည်။ မျက်နှာတွင် အိုးမဲသုတ်ထားသော ရဲဘော်များကိုမူ လုံးဝမတွေ့ရပါ။ ၎င်းတို့ လှုပ်ရှားသောအခါမှ တွေ့ရပါသည်။ ၎င်းတို့မှ ကျွန်တော့်အား လက်ဖြင့် အချက်ပြပါသည်။ ထိုင်းဘက်ကမ်းသို့ ကူးသွားရန် အချက်ပြပါသည်။ ကျွန်တော်တို့လည်း တစ်ဖက်ကမ်းသို့ ကူးသွားကြပါသည်။

၅ မိနစ်လောက် လျှောက်ပြီးသောအခါ ထိုင်းတပ်နှင့် တွေ့ပါသည်။ ၎င်းတို့နှင့်အတူပါလာသော ထိုင်းရဲများမှ ကျွန်တော်တို့အား တစ်ဦးချင်း ရှာဖွေပါသည်။ လက်နက်ရှာဖွေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ကိုင်ထားသော လက်နက်များကို သိမ်းပါသည်။ ကျွန်တော်တို့ကမပေးပါ။ နောက်စကားပြန်က ဒီလက်နက်များကို ကောယူထားတာပါ။ ဒီမှာ ဘာပြဿနာမှ မရှိတော့ပါဘူး။ အဲဒါကြောင့် ဒီအနီးနားပတ်ဝန်းကျင်တွင် ကောနားနိုကြပါဟု ပြောပါသည်။ ကျွန်တော်တို့လည်း စကားပြန်မှတစ်ဆင့် အပြန်အလှန် ဆွေးနွေးပြီး မြန်မာနယ်စပ်နှင့် ၄ ဖာလုံလောက်အကွာအဝေး သစ်ပင်များ အုံ့ဆိုင်းသည့်နေရာတွင် ကောတာနားနိုရန်အတွက် ခွေ့ဝခန်းချပါသည်။

ပါလာသည့် ရိက္ခာများနှင့် ချက်ပြုတ်စားသောက်ပြီး စစ်ပြေးဒုက္ခသည်အဖြစ် မြေကြီးပေါ်တွင် အခင်းခင်းပြီး အိပ်ကြပါသည်။ ၎င်းနေရာတွင် တစ်ပတ်ကျော်ကျော်လောက် နေရပါသည်။ ၎င်းနေရာမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်း × × × × × စခန်းသို့ ရွှေ့ပေးပါသည်။ ၎င်းစခန်းမှနေပြီး မရေရာ မသေချာသော နိုင်ငံရေးအခြေအနေများကို လှုပ်နေရသည်။ ၎င်းနောက် ၉၀ ရွေးကောက်ပွဲပြုလုပ်မည့် အခြေအနေကို မျှော်လင့်အားကိုးကြပါသည်။ ထူးအိမ်သင်ရဲ့ အမေ့အိမ်သီချင်းသည် ရဲဘော်ရဲမေများ၏ နှုတ်များဝယ် ပျံ့နှံ့လျက်ပင်ရှိသည်။

Generated by CamScanner from intsig.com

## "၉၀" ပြည်တွင်းရွေးကောက်ပွဲ အခြေအနေသုံးသပ်ချက်

❑

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကျောင်းသားများ၊ ပြည်ပရောက် အင်အားစုများအားလုံးသည် ရွေးကောက်ပွဲအဖြေကို မျှော်လင့်ကြသည်။ အမိမြေသို့ အားလုံးလွမ်းကြသည်။ ပြန်ချင်ကြသည်။ ကျွန်တော်တို့မှလည်း ပြည်တွင်းမှာရှိသည့် သတင်းအချက်အလက်များကို ယူပြီး သုံးသပ်ကြသည်။ ပြည်တွင်းမှ သတင်းရရှိချက်အရ N.L.D နိုင်ဖို့များကြောင်း၊ နောက်ဆုံးရရှိသည့် သတင်းအရ တပ်မတော်သား မိသားစုများကပင် N.L.D အား မဲထည့်မည်ဟု သတင်းရရှိထားသည်။

သို့သော် N.L.D တော့ နိုင်မယ်။ အာဏာလွှဲပြောင်းရေးလုပ်မှာလား၊ မလုပ်ဘူးလား။ အဲဒီအချက်ကို သုံးသပ်ကြသည်။ အများစုက ရွေးကောက်ပွဲ လုပ်ပြီးပြီပဲ။ ကမ္ဘာသိအောင်လုပ်တဲ့ ရွေးကောက်ပွဲပဲ။ အာဏာလွှဲပြောင်းရမှာပေါ့။ မလွှဲလို့ ဘယ်ဖြစ်မလဲ။ ဗိုလ်ချုပ်ကြီးစောမောင် ကတိအထပ်ထပ်ခံထားတာပဲ . . . စသည်များကို ကိုယ်လိုရာ ကိုယ်ဆွဲပြောနေကြသည်။ ၎င်း အချိန်အခါတွင် တချို့ခေါင်းဆောင်များက N.L.D မနိုင်နိုင်ဘူး။ ဘယ်နည်းမှ မနိုင်ဘူး။ ရွေးကောက်ပွဲ ညစ်ပတ်မှုတွေ လုပ်မယ်။ တစည်ပဲ



Generated by CamScanner from intsig.com

နိုင်မည်၊ မဲမသမာမှုတွေ လုပ်မယ်၊ ထိုအတွက်ကြောင့် ရွေးကောက်ပွဲ သပိတ်မှောက်ရမည်၊ မဲရုံများကို ဖျက်စီးမည်၊ ပြည်သူတွေကို မဲမထည့်နဲ့ စသည့် အကြမ်းဖက်မှုမူဝါဒတစ်ခုလည်း ပေါ်ထွက်လာသည်။

ကျွန်တော်က ၎င်းအကြမ်းဖက်ဝါဒကို လက်မခံပါ။ ကျွန်တော်က ပြည်တွင်းသတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ ရရှိထားပြီးဖြစ်သည်။ N.D.F အတွင်းရေးမှူး ဦးခိုင်စိုးနိုင်အောင်၊ K.N.U မှ ဗိုလ်ကြီးစိုးမင်း၊ K.N.U ဗဟိုကော်မတီဝင် ဗိုလ်ချုပ်မောင်မောင်၊ တပ်မဟာ၊ တပ်မဟာမှူးများ၊ ဗိုလ်မှူးကြီးရွှေဆိုင်း စသည်တို့ကို ပြောပြပါသည်။ အထောက်အထားနှင့်တကွ ရှင်းပြပါသည်။ ၎င်းတို့က လက်ခံပါသည်။

နောက်ထပ်တစ်ဆင့် ထပ်ပြီး ရှင်းပြသောအခါ ၎င်းတို့ အံ့အားသင့်ကုန်ပါသည်။ N.L.D အား အာဏာမလွှဲပေးဘူးဆိုသည့် အကြောင်းနှင့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမှ ဘာမှလုပ်လို့မရသည့် အကြောင်းများကို ရရှိသည့် သတင်းအချက်အလက်များနှင့်တကွ ရှင်းပြပါသည်။ ၎င်းအချိန်ကျမှ နိုင်ငံတကာသည် ကျွန်တော်တို့အပေါ် အာရုံရောက်လာပြီး ဂရုစိုက်ပါမည်ဟု ရှင်းပြလိုက်ပါသည်။ ၎င်းအချက်ကို ခေါင်းဆောင်တချို့မှ ယုံကြည်မှုမရှိ ဖြက်ရယ်ပြုခြင်း ခံရပါသည်။

ဤကဲ့သို့ အဖြေထွက်အောင် ပြည်တွင်းမှရရှိသည့် သတင်းအချက်အလက်၊ ရွေးကောက်ပွဲဝင်ပါတီများရဲ့မဲဆွယ်စည်းရုံးသည့် အခြေအနေများ၊ အာဏာရှင်စစ်အစိုးရ၏ ထုတ်ပြန်ပြောဆိုမှုများ စသည့် အချက်အလက်များ စုဆောင်းရပြီး သချာတစ်ပုဒ်တွက်သလို အဖြေထုတ်ထားခြင်းဖြစ်ပါသည်။

၎င်းနောက် လက်နက်ကိုင် မဟာမိတ်ခေါင်းဆောင်ကြီးများအား ကျွန်တော်၏ အယူအဆများကို တင်ပြပါသည်။ ၎င်းတို့ လက်ခံနိုင်ရန်အတွက်လည်း ရှင်းပြချက်များနှင့်တကွ တင်ပြလိုက်ပါသည်။

မဲရုံသပိတ်မှောက်ရေးနှင့် မဲရုံ အကြမ်းဖက်ရေးအတွက် တာစူနေသော ခေါင်းဆောင်များ၏ ငြိုငြင်မှုကိုခံရပြီး ၎င်းအကြောင်းအချက်ကြောင့်



Generated by CamScanner from intsig.com

ပင် တခရေးသူမှာ မာနယ်ပလောအကျဉ်းထောင်သို့ ရောက်ရှိခြင်းရဲ့ အချက်တစ်ခုအဖြစ် ပါဝင်ပါသည်။

ကျွန်တော်တို့ တင်လိုက်သော လွှတ်လပ်စွာ မဲပေးစေရေးနှင့် အခြားသူများ၏မဲရဲ့ သပိတ်မှောက်ချက်ဆီးရေးဆိုသည့် အယူအဆနှစ်ခုသည် ခေါင်းဆောင်ကြီးများကြားထဲတွင် တော်တော်လေး စဉ်းစားရခက်နေပါသည်။ K.N.U မှ ဗိုလ်မှူးရောဘတ်ဇံနှင့် သွားရောက်တွေ့ဆုံပြီး အခြေအနေ အရပ်ရပ်ကို ရှင်းပြသည်။ ၎င်းမှလည်း လက်ခံပါသည်။

ဗိုလ်မှူးရောဘတ်ဇံသည် ဇောက်ခွဲရေး အလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်ပြီး ၎င်း၏တပ်ဖွဲ့မှ ရဲဘော်များသည်လည်း အလွန်ကျွမ်းကျင်ကြပါသည်။ ထို့အတွက်ကြောင့် ကျွန်တော့်ကို လူပုဂ္ဂိုလ်ချင်းလည်း ရင်းနှီး၊ သူ၏စွမ်းရည်လည်း သိသဖြင့် ရှင်းလင်းပြခြင်းဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားများအနေဖြင့် စစ်တိုက်ဖို့ အခြေအနေမပေးတော့ပါ။ နိုင်ငံရေးပဲ လှုပ်ရှားရတော့မည်။ ပြည်တွင်းသို့လည်း ဟိုဟာလုပ်လိုက်ပါလား၊ ဒီဟာလုပ်လိုက်ပါလား ဟသည်ဖြင့် ခိုင်းကြပါသည်။ အထဲမှ ပြည်သူများကလည်း လက်နက်သာယူခဲ့ပါ။ လက်နက်မပါဘဲနဲ့ ဟိုဟာဒီဟာတွေ လုပ်မနေပါနဲ့။ အထဲကပြည်သူတွေလည်း ညက်ညက်ကြေနေကြပါပြီ။ လက်နက်ပါရင် အသက်စွန့်မယ် ဟသည်ဖြင့် သတင်းပို့ကြသည်။

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ပေါ်တက်၊ ဗိုလ်ကြီးစိုးမင်းအိမ်တွင် တည်းခိုပြီး လှုပ်ရှားမှုတွေလုပ်၊ နောက်စခန်းပြန် ဒီလိုနှင့်လုပ်ခဲ့ရာ တဖြည်းဖြည်း အချိန်သည် ရွေးကောက်ပွဲနှင့် နီးကပ်ပါလာသည်။ A.B.S.D.F ဗဟိုစခန်းသည် K.N.U ၏မာနယ်ပလောတွင် စခန်းဖွင့်ထားပြီး ရုံးခွဲကို မဲဆောက်တွင် ထားပါသည်။ ဥက္ကဋ္ဌသည် ကိုမိုးသီးဇွန်၊ ဒု - ဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်၊ အတွင်းရေးမှူး ကိုကျော်ကျော်၊ တွဲဘက်အတွင်းရေးမှူး ကိုအောင်ထူးတို့ဖြစ်သည်။

ကိုမိုးသီးဇွန်၊ ကိုအောင်နိုင်ဦး၊ ကိုအောင်မျိုးမင်း၊ ကိုစိုးမိုးဦး ဟသည်တို့ ဗဟိုကော်မတီဝင်များသည် ကျွန်တော်တို့စခန်း၏ တပ်ဖွဲ့ဝင်အင်အား

များဖြစ်ပြီး ကျွန်တော်တို့မှ ဗဟိုကော်မတီကိုယ်စားလှယ်အဖြစ် ရွေးချယ်ပို့ထားပြီး ဗဟိုကော်မတီဝင်အဖြစ် ရွေးကောက်ခံရသူများဖြစ်သည်။

ကျွန်တော်တို့စခန်းမှ ဗဟိုသို့ စခန်းကိုယ်စားလှယ်အဖြစ် ကျောင်းသားစခန်းခေါင်းဆောင်တော်တော်များများ ပို့ဆောင်ပေးပြီး ဗဟိုကော်မတီတွင် တာဝန်ယူ ဆောင်ရွက်လျှက်ရှိသည်။

ကျွန်တော်တို့စခန်းတွင် ဗဟိုကော်မတီသို့ ညီလာခံတက်ခြင်း၊ အစည်းအဝေးတက်ခြင်းများ ရောင်သည့်သူများ ရှိပါသည်။ ရောင်သည့်အကြောင်းတရားများ များစွာရှိပါသည်။ ရောင်သည့်ပုဂ္ဂိုလ်များမှာ S အောင်လွင်၊ ကိုနေဦး၊ ကိုနေဝင်း၊ ဆက်အောင်ခိုင်နှင့် တရေးသူတို့ ဖြစ်ပါသည်။ Sအောင်လွင်နှင့် ကိုနေဦးတို့သည် အမေရိကန်လွှတ်တော်အမတ်အား ၁၉၈၈ နှစ်ကုန်ပိုင်းတွင် စခန်းအတွင်း ဖိတ်ခေါ်လာသော သူများဖြစ်သည်။

၎င်းအမေရိကန်လွှတ်တော်အမတ် သေ့ဘောဘိုးတောတွင်းစခန်းသို့ ရောက်ရှိသည့်သတင်းသည် နိုင်ငံတကာ သတင်းစာမျက်နှာများတွင် ဖော်ပြမှုကြောင့် သေ့ဘောဘိုးကျောင်းသားစခန်းသည် ကမ္ဘာကသိရှိသော ကျောင်းသားစခန်း ဖြစ်ခဲ့ပါသည်။ S အောင်လွင်သည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆံနိုင်သူဖြစ်သည်။

ဗဟိုကော်မတီသည် S အောင်လွင်အား ဗဟိုကော်မတီတွင် ဝင်ရောက်တာဝန်ထမ်းဆောင်စေချင်သည်။ ထို့အတူ S အောင်လွင်နှင့် ကိုနေဝင်းတို့သည် ကရင်လူမျိုးများဖြစ်သောကြောင့် K.N.U မှလည်း လွန်လွန်ကျူးကျူး စည်းရုံးမှုရှိပါသည်။ သို့သော် ကျွန်တော်တို့အားလုံးသည် သေ့ဘောဘိုးစခန်းမှာပင် မြန်မာနိုင်ငံရေးအတွက် တာဝန်ယူဆောင်ရွက်ကြသည်။ ကျွန်တော့်အား ဗဟိုကော်မတီမှ ဖမ်းဆီးပြီး စစ်ဆေးခြင်းတွင် ၎င်းကိစ္စများပါ စစ်ဆေးခံထိပါသည်။

၎င်းနောက် နိုင်ငံရေးကိစ္စများအား ဆွေးနွေးရာ K.N.U မှ အရာရှိတပ်များသည် အနီးအနားကျေးရွာများမှ မဲရုံများအား ဖျက်ဆီးပြီး လူထုအား မဲမထည့်ရေးလုပ်ဆောင်နေကြောင်း ဗိုလ်ချုပ်မောင်မောင်မှ ပြောပါသည်။

ကျွန်တော်က ဗိုလ်ချုပ် ဒီလိုလုပ်လို့မရပါ။ N.L.D ကျိန်းသေနိုင်ပါမည်၊ သို့သော် အာဏာလွှဲပြောင်းပေးခြင်းမလုပ်ပါ။ ဘာကြောင့် အာဏာမလွှဲပြောင်းသနည်းဆိုသည့် အချက်အလက်များအား သေချာစွာ ရှင်းပြလိုက်ပါသည်၊ ဗိုလ်ချုပ်လည်း များစွာ အံ့အားသင့်သွားပါသည်၊

ကျွန်တော့်အနေဖြင့် N.L.D အပြတ်အသတ်နိုင်မည်လို့ ခန့်မှန်းခြင်းသည် ပြည်တွင်းမှရရှိသော သတင်းများမှ အချက်အလက်များစုစည်းပြီး ကောက်ချက်ချခြင်းဖြစ်သည်၊ ပြည်တွင်းတွင်ရှိသော အရပ်သားဝန်ထမ်းများ၊ တပ်မတော်သား ဝန်ထမ်းများတို့သည် မိမိတို့ရဲ့စားဝတ်နေရေးကြပ်တည်းမှု၊ မသမာမှု များများလုပ်သောသူများသာ စားဝတ်နေရေးချောင်လည်မှုများ၊ ကိုယ်တိုင် စားဝတ်နေရေးကြောင့် မသမာမှုပြုလုပ်နေရသော်လည်း တည်ငြိမ်စွာဖြင့် ရပ်တည်ချင်သူများ၊ မိမိတို့ရဲ့ပညာရေး၊ သားသမီးတို့ရဲ့ပညာရေးတို့အတွက် အကျင့်တရားဖွဲ့ ယိမ်းယိုင်နေမှုများ စသည်တို့သည် အစိုးရ၏ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့်ဖြစ်ကြောင်းကို တပ်မတော်သား ဝန်ထမ်းများ၊ အရပ်သား ဝန်ထမ်းအချို့က နားလည်နေကြပါသည်၊ ထို့ကြောင့် စနစ်ပြောင်းမှုဖြစ်မည်ကို အလိုလို နားလည်နေကြခြင်းဖြစ်သည်၊ ထို့ကြောင့် စနစ်ပြောင်းမည့် ရွေးကောက်ပွဲအား အောင်မြင်အောင်လုပ်ရမည်၊ အောင်မြင်အောင် မဲထည့်မည်ဟု စိတ်ပိုင်းဖြတ်ထားကြသည်၊

ရွေးကောက်ပွဲတွင် အပြတ်အသတ်တော့ အနိုင်ရမည်၊ သို့သော် မဲမသမာမှုလုပ်မည်လား၊ ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲစည်းကမ်းများကို လေ့လာသောအခါ မဲမသမာမှုလုပ်ဖို့ အခွင့်အရေး အလွန်နည်းပါးသည်၊ တချို့ဒေသများတွင် လုပ်လို့ရချင် ရမည်၊ အများစုဖြစ်သော မဲရုံများတွင် လုပ်လို့မရကြောင်း လေ့လာတွေ့ရှိရပါသည်၊ ထို့ကြောင့် မဲမသမာမှု လုပ်လို့မရပါ။ အတိုက်အခံပါတီ N.L.D ကနိုင်ကြောင်း ရပ်သိကမ္ဘာသိကြေညာရပေတော့မည်၊ ၎င်းနောက် အာဏာလွှဲပြောင်းပေးရန် ဖြစ်သည်၊ ၎င်းမှာ မဖြစ်နိုင်ပါ။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

အကြောင်းမှာ N.L.D ပါတီတချို့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်တချို့တို့သည် ရွေးကောက်ပွဲ အကြိုကာလတွင်လည်းကောင်း၊ စည်းရုံးရေးတွင်လည်းကောင်း၊ သုံးစွဲသော စကားလုံးများသည် လက်ရှိစစ်အာဏာရှင်အစိုးရအား တုံ့ပြန်မည့်စကားလုံးများ ပြောဆိုနေကြခြင်းဖြစ်သည်။ ၎င်းစကားလုံးများကြောင့် လက်ရှိ စစ်အာဏာရှင်အစိုးရသည် ဗိုလ်အန္တရာယ်ဖြစ်ပေါ်တော့မည့် ကိစ္စရပ်အား လုပ်တော့မည်မဟုတ်ပါ။ သုံးစွဲတဲ့စကားလုံးများအား အလေးစိတ် မရေးတော့ပါ။ ၎င်းအကြောင်းအရာများသည် သင်ခန်းစာယူရန်ဖြစ်သည်။ မင်းမှားတယ်၊ ငါမှန်တယ်လို့ ငြင်းခုံရန် မဟုတ်ပါ။ ပန်းခင်းသောလမ်းအား လျှောက်ရမည့်အချိန်တွင် အတိတ်ကအမှားများကို အပြတ်မ်း သင်ခန်းစာယူရန်အတွက်သာဖြစ်သည်။

လက်ရှိ စစ်အာဏာရှင်အစိုးရသည် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်သည့်အနေဖြင့် အာဏာလွှဲပြောင်းခြင်းမလုပ်ပါ။ အာဏာလွှဲပြောင်းခြင်း မလုပ်လို့လည်း ၎င်းအစိုးရအား မည်သည့်နိုင်ငံအဖွဲ့အစည်း အစိုးရတို့ ဘာမှလုပ်လို့မရပါ။ သို့သော် ထိုအချိန်တွင် ပြည်ပအဖွဲ့အစည်း အစိုးရတို့သည် နယ်စပ်ဒေသ အင်အားစုများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ အတိုက်အခံအင်အားစုတို့အား အလေးထားမှုများ ပြုလုပ်လာပါမည်။ ၎င်းအချိန်ကျရင်တော့ ရသင့်သည့် လုပ်ပိုင်ခွင့် အခွင့်အရေးများ ရရှိမည်။ အသိအမှတ်ပြု ကူညီကြမည်။ ၎င်းအချိန်အထိ တည်ငြိမ်စွာဖြင့် စောင့်ဆိုင်းရန်အတွက် တင်ပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများကို အမဲရောင်ဒေသ၊ အညိုရောင်ဒေသ၊ အဖြူရောင်ဒေသဟူပြီး (၃) ပိုင်း ပိုင်းကာ နဝတမှ ခွဲခြားအုပ်ချုပ်ထားပါသည်။ လက်နက်ကိုင်အင်အားစုများ အုပ်ချုပ်ထားသော ဒေသအား အမဲရောင်ဟု သတ်မှတ်ပြီး၊ နဝတတပ်များနှင့် တောတွင်းလက်နက်ကိုင်များ နစ်ဖက်အုပ်ချုပ်သည့်ဒေသအား အညိုရောင်နယ်မြေအဖြစ် သတ်မှတ်ထားပါသည်။ နဝတသီးခြားအုပ်ချုပ်သည့် ဒေသများကို အဖြူရောင်ဒေသဟု သတ်မှတ်အုပ်ချုပ်ပါသည်။

---

စိတ်ကူးသစ်တာပေ

Generated by CamScanner from intsig.com

၁၉၉၀ ပြည့်အချိန်တုန်းကဆိုလျှင် ဖားအံမြို့သည် အညိုရောင်ဒေသဖြစ်ပြီး နယ်စပ်ဘက်နီးသော မြို့ရွာများအား အမဲရောင်ဒေသဟု သတ်မှတ်သောအချိန်ဖြစ်သည်။ အညိုရောင်ဒေသများသို့ တောတွင်းလက်နက်ကိုင်များသည် အရပ်ဝတ်ဖြင့် အချိန်အခါကိုကြည့်ပြီး ဝင်ထွက်ကြပါသည်။ ထို့ကြောင့် အညိုရောင်ဒေသနှင့် အမဲရောင်ဒေသ မဲရုံများသည် အန္တရာယ်ရှိမဲရုံများဖြစ်ပြီး ပြည်သူပြည်သားများအတွက် စိုးရိမ်စရာဖြစ်ပါသည်။ ကျွန်တော်က ဗိုလ်ချုပ်အား နဝတရဲ့ရွေးကောက်ပွဲကို ၎င်းတို့ဘာသာ လွတ်လပ်စွာ လုပ်ပါစေ၊ နဝတအနေနှင့် နိုင်ငံရေးမြှုပ်ကွက်များရှိနိုင်ကြောင်း၊ အခြေအနေကို စောင့်ကြည့်ပြီးမှ တုံ့ပြန်တာပဲ သင့်တော်ပါလိမ့်မည်ဟု ရှင်းပြလိုက်သည်။

ဗိုလ်ချုပ်က ယခု ကျွန်တော်ဆီက ပြန်တာနှင့် ဗိုလ်ချုပ်မြနှင့်တွေ့မယ်၊ ကျွန်တော်ပြောတဲ့အချက်အလက်တွေ တင်ပြပြီး လွတ်လပ်စွာ မဲပေးခွင့်ကို ဆောင်ရွက်မယ်ဟု ပြောပါသည်။ ကျွန်တော်၏ ဆွေးနွေးချက်များသည် N.D.F ၊ D.A.B ၊ K.N.U စသည့် အဖွဲ့အစည်းများမှ လူကြီးများအားလုံး သိထားပြီးဖြစ်ကြောင်း၊ အသေးစိတ်သိချင်ပါသဖြင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်ပြီး နောက်အားရင် လာတွေ့ပါ့မယ်ဟု ပြောကာ ပြန်သွားပါသည်။ နောက်နှစ်ရက်လောက်ကြာသောအခါ လာရောက်တွေ့ဆုံပြီး K.N.U ဗဟိုမှ အောက်ခြေတပ်များအားလုံးသို့ ညွှန်ကြားချက်ပို့လိုက်ပြီးဖြစ်ကြောင်း၊ မဲရုံများကို အနှောင့်အယှက်မပြုလုပ်ရန် ညွှန်ကြားပြီးကြောင်း လာရောက်ပြောဆိုသွားပါသည်။

တချို့အောက်ခြေတပ်များထံသို့ မဲရုံများအား ဖျက်ဆီးရန် အမိန့်ရောက်သွားပြီဖြစ်ကြောင်း၊ သို့သော် အချိန်မီ ညွှန်ကြားချက်များ ဆက်လက်ပို့ဆောင်နေကြောင်းနှင့် အမြန်ဆုံး မိမိတပ်စခန်းသို့ ပြန်လာကြရန် ဆောင်ရွက်နေကြောင်း ပြောဆိုပြီး စာရေးသူအား အားပေးကာ ပြန်သွားသည်။



Generated by CamScanner from intsig.com

"၉၀" ပြည်တွင်းရွှေ့ပြောင်းကို အခြေအနေသုံးသပ်ချက် ● ၉၇ ပြည်တွင်း၊ K.N.U ၏ တော်လှန်ရေးနယ်မြေများသို့ ရောက်ရှိလာသော အမိန့်များဖြစ်သည့် ရွှေ့ပြောင်းကို သတိထားမှုများနှင့် ၎င်းများသို့ ပညာရေး ကျန်းမာရေး အထောက်အပံ့များအား ထောက်ပံ့ပေး၊ ရောက်ရှိလာသောအမိန့်များကြောင့် ရပ်သိမ်းခဲ့ပါသည်။ ထို့ကြောင့် K N U ဝန်ထမ်းတော်များ ပိုမိုကြိုးစားသည်နှင့်အညီ ယုံကြည်ချက် ကြီးမားသော်လည်း၊ ရွှေ့ပြောင်းလာသူများ ဝင်ရောက်လာသော ပြင်းထန်သော ဝင်ရောက်မှုများ မပြတ်ကြုံတွေ့ရသော အကျိုးကျေးဇူး ရေးအကျိုးရှိမည့်မှုများအား လက်ခံအကောင်အထည်ဖော်ရန်ကို သတိထားကြပါမည်။

## မာနယ်ပလော အစည်းအဝေးတက်ရောက်မှု

❑

ဧပြီလဆန်းပိုင်းတွင် ကျွန်တော်တို့စခန်းသို့ A.B.S.D.F ဗဟိုကော်မတီမှ တရောက်လာသည်။ ၁၉၉၀ ပြည့်၊ ဧပြီလ ၁၈ ရက်နေ့တွင် ဗဟိုကော်မတီအစည်းအဝေး မာနယ်ပလောစခန်းတွင် ကျင်းပမည်ဖြစ်သောကြောင့် စခန်းကော်မတီများ၊ တပ်ရင်းမှူးများ၊ အစည်းအဝေးတက်ရောက်ရန် ဖိတ်တပို့သည်။ ကျွန်တော်သည် ဗဟိုအစည်းအဝေးသို့ တက်ရောက်ခြင်း မရှိခဲ့ပါ။

ထို့အတွက်ကြောင့် ကျွန်တော်က အစည်းအဝေးမတက်ရောက်ဘဲ စခန်းမှ တပ်ရင်းမှူးများနှင့် တခြားခေါင်းဆောင်များသာ အစည်းအဝေးတက်ရောက်ရန် စီစဉ်ပေးလိုက်ပါသည်။ စခန်းမှ ခေါင်းဆောင်များသည် ၁၅-၄-၉၀ နေ့ကတည်းက စခန်းမှ အစည်းအဝေးတက်ရန် ထွက်ခွာသွားပါသည်။

အစည်းအဝေး အစီအစဉ်အတိုင်း မာနယ်ပလောတွင် အစည်းအဝေးများ အေးအေးချမ်းချမ်း ကျင်းပနေကြောင်း သတင်းရရှိပါသည်။

၁၉-၄-၉၀ ရက်နေ့တွင် ကိုမိုးသီးဇွန်သည် ကျွန်တော်ရှိသည့်နေရာသို့ ရောက်ရှိလာပါသည်။ ကျွန်တော်မှ ကိုမိုးသီးဇွန်ကိုတွေ့တော့ အတော်လေး အံ့ဩသွားပါသည်။



Generated by CamScanner from intsig.com

"ဟာ . . . ကိုမိုးသီး၊ ဘယ်ကလာတာလဲ။ အစည်းအဝေး လုပ်နေတယ်လေ။ အစည်းအဝေး မတက်ဘူးလား"

စသည်တို့ဖြင့် နှုတ်ဆက်စကားပြောပါသည်။ ၎င်းက ခဏအမော ဖြေပြီးနောက် ကျွန်တော့်အား ပြန်ပြောသည်မှာ . . .

"အစည်းအဝေးကလာခဲ့တာ၊ အစည်းအဝေးမှာ အငြင်းအခုံတွေ များနေတယ်။ အခု ခင်ဗျားကိုလာခေါ်တာ၊ အစည်းအဝေးက ခင်ဗျားတက်မှ ဖြစ်မယ်၊ နောက်ပြီး K.N.U ဗဟိုကော်မတီဝင် ဗိုလ်ချုပ်မောင်မောင်က လည်း ခင်ဗျားကို တွေ့ချင်နေတယ်။ အဲဒါ ဘယ်လိုစီစဉ်မလဲ"

ဟု မေးပါသည်။ ၎င်းနောက် အစည်းအဝေးတွင် ၎င်းကြုံတွေ့ရသော အကြောင်းများ၊ ဟိုအကြောင်း၊ ဒီအကြောင်း တော်တော်လေး ပြောဖြစ်သည်။

ကျွန်တော်ကလည်း ဒီနေ့တော့ အချိန်မရှိတော့ဘူး။ မနက်ဖြန်မှ ပဲ စီစဉ်ပြီး အစည်းအဝေးတက်မယ်၊ ခင်ဗျားရော ပြန်လိုက်မှာလားလို့မေး တော့ မီရင်တော့ လိုက်မယ်၊ မမီရင်တော့ နောက်မှလိုက်လာခဲ့မယ်ဟု ပြော ပါသည်။ ကျွန်တော်လည်း ၂၀-၄-၉၀ ရက်နေ့တွင် မာနယ်ပလောသို့ ခရီး ထွက်ခဲ့သည်။

မဲဆောက်မြို့တွင် နေထိုင်သော ယခင်ပြည်ချစ်အဖွဲ့ ယခု K.N.U တွင် တာဝန်ထမ်းခဲ့သော ဗိုလ်ကြီးစိုးမင်း၏ ကူညီမှုကြောင့် ၎င်း၏မိတ်ဆွေ များနှင့်အတူ မာနယ်ပလောသို့ ခရီးထွက်ခဲ့ပါသည်။ မာနယ်ပလောသို့ ၎င်း နေ့ညနေ (၃)နာရီကျော်ကျော်လောက် ရောက်သွားပါသည်။ မာနယ် ပလောသို့ ရောက်သောအခါ ကျွန်တော်၏မိတ်ဆွေဖြစ်သော စာရေးဆရာ နိုင်ဝင်းဆွေတို့အိမ်တွင် တည်းပါသည်။

၎င်းအိမ်တွင် ကဗျာဆရာ ကိုလွှက်းကီ၊ ၂၀၄ တပ်ရင်းမှူး ဆက် အောင်နိုင်နှင့် တခြားခေါင်းဆောင်များနှင့် စုလင်စွာ တွေ့ကြသည်။ တချို့ စခန်းမှလူများလည်း ကျွန်တော်ရောက်သည်ဆိုတော့ လာရောက်နှုတ်ဆက်



Generated by CamScanner from intsig.com

သည့်သူများ၊ A.B.S.D.F ဗဟိုကော်မတီဝင် စစ်ရေးကော်မတီတာဝန်ခံ ကိုထွန်းဦး စသည်တို့လည်း လာရောက်တွေ့ဆုံစကားပြောကြ၊ စစ်ရေး နိုင်ငံရေးကိစ္စများ ဆွေးနွေးကြသည်။

၂၁-၄-၀၉ ရက်နေ့ ဆက်လက်ကျင်းပမည့် အစည်းအဝေးတွင် တက်ရောက်မည်ဖြစ်ကြောင်း လက်ရှိ ဒု-ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာနိုင်အောင်ထံသို့ ကိုယ်တိုင်သတင်းသွားပို့ခဲ့ပြီး တည်းခိုမည့်အိမ်တွင် ပြန်ပြီးနားနေပါသည်။

ငှင်းအချိန်တွင် ဆရာနိုင်ဝင်းဆွေသည် ကျန်းမာရေးသိပ်မကောင်းပါ။ ငှက်ဖျားပျောက်ကာစ ဖြစ်ပါသည်။ ရှေးဟောင်းနှောင်းဖြစ်များပြော၊ ရွှေကောက်ပွဲအကြောင်းတွေ ပြောပြီး တစ်ညတာ ကုန်ဆုံးခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း စခန်းကစထွက်တည်းက ကျန်းမာရေးမကောင်းပါ။ ငှက်ဖျားပြန်ထချင်သည့် လက္ခဏာများ ပြနေပါသည်။ နောက်နေ့မနက် (၈) နာရီခွဲလောက် အစည်းအဝေး ကျင်းပမည့်ခန်းမထဲသို့ ရောက်ရှိသွားပါသည်၊ အစည်းအဝေးတွင် စခန်းမှ တပ်ရင်းမှူးများ မရှိကြပါ။

ကျွန်တော်၏ တပ်ရင်းမှူး ဆက်အောင်ခိုင်မှလည်း အစ်ကိုကြီး တက်ပါ။ စစ်ခေါင်းဆောင်တွေက သီးခြားကျင်းပမယ်လို့ ပြောပါသည်။ ဗဟိုဌာနချုပ်ရှိ A.B.S.D.F ကော်မတီဝင်အားလုံး A.B.S.D.F ဗဟိုစစ်ကော်မတီများ စသည်တို့နှင့် အစည်းအဝေး စကျင်းပပါသည်။ ပထမပိုင်းတွင် နိုင်ငံရေးကိစ္စများ ဆွေးနွေးနေရင်းနှင့် နောက်ပိုင်း ပုဂ္ဂိုလ်ရေးကိစ္စများပါ ပါလာသည်။

ငှင်းမှတစ်ဆင့် တပ်ရင်း ၂၀၄ အား ထိခိုက်စွပ်စွဲမှုများ ပါလာပါသည်၊ ၂၀၄ တပ်ရင်းသည် ကျွန်တော်၏ အနီးကပ်တပ်ရင်းဖြစ်သည်။ တပ်ရင်း ၂၀၄ တပ်ရင်းမှူး ဆက်အောင်ခိုင်သည် ရန်ကုန်သားဖြစ်ပြီး ၂၀၄ တပ်ရင်းတပ်ဖွဲ့ဝင်များသည် ရန်ကုန်သားများဖြစ်သည်၊ ကျွန်တော်၏ အနီးကပ်တပ်ရင်းဖြစ်ပြီး လုံခြုံရေးဆောင်ရွက်ပေးသော တပ်ရင်းဖြစ်သည်။ တပ်ရင်းမှူး ဆက်အောင်ခိုင်သည် ၆၂ နှစ် ကျောင်းသားဟောင်းကြီး ဦးလှရွှေ၏ သားဖြစ်ပါသည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

ရင်းတို့၏ စွပ်စွဲချက်များအား တရွက်ပေါ်တွင် တင်ရေးရန်အတွက် ပင် မသင့်တော်ပါ။

ငြင်းကြ၊ နှုံကြ ကျွန်တော်က ရေပလိုက်၊ ရင်းတို့က စွပ်စွဲလိုက်နှင့် မနက်ပိုင်းအစည်းအဝေး ပြီးဆုံးပါသည်။ ညနေပိုင်းတွင် အစည်းအဝေးပြန် စပြီး ဆက်လက်ဆွေးနွေးမည်ဟု သဘာပတိဖြစ်သူ ဒုဥက္ကဋ္ဌ ဒေါက်တာနိုင် အောင်မှ ပြောပါသည်။ အစည်းအဝေးသဘာပတိဖြစ်သူ ဒေါက်တာနိုင် အောင်မှ အစည်းအဝေး မနက်ပိုင်းနားမည်၊ နေ့လယ်ပိုင်း အစည်းအဝေး ပြန်စမှ ယနေ့ကိစ္စများ ဆက်လက်ဆွေးနွေးမည်လို့ ကြေငြာပြီး အစည်း အဝေး မနက်ပိုင်းအစီအစဉ်များ ရပ်နားပါသည်။

အစည်းအဝေးကျင်းပနေစဉ်အတွင်း A.B.S.D.Fထောက်လှမ်းရေး မှူး စိုးမိုးဦးမှ မမေးသင့်သောစကား၊ မပြောသင့်စကားများနှင့် အစည်း အဝေးမှာ ကျွန်တော့်အား မေးမြန်းပါသည်။ ကျွန်တော်က စိတ်ရှည်ရှည်နှင့် ပြန်လည်ရှင်းလင်းပါသည်။ တချို့မေးခွန်းများအား မမေးသင့်သော အကြောင်း အရာများဖြစ်သဖြင့် ရင်းမေးခွန်းအား ပြန်လည်ရုပ်သိမ်းပေးရန် သဘာပတိ အား တင်ပြပြီး ရုပ်သိမ်းခိုင်းပါသည်။ နံနက်ပိုင်း အစည်းအဝေးပြီးသောအခါ မိမိတည်းခိုသော ဆရာနိုင်ဝင်းဆွေ၏အိမ်သို့ ပြန်ပြီး အနားယူပါသည်။

တည်းခိုအိမ်သို့ ပြန်ရောက်သောအခါ ၂၀၄ တပ်ရင်းမှူး ဆက် အောင်နိုင်အား ...

"အောင်နိုင်ရေ ... မင်းတို့တပ်ရင်းကို စွပ်စွဲချက်တွေ ပြင်းထန် တယ်ကွာ။ ငါ တော်တော်လေး ရှင်းခဲ့ရတယ်၊ ညနေအစည်းအဝေး ဘာဖြစ် မလဲမသိဘူးကွာ"

ဟု ပြောလိုက်ပါတယ်၊ အောင်နိုင်မှလည်း ...

"အစ်ကိုကြီး ... ကျွန်တော်လည်း ကြားပြီးပြီ၊ ဒီကောင်တွေကို အကုန်လုံးပစ်သတ်လိုက်ဖို့ ကောင်းနေပြီ"

လို့ ပြောပါသည်။ တပ်ရင်းမှူးဆက်အောင်နိုင်တွင် သေနတ်ပါ သည်။ လုံခြုံရေးအရ ကိုင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်မှ အခုလို ဖြေရှင်းပြ



Generated by CamScanner from intsig.com

လိုက်တော့လည်း အားလုံး သံသယရှင်းသွားတာပေါ့။ သူတို့ပြောတဲ့စကားတွေ ဘာသာပြန်ရင် ငါက လူဆိုးဂိုဏ်းကြီးဖွဲ့ပြီး လှုပ်ရှားနေတဲ့ အဓိပ္ပာယ်ဖြစ်နေတာကွာ၊ မကောင်းပါဘူး။ တရေးဆရာ နိုင်ဝင်းရွှေကလည်း အခုအချိန်မှာ ဒါတွေ ဆွေးနွေးစရာမလိုပါဘူး။ ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်အကြောင်းလည်း ဆွေးနွေးရမှာပါ။ လူတွေကတော့ တလွဲတွေ လုပ်နေကြတယ် စသည်ဖြင့် ပြောပါသည်။ ကဗျာဆရာ ကိုလွှမ်းကီမှလည်း ဝင်ရောက်ဆွေးနွေးပါသည်။

၎င်းနောက် နေ့လယ် ၁ နာရီလောက်တွင် တွဲဘက်အတွင်းရေးမှူး တာဝန်ယူသူ ကိုအောင်ထူးမှ လာရောက်ပြီး ကျွန်တော်နှင့် ထက်အောင်မိုင်အား K.N.U ဗဟိုကော်မတီဝင် ဗိုလ်ချုပ်မောင်မောင်နှင့် ဆွေးနွေးစရာရှိတယ်၊ လာလိုက်ခဲ့ပါလို့ ခေါ်ပါသည်။ ကျွန်တော်မဲဆောက်က စထွက်ကတည်းက ဗိုလ်ချုပ်မောင်မောင်နှင့် တွေ့ဖို့ အစီအစဉ်ရှိပါသည်။ ၎င်းက လာခေါ်တော့ ကျွန်တော်လည်း ယုံကြည်စွာဖြင့် လိုက်သွားပါသည်။

၂၀၄ တပ်ရင်းမှူး ထက်အောင်မိုင်သည် ၎င်းကိုင်သောသေနတ်အား ခါးကြားထိုးပြီး လိုက်လာပါသည်။ လူတွေအားလုံးကို မမှတ်မိတော့။ ၁၉၉၀ ပြည့်နှစ်ဝန်းအား ၂၀၁၂ ခုနှစ်တွင် ပြန်လည်ရေးသဖြင့် တချို့ကိစ္စများ မမှတ်မိပါ။ မှတ်မိသ၍ ရေးထားသော အကြောင်းအရာများသာ ပြန်လည်ရေးနိုင်ပါသည်။ စုစုပေါင်း ဗဟိုမှ (၇)ယောက်လောက် ရှိပါသည်။

၁၀ မိနစ် ၁၅ မိနစ်လောက် လမ်းလျှောက်ပြီးသောအခါ မာနယ်ပလော K.N.U အကျဉ်းထောင်နားသို့ ရောက်လာပါသည်။ ထောင်နားအရောက်တွင် A.B.S.D.F ထောက်လှမ်းရေးမှူး မိုးမိုးဦးခေါင်းဆောင်သော ရဲဘော်များသည် ချုံများအတွင်းမှ ထွက်လာပြီး ကျွန်တော်တို့နှစ်ယောက်ကို သေနတ်များနှင့် ဝိုင်းချိန်ထားပါသည်။ ကျွန်တော်က ဘာဖြစ်တာလဲဟုမေးတော့ မိုးမိုးဦးက ခင်ဗျားတို့ကို ဖမ်းလိုက်ပြီ ...တဲ့။

ထက်အောင်မိုင် ခါးတွင်ထိုးထားသော သေနတ်လည်း သိမ်းလိုက်ပါသည်။ လာလိုက်ခဲ့ဟုဆိုပြီး မာနယ်ပလော K.N.U အကျဉ်းထောင်



Generated by CamScanner from intsig.com

သို့ ခေါ်သွားသည်။ ထောင်ဘူးဝတွင် K.N.U ထောင်စောင့်ရဲဘော်များသည် ဝါးရင်းတုတ်များကိုင်ကာ စောင့်နေပါသည်။ ကျွန်တော်တို့အား ကြမ်းတမ်းစွာပြောဆိုပြီး ရိုက်မည့်အသွင် ဆောင်နေသည်။ ကျွန်တော်တို့လည်း ပြင်းဆန်ခြင်းမရှိဘဲ ထောင်အချုပ်ခန်းထဲသို့ ကြည်ဖြူစွာပင် ဝင်လိုက်ပါသည်။

ခင်ဗျားတို့ကို ဖမ်းထားတယ်။ ကောင်းကောင်းနေ၊ မည်သူနဲ့မှ စကားမပြောရဘူး။ ပြောရင် . . . ဒီမှာ ကြည့်ထားဆိုပြီး ဝါးရင်းတုတ်ထောင်ပြပါသည်။ ကျွန်တော်တို့အား ဖမ်းဆီးထားသော နေရာသည် မာနယ်ပလောရှိ K.N.U ၏ အချုပ်ထောင်ဖြစ်ပါသည်။ ဤကိစ္စသည် မိုးသီးဇွန်၏ ကိစ္စဖြစ်သည်။ ဘာကြောင့် သူ့အကောက်ကြံတာလည်း ကျွန်တော် စဉ်းစားပါပြီ၊ သူတို့ကတော့ လက်ဦးသွားပြီ၊ ငါတို့ကိုသတ်ဖို့တော့ ကြံစည်ပြီ၊ ငါတို့ ဘယ်လိုလုပ်ရမည်နည်း။ နည်းလမ်းများကို စိတ်ငြိမ်ငြိမ်ဖြင့် စဉ်းစားပါသည်။ နံပါတ်တစ် ရန်းထွက်ရမည်၊ နောက်မှ အမှန်တရားဖြစ်အောင် ဆောင်ရွက်မည်လို့ စိတ်ပိုင်းဖြတ်ပါသည်။

မည်သည့်နည်းဖြင့် ရန်းထွက်ရမည်နည်း။ နံပါတ်တစ် မိမိတပ်ရင်းကို သတင်းပို့ရန်ဖြစ်သည်၊ မိမိတပ်ရင်းက လုပ်ဆောင်ရန်အတွက် အမိန့်ပေးရန်ဖြစ်သည်၊ မိမိကို ဖမ်းဆီးထားသည့်နေရာသည် အလွန်လုံခြုံသော မာနယ်ပလော အကျဉ်းထောင်ဖြစ်သည်၊ မည်သူနှင့်မှ စကားမပြောရပါ။ အချိန်ဆွဲ၍ မဖြစ်ပါ။ တောတွင်းအချုပ်ခန်းများတွင် အချုပ်သားများအတွက် ထမင်း အကုန်မခံပါ။ ရိက္ခာ အဆုံးအရှုံးမခံပါ။ ထို့ကြောင့် မြန်မြန်ရှင်းပစ်သည့် ထုံးစံရှိပါသည်။ မည်ကဲ့သို့ အသက်ရှင်အောင်လုပ်ရမည်ကို ကြံဆလျက်ရှိပါသည်။

အနီးစပ်ဆုံး မဲဆောက်ရုံးခွဲသို့ အမြန်ဆုံး သတင်းရောက်ရှိရန်ဖြစ်သည်၊ ထို့ကြောင့် မဲဆောက်ရုံးခွဲသို့ သတင်းရောက်ရှိရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။ စဉ်းစားရင်းစဉ်းစားရင်းနှင့် မဲဆောက်ရှိ မိမိစခန်းခွဲသို့ သတင်းပို့ရန်နှင့် လုပ်ဆောင်ရန်ကိစ္စအား အဆက်အသွယ်တစ်ခုနှင့်



Generated by CamScanner from intsig.com

သတင်းပို့လိုက်နိုင်ပါသည်။ တရေးသူအား ကယ်တင်ရန်အတွက် နိုင်ငံရေးစကားလုံးနှင့် အကြွမ်းဖက်နည်းလမ်းများ နှစ်ခုသုံးရန် ဆုံးဖြတ်ပါသည်။

နိုင်ငံရေးစကားလုံးဖြင့် ဗိုလ်ချုပ်မောင်မောင်ခေါ်၍ အချုပ်ထဲရောက်တယ်ဆိုသည့် စကားလုံးဖြစ်ပါသည်။ ၎င်းစကားလုံးသည် ဝါဒဖြန့်ချိရေးအဖြစ် ကျောင်းသားများကြားတွင် ပျံ့နှံ့ကုန်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် တွေ့၍ နှုတ်ဆက်လျှင်တောင် "ဗိုလ်ချုပ်မောင်မောင် ခေါ်ခံနေတယ်" ဟု အချင်းချင်း နှုတ်ဆက်ကြပါသည်။ ၎င်းစကားလုံးသည် ကျောင်းသားများကြားတွင် တော်တော်ကြီး ပျံ့နှံ့ပြီး ပြောဆိုနေကြရာ K.N.U ဗဟိုကော်မတီအထိ ပေါက်ကြားမှုရှိလာပါသည်။

K.N.U ဗဟိုကော်မတီရော၊ ဗိုလ်ချုပ်မောင်မောင်ပါ အစံရခက်သော စကားလုံးဖြစ်ပါသည်။ ဤဖြစ်စဉ်သည် K.N.U ဘာမှမသိပါ။ ဗိုလ်ချုပ်မောင်မောင်လည်း ဘာမှမသိပါ။ K.N.U ထံသို့ A.B.S.D.F ဥက္ကဋ္ဌထံမှ နဝတ၏ ထိပ်တန်းထောက်လှမ်းရေးတစ်ယောက် ကျွန်တော်တို့ကျောင်းသားထဲမှ ခေါင်းဆောင်တစ်ယောက် ရှိနေတယ်၊ အချက်အလက်စုံ၊ အထောက် အထားစုံတာနဲ့ အပ်ပါမည်လို့ ခွင့်တောင်းထားပါသည်။

K.N.U မှလည်း နဝတစစ်ထောက်လှမ်းရေးကို အလွန်မုန်းတီးသူဖြစ်သည့်အားလျော်စွာ အပြည့်အဝကူညီပြီး ဆောင်ရွက်ပါမည်လို့ K.N.U ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောဘိုမြမှ တာဝန်ယူပါသည်။ ကျွန်တော်နှင့်အတူတူ ဖမ်းခံထိသော ၂၀၄ တပ်ရင်းမှူးဆက်အောင်နိုင်သည် နိုင်ငံရေးအစဉ်အလာရှိသော နိုင်ငံရေးသမားများ လေးစားသော ဦးလှရွှေ၏သားဖြစ်ပါသည်။

ကျောင်းသားများနှင့် ဆရာနိုင်ဝင်းရွှေတို့ အပါအဝင် ကျွန်တော်ကိုတော့ ဖမ်းချင်ဖမ်း။ ဆက်အောင်နိုင်ကိုတော့ မဖမ်းသင့်ကြောင်း။ ဘယ်လိုအကြောင်းနှင့်မှ ထောက်လှမ်းရေးမဖြစ်နိုင်ကြောင်း ဝိုင်းဝန်းကန့်ကွက်မှ ဆက်အောင်နိုင်အား နှစ်ညအိပ်ပြီးမှ လွှတ်ပေးပါသည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

နောက်တစ်နေ့တွင် ကျွန်တော့်အား ကိုအောင်ထူးမှ ဦးဆောင်ပြီး စစ်ဆေးပါသည်။ ၎င်းတို့အား ကျွန်တော်က ဘာအကြောင့် ဖမ်းတာလဲဟု မေးသောအခါ ဘာမှ ပြန်လည်ဖြေကြားခြင်းမရှိပါ။ ၎င်းတို့ စစ်ဆေးချက်များကို ကျွန်တော် ခန့်မှန်းကြည့်သည်မှာ ပုဂ္ဂိုလ်ရေးဆန်ဆန် တိုက်ခိုက်မှုများနှင့် စစ်ထောက်လှမ်းရေး ပုံစံပေါ်စေရန် စစ်ဆေးသူများ ဖြစ်နေပါသည်။

၎င်းနောက် K.N.U ဗဟိုကော်မတီဝင် ဗိုလ်ချုပ်မောင်မောင်သည် ကျွန်တော့်အား ချုပ်နှောင်ထားရာ မာနယ်ပလော အချုပ်ထောင်သို့ လာရောက်တွေ့ဆုံပါသည်။

ထိုအခါတွင် စာရေးသူမှ ဗိုလ်ချုပ်မောင်မောင်အား ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာမည့် လူထုရဲ့လှုပ်ရှားမှုပေါက်ကွဲလာမှု၊ စစ်အစိုးရအား ပညာသားပါပါ ဆန့်ကျင်မှုများရှိလာမည့် အချက်တို့အား အသေးစိတ်ရှင်းပြသောအခါ အရည်အချင်းရှိသော နိုင်ငံရေးသမားပီပီ သေသေချာချာ စဉ်းစားပြီး မရှင်းလင်းသည့်အချက်များကို ပြန်လည်မေးမြန်းကာ လက်ခံခဲ့ပါသည်။ မိမိဆန္ဒနှင့် အတွေးအခေါ်မတူလျှင် ရန်သူလို သဘောထားသော နိုင်ငံရေးသမားအချို့နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။

ကျွန်တော့်အား ဖမ်းဆီးချုပ်နှောင်မှုများသည် သူဘာမှမသိပါကြောင်း။ K.N.U နှင့် ဘာမှပတ်သက်မှုမရှိပါကြောင်း။ K.N.U နယ်မြေတွင် ကျောင်းသားသွေး မြေကျမခံကြောင်း၊ စိတ်ချလက်ချ နေထိုင်စေလိုကြောင်း၊ အချုပ်ထောင်မှ လွှတ်ခြင်း၊ မလွှတ်ခြင်းသည် ကျောင်းသားအဖွဲ့နှင့်သာ သက်ဆိုင်ကြောင်း၊ K.N.U အနေနှင့် ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း။ ထပ်လောင်းပြောချင်သည်မှာ ကျောင်းသားသွေး မာနယ်ပလော မြေတွင် လုံးဝမကျစေရကြောင်းများဖြစ်ပါသည်။

ကျွန်တော်၏ သေ့ဘောဘိုးစခန်းရှိ ရဲဘော်များသည် ကျွန်တော့်အား ဖမ်းထားကြောင်း သတင်းရရခြင်း ဥက္ကဋ္ဌဖြစ်သူ မိုးသီးဇွန်ကို လိုက်ရှာကြပါသည်။ ကိုမိုးသီးဇွန်သည် ကျွန်တော်တို့စခန်းမှ ရဲဘော်များနှင့် အတွေ့



Generated by CamScanner from intsig.com

မခံပါ။ ရှောင်နေပါသည်။ A.B.S.D.F ဗဟိုကော်မတီမှလည်း ကျွန်တော့်ကို ဖမ်းပြီးသည်နှင့် ချက်ချင်း မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားစခန်းအသီးသီးသို့ သတင်းပို့လိုက်ပါသည်။

စစ်ရေး နိုင်ငံရေး လုပ်ငန်းစဉ်များအား ထိုင်း-မြန်မာ နယ်စပ်၏ K.N.U ၏ မာနယ်ပလော်ဌာနချုပ်တွင် ရုံးထိုင်ထားသော A.B.S.D.F ဗဟိုကော်မတီမှ ဦးဆောင်ပြီး နိုင်ငံရေးလှုပ်ရှားမှု၊ လမ်းညွှန်မှုများ ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် စာရေးသူအား ဖမ်းဆီးပြီးသောအခါ ဆက်သွယ်ရေးဝက်များဖြင့် A.B.S.D.F ဗဟို၏ လက်အောက်ခံစခန်းများဖြစ်သော တရုတ်နှင့် ကချင်နယ်စပ်ရှိ ကျောင်းသားစခန်း (ပါဂျော်) နှင့် အိန္ဒိယနယ်စပ်ရှိ ကျောင်းသားစခန်းများသို့ A.B.S.D.F ဥက္ကဋ္ဌကြီး ကိုမိုးသီးဇွန်က ဂုဏ်ယူစွာဖြင့် အကြောင်းကြားသည်မှာ သေ့ဘောဘိုးစခန်းရှိ ထိပ်တန်းကျောင်းသားခေါင်းဆောင်တစ်ယောက်အား သူလျှိုအဖြစ် ဖမ်းထားပြီးဖြစ်ကြောင်း၊ စစ်ထောက်လှမ်းရေးမှဖြစ်ကြောင်း၊ မိမိတို့စခန်းများကိုလည်း လုံခြုံရေးသတိရှိကြရန် သတင်းပို့လိုက်ပါသည်။

၎င်းသတင်းပို့ချက်သည် စခန်းအသီးသီးရှိ ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို ထိခိုက်စေပါသည်။ ကျွန်တော်၏ စိတ်အထင် ၁၉၉၂ ခုနှစ် A.B.S.D.F ပြောက်ပိုင်းဖြစ်ပေါ်ခဲ့သော အစုလိုက် အပြုံလိုက် ရက်စက်စွာ လူသတ်ပွဲကြီးကို ဖန်တီးချက်သည် ကျွန်တော်၏ဖြစ်စဉ်မှစလိုက်သည်ဟု ယူဆပါသည်။

ကျွန်တော်၏ ဖြစ်စဉ်သည် အစောဆုံးဖြစ်စဉ် ဖြစ်ပါသည်။ K.N.U က ကျွန်တော်ဘက်မှ ခိုင်ခိုင်မာမာရပ်တည်၍သာ အသက်မသေခြင်း ဖြစ်ပါသည်။ ကျွန်တော် သေရမှာမကြောက်ပါ။ သို့သော် ကျွန်တော် ကျဆုံးသွားလျှင် ကျွန်တော်ကဲ့သို့ နောက်ကျောင်းသားများ ထပ်မံခံစားရတော့မည်။ မိမိအာဏာလိုချင်သည့်အတွက် ချကျွေးခြင်း၊ ဝုက်ဖဲကိုင်ခြင်း စသည့် နိုင်ငံရေးအောက်လမ်းနည်းများကို သုံးခြင်းဖြစ်ပါသည်။ ထိုလူတွေသည် ဒီမိုကရေစီကျင့်စဉ်ကို နားမလည်သေးခြင်းဖြစ်သည်။



Generated by CamScanner from intsig.com

ဒီမိုကရေစီကျင့်စဉ်အရ ခေါင်းဆောင်သည် အောက်ခြေမှ တက်လာရမည်။ အောက်ခြေအဆင့်ဆင့်မှ ရွေးချယ်တင်မြှောက်ပြီး မိမိကိုယ်တိုင်ကလည်း အများအကျိုးအတွက် လုပ်ဆောင်နိုင်ရမည်။ လုပ်ဆောင်နိုင်ကြောင်းကိုလည်း လက်တွေ့ပြနိုင်ရမည်။ မိုးကျရွှေကိုယ်အဖြစ်နှင့်သော်လည်းကောင်း၊ နိုင်ငံရေးအောက်လမ်းနည်းနှင့်သော်လည်းကောင်း ခေါင်းဆောင်မဖြစ်နိုင်ပါ။

ကိုမိုးသီးဇွန် A.B.S.D.F ဥက္ကဋ္ဌဖြစ်ရေးအတွက် ကျွန်တော်တို့ကြိုတင်စီစဉ်ထားသည့်အတိုင်း သေဘောဘိုးစခန်းတွင် ခေတ္တထားပြီး သေဘောဘိုးစခန်း အင်အားအဖြစ် တပ်ရင်း ၂၀၄ တွင် စာရင်းသွင်းပြီး ၎င်းမှတစ်ဆင့် သေဘောဘိုးစခန်းကိုယ်စားလှယ်အဖြစ် ကျွန်တော်တို့က ရွေးချယ်ပြီး ဗဟိုညီလာခံအစည်းအဝေးသို့ ပို့ဆောင်လိုက်ခြင်းဖြစ်သည်။

၎င်းညီလာခံမှ A.B.S.D.F ဗဟိုကော်မတီဝင် နောက် ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် အဆင့်ဆင့် တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ မိုးကျရွှေကိုယ်အဖြစ် A.B.S.D.F ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဝင်ရောက်၍ မရပါ။ မိုးသီးဇွန်သည် နိုင်ငံအတွင်းမှ အထင်ကရ ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း ဒီမိုကရေစီအဖွဲ့အစည်းတစ်ခုတွင် ဒီမိုကရေစီကျင့်စဉ်အရ အခြေခံမှ ဝရမည်ဖြစ်သောကြောင့် သေဘောဘိုးစခန်းတွင် စာရင်းသွင်းကာ ကိုယ်စားလှယ်အဖြစ် ဗဟိုသို့ ပို့ဆောင်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ဒီမိုကရေစီကျင့်စဉ်ကို ဆောင်ရွက်ကြစေမည်။ ခေါင်းဆောင်လုပ်ချင်သူများ သတိထားရမည့် အချက်ဖြစ်သည်။ အောက်ခြေမှ သူများကလည်း မိမိခေါင်းဆောင်အကြပ်အတည်းကျရောက်နိုင်သည့် လုပ်ဆောင်ချက်များ ဖြေကြားရမည့် စကားလုံးများမဖြစ်အောင် သတိထားဆောင်ရွက်ရမည်။ မိမိခေါင်းဆောင် အကြပ်တည်းရောက်၍ အပြောမှား အလုပ်မှားများဖြစ်လျှင် ခေါင်းဆောင် နစ်နာပေမည်။ ခေါင်းဆောင်နစ်နာလျှင် မိမိနစ်နာတာနှင့် အတူတူပင်ဖြစ်သည်။



Generated by CamScanner from intsig.com

A.B.S.D.F ထောက်လှမ်းရေးမှူးဖြစ်သူ စိုးမိုးဦးသည် ကျွန်တော်တို့ စခန်းမှပင်ဖြစ်ပါသည်။ ကျွန်တော် စစ်ရေးတာဝန်ခံအဖြစ် ထမ်းဆောင်နေချိန်တွင် ၎င်းသည် တပ်ဖွဲ့မှူးတစ်ယောက်ဖြစ်သည်၊ စိုးမိုးဦး၏ အဖေ၊ အမေ၊ ညီ၊ ညီမ စသည်တို့သည် နောက်မှလိုက်လာပြီး မိသားစုအလိုက် တောခိုလာကြသူများဖြစ်သည်။ ၎င်းသည် စခန်းတွင် တစ်ယောက်ယောက်က ကျွန်တော့်အပေါ် မကောင်းကြံလျှင် ကျွန်တော့်ထံ ချက်ချင်း သတင်းပို့တတ်သူဖြစ်သည်။

တရေးသူသည် စခန်းတွင် အုပ်ချုပ်ရေး တာဝန်လုပ်ရသောကြောင့် မကျေနပ်သူများပါသည်။ တချို့ကလည်း မနာလိုမှု ရှိကြပါသည်။ သူလည်းသိပါသည်၊ ကျွန်တော် မည်သူ့အပေါ်မှ ပြန်လည်တုံ့ပြန်ခြင်းမပြုပါ။ သူ့ကို ကျွန်တော်တို့ဆောင်ရွက်ပေး၍ ဗဟိုကော်မတီအထိ ရောက်ရှိသွားပြီး ထောက်လှမ်းရေးမှူးအဖြစ် ဥက္ကဋ္ဌမှ ခန့်ထားခြင်းပင်ဖြစ်သည်။

အစည်းအဝေးတွင် ကျွန်တော့်အား ထွက်ပေါက်မရှိအောင် စွပ်စွဲချက်များ တင်သူဖြစ်ပါသည်။ သို့သော် ကျွန်တော်က ပြေပြေလည်လည် ဖြေရှင်းခဲ့ပါသည်။ ဖမ်းဆီးတော့လည်း ကိုယ်တိုင်သေနတ်ကိုင်၍ ဖမ်းသူဖြစ်ပါသည်။ ကျွန်တော်၏မျက်စိထဲ ပြန်မြင်ပါသည်။ ကျွန်တော့်အား ပြုံးပြုံးလေးနှင့် ဖမ်းသည့်ပုံလေးကို ယနေ့တိုင် မျက်စိထဲက မထွက်ပါ။ ကျွန်တော်မှလည်း ပြုံးပြုံးလေးနှင့်ပင် အချုပ်ထောင်ထဲသို့ သူ့အား နှုတ်ဆက်ပြီး ဝင်ခဲ့ပါသည်။

ကျွန်တော်က ကျောင်းသားများအား နိုင်ငံရေးစကားလုံးနည်းဖြင့် "ဝိုလ်ချုပ်မောင်မောင် ခေါ်နေတယ်" စသည့် စကားလုံးထုတ်ခဲ့ပြီး A.B.S.D.F ဗဟိုကော်မတီဝင်အား မိမိစခန်းမှ ပြန်လည်ထိန်းသိမ်းရန်အတွက် စီစဉ်ရန်ဖြစ်သည်။ A.B.S.D.F ဗဟိုကော်မတီများသည် ကျွန်တော်တို့စခန်းအား ကျိန်းသေရောက်လာမည်ဟု တွက်ထားပါသည်။

ဗဟိုကော်မတီဝင်များသည် ကျွန်တော့်အား ဖမ်းဆီးရသည့်ကိစ္စများအား စခန်းများသို့ လိုက်လံရှင်းပြကြပါသည်။ ကျွန်တော်တို့ သေ့ဘောဘိုး ယာယီစခန်းသို့ ဒု-ဥက္ကဋ္ဌ ဒေါက်တာနိုင်အောင် တွဲအတွင်းရေးမှူး



Generated by CamScanner from intsig.com

ကိုအောင်ထူး၊ ဗဟိုကော်မတီဝင်ဆရာ ဦးယုနွယ် (ကျောင်းဆရာ) နှင့် ဗဟိုကော်မတီဝင်များ စုံစုံလင်လင် ပါလာကြပါသည်။

စခန်းရှိ ရဲဘော်ရဲမေများအား စုစည်းပြီး ကျွန်တော့်အား ဖမ်းဆီးရခြင်းအား ရှင်းပြကြပါသည်။ ၎င်းတို့ရှင်းပြနေချိန်တွင် ၂၀၄ တပ်ခွဲမှူးဖြစ်သူ အုန်းမြင့်ဦးဆောင်ပြီး ရဲဘော်များသည် ရောက်ရှိလာသော ဗဟိုကော်မတီများအား ဝိုင်းလိုက်ကြပါသည်။ ကျွန်တော်တို့၏ခေါင်းဆောင်အား ယခုချက်ချင်း လွှတ်ပေးပါ၊ ကျွန်တော်တို့ ခေါင်းဆောင်ဒုက္ခရာရသလို ခင်ဗျားတို့လည်း ဒုက္ခရာရမယ်၊ ကျွန်တော်တို့ခေါင်းဆောင်သေလျှင် ခင်ဗျားတို့လည်း သေမည်၊ ကျွန်တော်တို့ ခေါင်းဆောင့်လွှတ်မှ ခင်ဗျားတို့ ဒီစခန်းကထွက်ရမည်ဟု အကြပ်ကိုင်၍ ဗဟိုကော်မတီအဖွဲ့အား ထိန်းချုပ်လိုက်ပါသည်။

ဗဟိုကော်မတီဝင်ဖြစ်သော ဆရာဦးယုနွယ်ကို ကျွန်တော်တို့ ကျောင်းသားများက လေးစားကြပါသည်။ ဆရာဂုဏ်သိက္ခာနှင့် နေသောကြောင့်ဖြစ်ပါသည်။ ထိုအချိန်တွင် ဆရာဦးယုနွယ်မှ တောင်းပန်ပါသည်။ ယခု ဒီလိုလုပ်လျှင် ကြားလို့မကောင်းကြောင်း၊ ယခုဖမ်းထားသော ခေါင်းဆောင်အားလည်း လွှတ်ပေးမည်ဖြစ်ကြောင်း၊ ဒုက္ခရာဒုက္ခချက်များလည်း ဖြစ်အောင်လုပ်မည်မဟုတ်ကြောင်း စသဖြင့် တော်တော်များများအား ရှင်းပြတောင်းပန်ပါသည်။ ကတိလည်း ပြုပါသည်။ နှစ်ဦးနှစ်ဖက် အကြိမ်ကြိမ် ပြောဆိုဆွေးနွေးပြီးမှ ဗဟိုကော်မတီအဖွဲ့အား စခန်းမှ ပြန်ထွက်ခွင့်ပြုပါတော့သည်။

ကျွန်တော်၏ရဲဘော်များ တောင်းဆိုမှု၊ K.N.U ၏ ကန့်ကွက်မှုများကြောင့် ကျွန်တော်၏အသက် မသေခြင်းဖြစ်ပါသည်။ K.N.U မှ ဗိုလ်ကြီးစိုးမင်းသည် မဲဆောက်တွင် နေထိုင်သည်၊ ၎င်းအိမ်တွင် ကျောင်းသားခေါင်းဆောင် တော်တော်များများသည် နားမိုဖူး၊ တားသောက်ဖူးကြသူများ ဖြစ်သည်။ ထိုအတူ အခြားအဖွဲ့အစည်းများမှ ခေါင်းဆောင်များလည်း ဝင်ထွက်သွားလာသော နေအိမ်တစ်ခုဖြစ်သည်။ ပြည်ချစ်စေတ် လက်ထက်



Generated by CamScanner from intsig.com

ကတည်းက နယ်စပ်ရောက်ထားသူဆိုတော့ နိုင်ငံရေး အတွေ့အကြုံများသူ ဖြစ်သည်။ နိုင်ငံရေးသမားများ၏ ခြေလှမ်းကိုလည်း သိထားသူဖြစ်သည်။

၎င်းအိမ်တွင် စာရေးသူ ရောက်ရှိတည်းခိုချိန်တွင် နိုင်ငံရေးခေါင်းဆောင် တော်တော်များများနှင့် တွေ့ဆုံပိတ်ဆက်ပေးခြင်း၊ ကျွန်တော်၏ နိုင်ငံရေးအယူအဆများအား ထောက်ခံပြောဆိုခြင်းများ ရှိပါသည်။ ကျွန်တော်တို့၏ ကျေးဇူးရှင်တစ်ဦးပင်ဖြစ်ပါသည်။ ၉၀ ပြည့် ရွေးကောက်ပွဲ ရလဒ်နှင့် အာဏာလွှဲပြောင်းပေးခြင်းမရှိကြောင်း သဘောတရားများနှင့် နောက်နိုင်ငံရေး လှုပ်ရှားချက်များအား အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ ရောက်ရှိလာချိန်တွင် ပြောဆိုသဖြင့် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များသိရှိပြီး ဖြစ်ကုန်ကြသည်။ ဗိုလ်ချုပ်မောင်မောင်ထံသို့ ဗိုလ်ကြီးစိုးမင်းမှ သတင်းပို့သဖြင့် ကျွန်တော်၏ အသက်ရှင်ရန်အတွက် အကြောင်းတရား တစ်ခုပင်ဖြစ်သည်။

A.B.S.D.F ထောက်လှမ်းရေး စိုးမိုးဦးနှင့် ဇဟိုကော်မတီများသည် ကျွန်တော်နှင့် လက်တွဲလုပ်ဖူးသော K.N.U ခေါင်းဆောင်များ အသီးသီးတို့ထံ သွားရောက်ပြီး ကျွန်တော့်အတွက် မှတ်ချက်တောင်းခံကြပါသည်။ K.N.U ခေါင်းဆောင်များမှလည်း မင်းတို့ကိစ္စမင်းတို့ရှင်း၊ ဒီအပေါ်မှာ ငါတို့ဘာမှမှတ်ချက်ပေးစရာ မရှိပါဟု ငြင်းဆန်ကြပါသည်။ K.N.U ခေါင်းဆောင်များ၏ ငြင်းဆန်မှုကြောင့် ၎င်းတို့ ရေ့တိုးလုပ်ဆောင်၍ မရခြင်းဖြစ်ပါသည်။

မာနယ်ပလော အကျဉ်းထောင်အကြောင်း ရှင်းပြပါမည်။ အကျဉ်းထောင်သည် ဖိမ်စံသည့်နေရာမဟုတ်ပါ။ အကျဉ်းထောင်နှင့် တူအောင်တော့ ထားကြပါမည်။ အချုပ်ထောင်၏ အမြင့်သည် ၄ ပေခွဲပဲရှိပါသည်။ ကျွန်တော်တို့သည် မတ်တတ်ရပ်၍ မရပါ။ ခါးကုန်းခေါင်းငုံ့၍ အမြဲနေရပါသည်။ လမ်းလျှောက်သောအခါ ခါးကုန်းခေါင်းငုံ့၍ လမ်းလျှောက်ရပါသည်။ ထိုကဲ့သို့သောနေရာမှာ ရက်ရှည်ကြာလာတော့ မခံနိုင်တော့ပါ။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

နဂိုကတည်းက ငှက်ဖျားကလည်း ရှိနေ၍ ကျန်းမာရေး တစ်စ တစ်စ ဆိုးလာပါသည်။ A.B.S.D.F ဗဟိုသည် ဗိုဗိုတို့အချုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ရိက္ခာပေးမှု ဘာမှုပြုလုပ်ခြင်း၊ ကြည့်ရှုခြင်း အလျဉ်းမရှိပါ။ K.N.U မှ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်း၊ ထမင်းကျွေးခြင်း ပြုလုပ်ပေးပါသည်။ ကျွန်တော့်အား အာမခံလာသော၊ ကတိပေးထားသော ဆရာဦးယုနွယ်လည်း ဘယ်ဆီရောက်သည် မသိပါ။ ကျွန်တော် အချုပ်ထောင်ထဲတွင် တစ်လကျော်ကြာသောအခါ ကျန်းမာရေး အလွန်ဆိုးဝါးလာပါသည်။ ကျွန်တော် လမ်းတောင် မလျှောက်နိုင်တော့ပါ။

ကျန်းမာရေးအလွန်စိုးရိမ်ဖွယ်ရာဖြစ်လာသောကြောင့် K.N.U မှ ၎င်းတို့ဆေးရုံသို့ပို့ပြီး ဆေးကုသမှု ခံယူစေပါသည်။ အချုပ်သားတစ်ယောက်အနေဖြင့် ဆေးရုံတွင် တခြားလူနာများကဲ့သို့ လူနာအခွင့်အရေး ပြည့်ပြည့်ဝဝ မရနိုင်ပါ။ ယခုကဲ့သို့ အလိုက်အထိုက်ကုသပေးသည်ကိုလည်း ကျေးဇူးတင်ပါသည်။ K.N.U သည် ၎င်းတို့၏ကတိအတိုင်း ကျွန်တော့်အား အသေမခံပါ။

K.N.U ခေါင်းဆောင်များမှ ကျွန်တော်၏အသက်မှ ရပ်တည်ပေးခြင်း၊ ဆေးကုသပေးခြင်းသည် ကျွန်တော်၏ အသက်သခင်ဖြစ်ပါသည်။ ဤသည်မှာ ပုဂ္ဂလိက ခံစားမှုပင်ဖြစ်သည်။ နိုင်ငံရေးကိစ္စသည် နိုင်ငံရေးကိစ္စဖြစ်သည်။ အစပိုင်းတွင် ဖော်ပြခဲ့သလို K.N.U ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါပြီ။

ကျွန်တော့်အပေါ် ပုဂ္ဂလိက ကောင်းသည်ကိုတော့ ကျေးဇူးအလွန်တင်ပါသည်။ အသက်သခင်ဖြစ်သည့်အတွက် ကျေးဇူးတင်ပါသည်။ K.N.U ၏ နိုင်ငံရေးရပ်တည်ချက်အပေါ်လည်း ပွင့်ပွင့်လင်းလင်း ထောက်ပြခဲ့ပါသည်။ ကျွန်တော်သည် ကဏ္ဍများခွဲခြားပြီး ကျေးဇူးတုံ့ပြန်ရမည်ဖြစ်သည်။ ကျန်းမာရေး ကောင်းလာလိုက်၊ ပြန်ဆိုးသွားလိုက်နှင့် တော်တော်ကြီးကို ခံနေရပါသည်။



Generated by CamScanner from intsig.com

၎င်းနောက် K.N.U ခေါင်းဆောင်ကြီးမှ ကျောင်းသားခေါင်းဆောင်များထံသို့ သတင်းပို့ပါသည်။ "မင်းတို့ကျောင်းသား ကျန်းမာရေး တော်တော်ဆိုးနေတယ်။ ရက်တွေလည်း ကြာနေပြီ၊ အဖြေလည်း မပေါ်သေးဘူး။ ရိက္ခာကုန်တယ်၊ သတ်မယ်ဆိုရင်လည်း သတ်၊ လွှတ်မယ်ဆိုရင်လည်း လွှတ်၊ ရှင်းရှင်းလုပ်" ဟုဆိုပြီး သတင်းပို့လိုက်ပါသည်။

တကယ်တမ်း လွှတ်ရမည်ဆိုသောအခါတွင် လွှတ်ပေးရဲသည့်သူ တစ်ဦးမှ မရှိတော့ပါ။ တစ်ဦးနှင့်တစ်ဦး လွှဲချနေသည်နှင့် အချိန်တွေတော်တော်ကြာလာပါပြီ။ သူတို့ရဲ့ရည်ရွယ်ချက်မှာ K.N.U သည် ရန်သူများအပေါ်တွင် ထမင်းတစ်နပ် အကုန်မခံပါ။ အမြန်ဆုံး ရှင်းလင်းသတ်ဖြတ်လေ့ရှိပါသည်။ ထို့ကြောင့် K.N.U မှ စိတ်ရှုပ်ရှုပ်ဖြင့် အဖြေတစ်ခုခု ရှင်းလင်းစေရန်အတွက် ဖန်တီးနေခြင်းဖြစ်သည်။

မာနယ်ပလော အချုပ်ထောင်ထဲတွင် ၄၉ ရက် ကြာသောအခါမှ လွှတ်ပေးပါသည်။ ကျွန်တော့်အား ၂၀၆ တပ်ရင်းမှူး ဦးမျိုးချစ်မှ လာရောက်ကြိုဆိုပါသည်။ N.D.F ရုံးခန်းတွင် တစ်ညအိပ်ပြီးနောက်နေ့ စခန်းသို့ပြန်လာခဲ့ပါသည်။ ကျန်းမာရေး အလွန်ဆိုးဝါးနေသဖြင့် မဲဆောက် "မယ်တော်ဆေးခန်း" တွင် ဝင်ရောက်ဆေးကုသမှု ခံရပါသည်။ ၎င်းနောက် ဗိုလ်ကြီးစိုးမင်းအား ဝင်ရောက်နှုတ်ဆက်ပြီး စခန်းသို့ ပြန်ခဲ့ပါသည်။

ထို့နောက် စခန်းတွင် ခဏတဖြုတ်နေပြီး ကျန်းမာရေးကောင်းသောအခါ ရဲဘော်များအားနှုတ်ဆက်ပြီး မဲဆောက်မြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင်ပါသည်။ ကျွန်တော်ပြန်ရောက်လာပြီး မည်သူ့ကို မည်ကဲ့သို့ တုံ့ပြန်မလဲဟု အားလုံးက စောင့်ကြည့်နေကြသည်။ ကျွန်တော် မည်သူ့ကိုမှ မတုံ့ပြန်ပါ။ ပြည်တွင်းအခြေအနေများကြောင့်ပင်ဖြစ်သည်။

Generated by CamScanner from intsig.com

## တော်လှန်ရေးရဲ့မျက်နှာ

❑

ပြည်သူတွေ မျက်နှာကြည့်ပြီး မတုံ့ပြန်ခြင်းဖြစ်ပါသည်။ ၎င်းအချိန်တွင် N.L.D ပါတီအနိုင်ရရှိပြီးအစိုးရဖွဲ့ရန်အတွက် ကြိုးတားနေချိန်ပင်ဖြစ်ပါသည်။ ပြည်တွင်းမှလည်း ပြည်ပအား လိုချင်ပါသည်။ ကျွန်တော် အစကတည်းက ပြောခဲ့သလို နဝတသည် အာဏာလွှဲပြောင်းပေးရန် အစီအစဉ်မရှိပါ။ အတွင်းအပြင် အာဏာရရှိရေး၊ လွှဲပြောင်းပေးရေး ကြိုးတားနေချိန်တွင် ကျွန်တော်တို့ ပြင်ပတွင် ရှုပ်ရှုပ် မလုပ်ချင်တော့ပါ။

ကျွန်တော့်မှာ တပ်အင်အားရှိပါသည်။ ရဲဘော်များမှလည်း ခွင့်ပြုရန် တောင်းဆိုကြပါသည်။ ကျွန်တော်က မေတ္တာရပ်ခံပြီး ဖြေရှင်းချက် တစောင်ထုတ်ပါမည်လို့ ကတိပြုပြီး ဖြေရှင်းချက်စာ ထုတ်ဝေခဲ့ပါသည်။ သို့သော် ဗဟိုကော်မတီမှသော်လည်းကောင်း၊ ဥက္ကဋ္ဌမှသော်လည်းကောင်း၊ ဒု-ဥက္ကဋ္ဌမှသော် ပြန်လည်ဖြေရှင်းခြင်းမရှိပါ။

ပွင့်ပွင့်လင်းလင်း ဝေဖန်ရပါတော့မည်။ ပြည်တွင်းရှိ မိဘပြည်သူများ၊ ကျောင်းသူကျောင်းသားများ၊ တောခိုကျောင်းသား၊ ကျောင်းသူများအားလုံးတို့သည် ထင်းရှဲခြင်းပေါင်းပြောက်မြားစွာ ရေးလို့ပင် ကုန်မည်မထင်

သော ထင်းရဲခြင်းပေါင်းများစွာ၊ ဝွန်လွှတ်မှုများ၊ အသက်၊ သွေး၊ စတေးမှုများ၊ ရင်းကို ကမ္ဘာကလည်း သိသည်၊ အားလုံး အားလုံးသိကြသည်။

ထိုသို့ ဒုက္ခစံခဲ့သော ကျောင်းသားရဲဘော်များကို လက်ညှိုးထိုးပြီး ကျွန်တော်တို့က သူတို့ရဲ့ခေါင်းဆောင်ပါ။ ကျွန်တော်တို့ ဘာတွေရလျှင် ဘာတွေလုပ်မယ်၊ ညာတွေလုပ်မယ် စသည် ကတိကဝတ်များပေးပြီး ရရှိခဲ့သော ငွေကြေးများသည် ဗိုဗိုရဲဘော်ရဲဘက်များနှင့် နိုင်ငံကောင်းစားရေး အတွက်များ သုံးခဲ့ကြပါသလား။ ဗိုဗိုတို့ရဲ့လိပ်ပြာ သန့်ကြရဲ့လား။ ၁၀၀ ရလျှင် ၁၀ ဘိုးလောက် ရဲဘော်အတွက် သုံးခဲ့ကြပါသလား။ စဉ်းစားကြစေချင်သည်။

ယခုဖြစ်ပေါ်နေသော မြန်မာနိုင်ငံရေး အခင်းအကျင်းသည် အလွန်ကို လှုပနေပါမည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် တက်ညီလက်ညီ ရှော်နေချိန်ဖြစ်နေသည်၊ ကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်ဟုထင်လျှင် ဗိုဗိုကိုယ်ကို ဆန်းစစ်ဝေဖန်ပါ။ ပြုပြင်ပါ။ ပြည်သူပြည်သား အောက်လက်ငယ်သားများသည် ခေါင်းဆောင်အား ထောက်ပြသင့်သည်ကို ထောက်ပြပြီး ဝေဖန်သင့်သည်ကို ဝေဖန်ရန်ပင်ဖြစ်သည်။

၁၉၉၀ ပြည့်၊ အောက်တိုဘာလတွင် A.B.S.D.F ဗဟိုကော်မတီသို့ နုတ်ထွက်လွှာတင်ပြီး A.B.S.D.F မှ နုတ်ထွက်ခဲ့ပါသည်။ ၎င်းနောက် မဲဆောက်မြို့ပေါ်တွင် နေထိုင်ပြီး စီးပွားရေးလုပ်ငန်းကတစ်ဖက်၊ ဝါသနာပါသူ နိုင်ငံရေးသမားများနှင့် ပေါင်းပြီး နိုင်ငံရေးလုပ်နေပါသည်၊ ထို့အတူ ဗိုဗိုရဲဘော်များနှင့်တွေ့လျှင် ကူညီနိုင်သည့်ကိစ္စများအား ကူညီဖြေရှင်းပေးပါသည်၊ A.B.S.D.F အဖွဲ့ဝင်မဟုတ်တော့သော်လည်း အဖွဲ့များ၏သတင်း။ ဗဟိုကော်မတီရဲ့သတင်း စသည်တို့ကို အမြဲကြားနေရပါသည်၊ A.B.S.D.F နဲ့ပတ်သက်ပြီး ကျွန်တော် ဆက်လက်ရေးဖို့ မလိုတော့ပါ။ နောက်ဖြစ်စဉ်များအား သတင်းမျက်နှာများပေါ်တွင် ပေါ်ခဲ့ပြီးဖြစ်ပါသည်။

ဗိုလ်ကြီးမိုးမင်း၏ ထောက်ခံပိတ်ထက်ပေးမှုကြောင့် အဖွဲ့အစည်းအသီးသီး၏ ခေါင်းဆောင်များနှင့် ရင်းနှီးပါသည်၊ ၎င်းတို့သည် တစ်ပါတီ

စနစ်ထဲက နိုင်ငံရေးလုပ်သောသူများ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် လုပ်သောသူများ စသည်တို့ဖြင့် အစုံအလင်တွေ့ရပါသည်။ ၎င်းတို့၏ နိုင်ငံရေး အတွေ့အကြုံများသည် ကျွန်တော်တို့အတွက် ပညာရပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် နိုင်ငံရေးလုပ်သောသူထဲက ဦးတင်အုန်းဆိုသည့် ပုဂ္ဂိုလ်ကြီးအကြောင်းကို အနည်းငယ်ပြောပါမည်။

ဦးတင်အုန်းသည် ၁၉၉၀ ခုနှစ်လောက်က အသက် ၇၀ ကျော်လောက်ရှိနေပါပြီ။ စကားလည်းများများ မပြောပါ။ လိုအပ်သည့်စကားသာ ပြောပါသည်။ ပြောသည့်စကားလုံးမှာ တိုတိုနှင့် အဓိပ္ပာယ်ပြည့်စုံပါသည်။ မည်သည့်အရပ်သားမှန်းလည်း မသိရပါ။ မိသားစုအကြောင်းလည်း မသိရပါ။ ကျွန်တော်တို့ကိုတော့ အလွန်ခင်ပါသည်။ သူပင်လျှင် သူများအိပ်မှာ ထမင်းစားနေရသည်ကို ကျွန်တော့်အား ထမင်းစားဖိတ်ပြီး ၎င်းစားသည့် အိမ်မှာ ထမင်းဖိတ်ကျွေးပါသည်။ အင်္ဂလိပ်စကားပြောကောင်းသူ ဖြစ်ပါသည်။ ပြည်ချစ်အဖွဲ့တောခိုတော့ ပါလာပြီး ပြည်ချစ်အဖွဲ့အလင်းဝင်တော့ ထိုင်းနိုင်ငံတွင် ကျန်နေခဲ့သူဖြစ်ပါသည်။

အင်္ဂလိပ်ခေတ် တော်လှန်ရေးတွင်ပါခဲ့ပြီး ဂျပန်ခေတ်တော်လှန်ရေးတွင်လည်း ပါခဲ့သူဖြစ်သည်။ ၎င်းထံမှ အင်္ဂလိပ်ခေတ် နိုင်ငံရေးသမားများ အခြေအနေ၊ ဂျပန်ခေတ် နိုင်ငံရေးသမားများ၏ အခြေအနေများကို ကြားခွင့်၊ သိခွင့်ရပါသည်။ သူပြောသောဖြစ်စဉ်များသည် မည်သည့်တအုပ်တတမ်းတွင်မှ မရှိသော ဗဟုသုတများဖြစ်သည်။

ပြည်ချစ်အဖွဲ့ကြီး တောခိုစဉ် ပါရှိလာပြီး အစဉ်အလာရှိသော တော်လှန်ရေးသမားဖြစ်ခြင်းကြောင့် ၎င်း၏ နိုင်ငံရေးလမ်းစဉ်များနှင့် လက်နက်ကိုင်တော်လှန်ရေးတွင် ပိပိတို့အဖွဲ့လိုက်နာရမည့်အချက်များ၊ တခြားဒေသခံ လက်နက်ကိုင်အဖွဲ့အစည်း (မဟာမိတ်လို့သုံးစွဲပါသည်)နှင့် ဆက်ဆံရေး၊ ပြည်ချစ်အဖွဲ့ကြီး၏ မအောင်မြင်သော လက်နက်ကိုင်လမ်းစဉ်များအား အသေးစိတ် ရှင်းပြခြင်းဖြင့် ကျွန်တော်တို့အတွက် လေ့လာမှတ်သားစရာအဖြစ် ပညာရရှိပါသည်။

---

စိတ်ကူးသစ်တပေ

Generated by CamScanner from intsig.com

ရန်ကုန်မြို့ ဂန္ဓဝင်ဟောတွင် ပြုလုပ်သော N.L.D ညီလာခံ ပြီးသော အခါ လွှတ်တော်အမတ်များ၊ EC များ စသည်တို့သည် တောမိုလာကြပါသည်၊ စာရေးဆရာများ စသည်တို့သည် တောမိုလာကြပါသည်။ ကျွန်တော်သည်၊ မည်သည့်အဖွဲ့အစည်းထဲကိုမှ မဝင်တော့ပါ။ အားလုံးနှင့် ရင်းနှီးစွာ နိုင်ငံရေးလုပ်ငန်းများ လုပ်ကိုင်ပါသည်။ ကူညီသင့်သည်များကို ကူညီပါသည်။ မဲဆောက်တွင်ရှိသော ကျွန်တော်၏အိမ်တွင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ ဝင်ထွက်တည်းခိုပြီး နိုင်ငံရေးဆွေးနွေးကြ၊ ဖြစ်စဉ်များကို သုံးသပ်ကြနှင့် နေကြပါသည်။

တစ်နေ့တော့ ဆရာဦးဝင်းခက်မှ ခေတ်ပြိုင်ဂျာနယ်ထုတ်ရန်အတွက် ပြောပါသည်။ လုပ်ပေးကိုင်ပေးမည့်သူများရှိသည်။ ဖြန့်ချိရေးပဲ အရေးကြီးသည်၊ ထူးခြားသောသတင်းများ ရှာဖွေပြီးပေးပါဟု အကူအညီ တောင်းပါသည်။ ၎င်းနောက် ဆရာမောင်စင်ကြယ်လည်း ရောက်လာပါသည်၊ ထို့ကြောင့် ဝိုင်းဝန်းပြီး လုပ်ကိုင်ကြပါသည်။

နောက် C.R.D.P ကိုတင်မောင်ဝင်း စသည်တို့လည်း ဝိုင်းဝန်းပြီး လုပ်ကိုင်လာကြပါသည်။ လူတော်တော်များ ဝိုင်းပြီး လုပ်ကိုင်ခြင်းဖြစ်ပါသည်၊ တချို့လူများကို မမှတ်မိတော့သဖြင့် အမည်မဖော်ပြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ခေတ်ပြိုင်ဂျာနယ်ကို ထုတ်ဝေချိန်တွင် ကြေးမုံသတင်းစာသည် ပုံနှိပ်စာလုံးအဆင့်ပင် ရှိသေးသောကာလဖြစ်ပါသည်၊ ကျွန်တော်တို့က ထိပ်ဆုံး ကွန်ပျူတာစာလုံးနှင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

N.L.D ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ EC များ စသည်တို့သည် လွတ်မြောက်နယ်မြေသို့ တဖွဲဖွဲ ရောက်ရှိကြပါသည်။ ရောက်ရှိပြီး နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် EC တချို့တို့နှင့်လည်း ရင်းနှီးမှုများ ရှိပါသည်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်း ရင်းနှီးစွာဆက်ဆံပြီး ၎င်းတို့ မဲဆောက်သို့ရောက်လျှင် ကျွန်တော်၏အိမ်သို့ ဝင်ရောက်မှုများ ရှိပါသည်။



Generated by CamScanner from intsig.com

နိုင်ငံရေးကိစ္စများ ဆွေးနွေးခြင်းများရှိသော်လည်း ၎င်းတို့အပါအဝင် မည်သည့်နိုင်ငံရေးအဖွဲ့များသို့မှ ဝင်ရောက်ခြင်း မရှိတော့ပါ။ အဝေးရောက် N.L.D ဖွဲ့စည်းခြင်းသည်လည်းကောင်း၊ အဝေးရောက် အစိုးရဖွဲ့စည်းသော်လည်းကောင်း၊ အားပေးထောက်ခံခြင်းများ ပြုလုပ်ရုံမျှသာ၍ မည်သည့်ကဏ္ဍမှ မပါဝင်ခဲ့ပါ။ ဆရာ ဦးဝင်းခက်၊ ဒေါက်တာဖြိုးနိုင်ကျော်နယ် ထုတ်ဝေသည့်အခါ သတင်းယူပေးခြင်း၊ သတင်းဓာတ်ပုံရိုက်ပေးခြင်း၊ ဖြန့်ဖြူးပေးခြင်း စသည့်တာဝန်များကို ယူပြီး ကူညီလုပ်ကိုင်ပေးပါသည်။

ကျွန်တော်၏ဆန္ဒမှာ မည်သည့်အဖွဲ့အစည်း ဖြစ်ပါစေ၊ ညီညွတ်စွာနှင့် လုပ်စေချင်ပါသည်။ ၎င်းအဖွဲ့အစည်းများ စိတ်ဝမ်းကွဲ၍ တစ်ဝင်တစ်ကွဲ ထောင်သည့်ကိစ္စများအား အားပေးခြင်း အလျဉ်းမရှိပါ။ ကိုယ်တိုင်လည်း မိမိအဖွဲ့အစည်းတွင် တာဝန်ယူနေစဉ် အရေးရာသည်းပြီး ထက်ဆဲပါသည်။ မိမိသည် အုပ်စုဖွဲ့ပြီး မည်သူ့ကိုမှ ပုတ်ခတ်ခြင်း၊ တွန်းထုတ်ခြင်း မရှိပါ။

တရေးသူ နိုင်ငံရေးလုပ်နေစဉ် ဆရာမောင်ဝင်းကြွယ်နှင့် ရင်းရင်းနှီးနှီး တော်တော်လေး နေခဲ့ပါသည်။ ဆရာမောင်ဝင်းကြွယ်သည် ဗုဒ္ဓဘာသာကရင်လူမျိုးဖြစ်ပါသည်။ တစ်နေ့တော့ ၁၉၉၂ ခုနှစ် (လ မမှတ်မိ)၊ တောတွင်း K.N.U တပ်ဖွဲ့ဝင်ခေါင်းဆောင်ငယ် ၃ ဦးနှင့် ဆရာမောင်ဝင်းကြွယ်တို့ ရောက်လာပါသည်။ ထိုခေါင်းဆောင်များနှင့် ကျွန်တော်တို့အား မိတ်ဆက်ပေးပါသည်၊ ခေါင်းဆောင်များမှာ ကရင်ဗုဒ္ဓဘာသာများ ဖြစ်ပါသည်။

၎င်းတို့မှ K.N.U တွင် ခရစ်ယာန်ဘာသာဝင်များကသာ အခွင့်အရေးရရှိပြီ ကရင် ဗုဒ္ဓဘာသာများသည် တပ်တွင်လည်းကောင်း၊ အရပ်တွင်လည်းကောင်း နေရာမရှိပါ။ နှိပ်ကွပ်ခြင်း ခံရပါသည်။ ထို့ကြောင့် ၎င်းတို့ K.N.U မှ ခွဲထွက်ပြီး သီးခြားရပ်တည်မည်ဖြစ်ကြောင်း၊ ၎င်းတို့အား ကူညီပြီး ခေါင်းဆောင်နေရာမှ လုပ်ရှားပေးရန် တောင်းဆိုကြပါသည်။ ထိုကိစ္စသည် အလွန်အရေးကြီးကြောင်း ကျွန်တော်အား အလွန်အားကိုးယုံကြည်သဖြင့် လာရောက်ပြီး ဆက်သွယ်ရခြင်းဖြစ်ကြောင်းများပါ ပြောပါသည်။



Generated by CamScanner from intsig.com

ကျွန်တော်ကလည်း ကျွန်တော်က မြန်မာလူမျိုးဖြစ်ကြောင်းနှင့် A.B.S.D.F မှ တပ်ဖွဲ့ဝင်ဖြစ်ခဲ့ပြီး ဗဟိုကော်မတီသို့ နုတ်ထွက်စာ တင်ထားသော်လည်း ယနေ့ထိ ခွင့်ပြုစာ ပြန်မရသေးကြောင်း ဗိုဗိုတို့တပ်ဖွဲ့ဝင်များအနေဖြင့် ဘာသာကိုးကွယ်မှုသည် အရေးမကြီးကြောင်းနှင့် တတ်နိုင်သမျှသည်းခံခွင့်လွှတ်ပြီး လုပ်ကိုင်ကြပါဟု တောင်းပန်ရပါသည်။ ထိုအခါ ၎င်းတို့မှ ခေါင်းဆောင်အား ပြန်လည်တင်ပြပြီး နောက်လာဦးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ကဏ္ဍမှ ကူညီပေးရန် မေတ္တာရပ်ခံကြပါသည်။

ကျွန်တော်လည်း ဆရာမောင်ဝင်ကြယ်အား အိပ်အတွင်းခန်းသို့ ခေါ်ယူပြီး… "ဆရာ ဒီကိစ္စ အရေးကြီးတယ်။ K.N.U သတင်းပေါက်သွားရင် ဆရာ ဒုက္ခရောက်လိမ့်မယ်။ သတိထားပါ" ဟု ပြောရပါသည်။ ဆရာကလည်း ကျွန်တော်လည်း မည်သည့်ကဏ္ဍမှ မပါပါ။ ကရင်လူမျိုးချင်း ဖြစ်သဖြင့် ကူညီခြင်းဖြစ်ကြောင်း ပြောပါသည်။ ထို့နောက် ကျွန်တော့်အားနှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ နောက်ပိုင်းတွင် ကျွန်တော်သည် ကရင်ဗုဒ္ဓဘာသာအဖွဲ့ မည်သည့်အချိန် ခွဲထွက်မလဲဟု အသံနားထောင်နေမိသည်။

နောင်တစ်ချိန်မှာတော့ ကျွန်တော်တို့၏ ပယောဂမပါဘဲ ကရင်ဗုဒ္ဓဘာသာအဖွဲ့ခွဲထွက်ကြပါသည်။ ထိုအချိန်တွင် ကျွန်တော်လည်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါသည်။

ကျွန်တော်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်တိုင်အတွေးအခေါ်များနှင့် ပြောရမည်ဆိုလျှင် အင်အားဘယ်လောက်ကြီးကြီး စည်းလုံးမှုမရှိခြင်း၊ ညီညွတ်မှုမရှိခြင်း စသည်တို့သည် အောင်မြင်မှု ပန်းတိုင်နှင့် အလွန်ဝေးကွာစေပါသည်။

ထို့အပြင် တစ်ကိုယ်ကောင်းဆန်ခြင်း၊ မျှတမှုမရှိခြင်း၊ ခွဲခြားမှုများရှိခြင်းသည်လည်း အောင်မြင်မှု ပန်းတိုင်နှင့် ဝေးကွာစေပါသည်။

ဒီမိုကရေစီခေါင်းဆောင်တစ်ယောက်သည် အများက တင်မြှောက်သော ဒီမိုကရေစီခေါင်းဆောင်ဖြစ်ပြီး အများ၏ ယုံကြည်ကိုးစားမှုများ ရှိရမည်ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

Generated by CamScanner from intsig.com

နိုင်ငံရေးအောက်လမ်းနည်းဖြင့်သော်လည်းကောင်း၊ အတင်း အဓမ္မ မသမာမှုဖြင့်သော်လည်းကောင်း၊ ပေါင်းဖော်စုရုံးနိုင်မှု ပြုလုပ်၍ တင်ကြည့်ပါ။ ကမ္ဘာ့ပေါ်မှာရှိတဲ့ ပေါင်းဖော်မှုများကို လေ့လာပါ။

အဆိုးသတ်များကို မလေ့လာပါ။ သတိထားလေ့လာ၍ အရေးကြီး တွေ့ရပါမည်။ ကျွန်ုပ်တို့ ငါးထောင်ဖြင့် မှုဖြင့် ပြည်တွင်းစစ်ပွဲများ ဆောင်ရွက်ခဲ့လျှင် မည်ကဲ့သို့ဖြစ်မည်နည်း။ K N U နှင့် ပူးပေါင်းပြီး ထိုးစစ်ဆင်နွှဲလျှင် မည်ကဲ့သို့ ဖြစ်မည်နည်း။ အမျိုးမျိုး သုံးသပ်ရပါမည်။

သို့သော် ကျွန်ုပ်တို့ ကျောင်းသားကျောင်းသူများ အသက်ဖြင့် လည်းကောင်း၊ ကျဆုံးသွားသော ကျောင်းသားကျောင်းသူများ မိဘပြည်သူ များ စသည်တို့အပေါ်တွင်လည်းကောင်း၊ တာဝန်ကျေခဲ့ပါသည်။ အမှန်ပင် အရွမ်းကုန် ဇွန်လွှတ်အနစ်နာခံ ကြိုးစားခဲ့ပါသည်။ အကြောင်းအမျိုးမျိုး ကြောင့်သာ အောင်မြင်မှုများ ယူဆောင်ပေးခြင်း မရှိနိုင်ခဲ့ပါသည်။ ဤတရပ်ဖြင့် ဇွန်လွှတ်အနစ်နာခံခဲ့သော ရဲဘော်ရဲဘက်များ၊ ကျဆုံးခဲ့သော ရဲဘော်ရဲဘက်များ အားလုံးအား ဦးညွှတ်ပါ၏။

<၁၂၅>

Generated by CamScanner from intsig.com

## စစ်အာဏာရှင်ထက်ဆိုးမည့်ပုဂ္ဂိုလ်များ

❑

မြောက်ပိုင်း A.B.S.D.F ပါရောင်စခန်းတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအား ဖတ်ရှုရသောအခါ အလွန်ထိတ်လန့်ဖွယ်ကောင်းပါသည်။ စစ်ထောက်လှမ်းရေးပါဟု စွပ်စွဲပြီး လူရာကကာန်းကျော်ကျော် ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်စွာ အမျိုးမျိုးနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူယုတ်မာခြင်း၊ အနိုင်ကျင့်ခြင်း စသည်များ ဖတ်ရသောအခါ အလွန်ပင် စဉ်းစားစရာများပေါ်လာပါသည်။

A.B.S.D.F ဗဟိုကော်မတီ မာနယ်ပလောတွင် မြောက်ပိုင်းကျောင်းသားခေါင်းဆောင် ကိုဝိုးလင်းအား A.B.S.D.F မာနယ်ပလော ဗဟိုနစ်ခြမ်းကွဲခါနီးအချိန်တွင် သက်ရှိလူတစ်ယောက်ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် မိမိအကျိုးစွန့်ကာ တော်လှန်ရေးလုပ်ဆောင်နေသော ကျောင်းသားခေါင်းဆောင်တစ်ဦးအား ဥက္ကဋ္ဌဖြစ်ချင်သူနစ်ဦးမှ ဝက်ဖဲကိုင်သကဲ့သို့ ကိုင်ခဲ့ပြီး ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးထောင်ချခြင်း ပြုလုပ်ကြသည်များကို အသက်မသေ၍ ပြန်လွတ်လာသူများနှင့် ထိုသူကိုယ်တိုင် ပြန်လည်ပြောပြသဖြင့် တစ်နိုင်ငံလုံး သိခဲ့ကြရပြီ၊ ဝမ်းနည်းကြရပြီ၊ ယုတ်မာသူတို့အား ရွံရှာကြပြီဖြစ်သည်။



Generated by CamScanner from intsig.com

၎င်းတို့က မရှက်ကြပါ။ တာဝန်ယူမှုအတွက် ဝေလည်ကြောင်ပတ်စကားများ ပြောနေကြပေပြီ။ ဤကဲ့သို့သော နိုင်ငံရေးသမားများကြောင့် စိတ်ပျက်ခဲ့ရသလို မြန်မာ့နိုင်ငံရေးကောင်းမွန်အောင် စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ဆောင်နေသော ခေါင်းဆောင်များလည်း ရှိပါသည်။ ပြည်သူပြည်သားများသည် အမှန်မှာ မအကြပါ။ အကုန်သိပါသည်။ မပြောချင်၍သာ နေကြခြင်းဖြစ်သည်။

အချိန်တန်လျှင်တော့ အဖြေက ပေါ်စမြဲ။ မြောက်ပိုင်းကိစ္စ ၊၉၉ ဖြစ်နေချိန်တွင် ဒေါက်တာနိုင်အောင် မြောက်ပိုင်းသို့ ရောက်ရှိသွားပြီး ဖမ်းဆီးထားသည့် ကျောင်းသားများထဲမှ တချို့ကို ကိုယ်တိုင်စစ်ဆေးပြီး ပါးတောင်ရိုက်ခဲ့သေးတယ်ဟု (တချို့က ဖိနပ်ချွတ်ပြီး ဖိနပ်နဲ့ ရိုက်တယ်ဟု) သတင်းစာရှင်းလင်းပွဲတွင် မြောက်ပိုင်းကျောင်းသားအဖွဲ့မှ ပြောကြားခဲ့ပါသည်။ ရှင်းနေပါသည်။ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော သက်ရှိမြောက်ပိုင်းကျောင်းသားများက တညီတညွတ်တည်း ဖြေကြားနေပါသည်။

သည်လောက် ရက်ရက်စက်စက်နှိပ်စက်ခြင်းမျိုး အလွန်ဆိုးဝါးနေသော နိုင်ငံများကပင် မပြုလုပ်ကြပါ။ မည်သို့သော ဥပဒေနဲ့ မည်သို့ အပြစ်ပေးသင့်ကြောင်း မစဉ်းစားနိုင်အောင် ဖြစ်ပါသည်၊ ထို့ပြင် ကိုစိုးလင်း၏ မာနယ်ပလော အစည်းအဝေးလာတုန်း ဖမ်းဆီးခံရခြင်းနှင့် နှိပ်စက်စံထိခြင်း၊ ကိုမိုးသီးဇွန်မှ ဓာက်ပဲအဖြစ် ၎င်းအား အသုံးချခြင်းများ ဖတ်ရသောအခါ စိတ်မကောင်းပါ။

၁၉၉၀ ပြည့်တုန်းကလည်း ကျွန်တော်အား စတင်ဖမ်းဆီးပြီး နိုင်ငံရေး အမြတ်ထုတ်ရန် ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအချိန်တွင် K.N.U မှသော်လည်းကောင်း၊ K.N.U ဝဟိုကော်မတီဝင် ဗိုလ်ချုပ်မောင်မောင်၊ တပ်မဟာ ၆ တပ်မဟာမှူး ဗိုလ်မှူးကြီးရွှေဆိုင်း၊ ဗိုလ်ကြီးစိုးမင်း စသည်တို့နှင့် A.B.S.D.F တပ်ရင်း ၂၀၄ မှ တပ်ခွဲမှူးများနှင့် သေ့ဘောဘိုးစခန်းရှိ ရဲဘော်များ၏ A.B.S.D.F ဗဟိုကော်မတီဝင်များအား ဓားစာခံအဖြစ် ညီ

ညွှတ်စွာ ပြန်လည်ဖမ်းဆီးမှုကြောင့်သာ ကျွန်တော်၏ အသက်မသေခြင်း၊ နှိပ်စက်ခံမထိခြင်း၊ ရိုက်ခံမထိခြင်းဖြစ်ပါသည်။ K.N.U နှင့် ကျွန်တော်၏ စခန်းမှ ကျောင်းသားများသာ မကောင်းခဲ့လျှင် ကျွန်တော် A.B.S.D.F ၏ ပထမဦးဆုံးသောစံပြသူလျှိုအဖြစ် ရက်စက်စွာ ညှဉ်းဆဲသတ်ဖြတ်ခြင်း ခံရလေမည်။ ကျွန်တော့်အား ကယ်တင်ခဲ့သော ကျေးဇူးရှင်အားလုံးအား ဤတဖြင့် ဦးညွှတ်ပါ၏။

ကျွန်တော်တစ်ယောက်တည်းကိုသာ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ရပ်နေမည်မဟုတ်ပါ။ ၎င်းတို့ အာဏာမြဲရေးအတွက် နောက်ထပ် ကျောင်းသားခေါင်းဆောင် မည်မျှစတေးရမည်နည်းဆိုသည်ကို မခန့်မှန်းတတ်ပါ။ ထိုဥက္ကဋ္ဌရူး နှစ်ယောက်တို့သည် ၎င်းတို့နှင့် အမြင်မတူလျှင် ရန်သူအဖြစ် ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ကြပေမည်။ A.B.S.D.F မြောက်ပိုင်းကဲ့သို့ တောင်ပိုင်းတွင်လည်း ဝမ်းနည်းထိတ်လန့်ဖွယ်ရာ အဖြစ်ဆိုးကြီး သမိုင်းအမဲကြီး ကျန်ရစ်ခဲ့ပေတော့မည်။

ကျွန်တော်တို့ တပ်ရင်းမှ ရဲဘော်များ၏ ပြတ်ပြတ်သားသားပြောဆိုမှုနှင့် လက်နက်ကိုင်၍ ဗဟိုကော်မတီအဖွဲ့အား ပြန်လည်ဖမ်းဆီးမှုကြောင့်သာ ကျွန်တော်သက်သာခြင်းဖြစ်ပါသည်။ ၎င်းဖြစ်စဉ်၏အမှန်မှာ နိုင်ငံရေးမူဝါဒ ကွဲခြင်းဖြစ်သည်။ ဥက္ကဋ္ဌဖြစ်သူ ကိုမိုးသီးဇွန်တို့အဖွဲ့သည် ၉၀ ပြည်ရွေးကောက်ပွဲအား သပိတ်မှောက်ရန်နှင့် ပြည်သူများ မဲမထည့်ရန်အတွက် K.N.U အင်အားကိုယူပြီး အကြမ်းဖက်နည်း ကျင့်သုံးရန်ဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော်၏ လွတ်လပ်စွာ မဲပေးရေးအဆိုသာ မအောင်မြင်ခဲ့လျှင် ပြည်တွင်းပြည်သူလူထု တော်တော်လေးပျက်စီးကြမည်ဖြစ်သည်။ မဲရုံများအား ဗုံးခွဲခြင်း၊ မြို့နယ်အစွန်များရှိ ကျေးရွာများမှ ပြည်သူများ မဲမထည့်ရန် စည်းကမ်းထုတ်ပြီး မလိုက်နာပါက အပြစ်ပေးခြင်းများ ပြုလုပ်ကြပေမည်။ နဝတစစ်တပ်က မဲထည့်နိုင်းမယ်၊ တော်လှန်ရေးအင်အားစုတပ်က မဲမထည့်နိုင်းဘူး။ ကြားက ပြည်သူတွေ မည်သို့နေရမည်နည်း။ မည်မျှ ဒုက္ခရောက်မည်နည်း။

---

စိတ်ကူးသစ်တပေ

၎င်း၏ နိုင်ငံရေးစကားလုံး၊ နိုင်ငံရေးမူဝါဒ စကားတစ်ခွန်းဖြစ်သော "မဲရုံများအား မသွားရောက်ရေး၊ မဲမထည့်ရေး" ဆိုသည့် ဝေါဟာရအတွက် အောက်ခြေတပ်ဖွဲ့များသည် မည်ကဲ့သို့ ပုံဖော်မည်နည်း၊ တော်လှန်ရေး အင်အားစုများ၏ ပုံစံအတိုင်းသာ ပုံဖော်မည်ဖြစ်သည်။

ကျွန်တော်က N.L.D မဲအပြတ်နိုင်မည့်အကြောင်း၊ အာဏာမလွှဲပေး ကြောင်းများကို ပြည်တွင်းမှရရှိသောသတင်းများနှင့် ခိုင်ခိုင်မာမာဖြစ်ကြောင်း ကို K.N.U ခေါင်းဆောင်များ၊ "အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု" (N.D.F) အဖွဲ့မှ ခေါင်းဆောင်များအား နားလည်အောင် ရှင်းပြနိုင်ခြင်းကြောင့် ခေါင်း ဆောင်များမှ စဉ်းစားနေချိန် ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် ကျွန်တော့်အား မာနယ်ပလောအစည်းအဝေးသို့ တက်ရန်ဟု အကြောင်းပြ ၍ ဥက္ကဋ္ဌဖြစ်သူ ကိုမိုးသီးဇွန်ကိုယ်တိုင် လာရောက်ခေါ်ပြီး မာနယ်ပလော အစည်းအဝေးတွင် စစ်ထောက်လှမ်းရေးသူလျှိုဟု အကြောင်းပြ၍ ဖမ်းဆီး ချုပ်နှောင်ခဲ့ခြင်းဖြစ်ပါသည်။

၎င်းတို့၏အစီအစဉ်မှာ ကျွန်တော်၏၁၉၉၀ ပြည့်ရွေးကောက်ပွဲ အပေါ် နယ်စပ်ဒေသရှိ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ၏ ဆုံး ဖြတ်ချက်အပေါ် ဝင်ရောက်လှုပ်ရှားမှု မပြုနိုင်ရန် ဖြစ်သည်၊ ကျွန်တော် ၏နိုင်ငံရေးသိက္ခာကို ချရန်ဖြစ်သည်၊ ကျောင်းသားထိပ်တန်းခေါင်းဆောင် တစ်ယောက်အား သူလျှိုအဖြစ် ဖမ်းထားကြောင်း အခြားအဖွဲ့များအား သတင်းပို့ ဂုဏ်ယူခဲ့ခြင်းပင်ဖြစ်သည်၊ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်း မမွေးမြူဘဲ တစ်ဖက်သားအပေါ် အပြစ် ပုံချပြီး အရှုံးပုံပေါ် အလဲစိုက်ချင်သော စိတ်ဓာတ်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီကျင့်စဉ်အရ ဒီမိုကရေစီ လူထုခေါင်းဆောင်လုပ်ချင် သူများအတွက် ဖြစ်စဉ်များကို တဖက်သူနားလည်လက်ခံမည့် အထောက် အထားအချို့အား ကိုယ်တိုင်ခံစား ကိုယ်တိုင်တွေ့ကြုံရချက်အား တင်ပြခြင်း ဖြစ်ပါသည်၊ စာရေးသူသည် ၎င်းပုဂ္ဂိုလ်များအားကြည့်ပြီး နိုင်ငံရေးလုပ်ချင် စိတ်တော်တော်လေး စိတ်ကုန်သွားပါသည်။



Generated by CamScanner from intsig.com

ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် အလင်းဝင်ရောက်ခဲ့ပြီး နဝတ ထောက်လှမ်းရေး ၂၅ စစ်ကြောရေးတွင် ရက်ပေါင်း ၃၀ ကျော်နှင့် ထောက်လှမ်းရေး ၁၂ စစ်ကြောရေးစခန်းတွင် ရက်ပေါင်း ၄၀ လောက်နေခဲ့ရပါသည်။ စာရေးသူသည် မာနယ်ပလော အကျဉ်းထောင်တွင်လည်းကောင်း၊ နဝတ ထောက်လှမ်းရေး စစ်ကြောရေးတွင်းလည်းကောင်း နေထိုင်ရသော်လည်း ထိတ်လန့်ကြောက်ရွံ့မှုမရှိပါ။ စိတ်အကုန်ဆုံးအရာကတော့ နိုင်ငံရေးသမားအချင်းချင်း ပြည်သူလူထုကို အမှန်တကယ် အလုပ်အကျွေးပြုသူများအား နိုင်ငံရေးလုပ်စားသူခေါင်းဆောင်များမှ အုပ်စုဖွဲ့ပြီး ရှင်းလင်းသုတ်သင်ခြင်းကို အလွန်ပင် စိတ်ပျက်မိပါသည်။ ယခု မြန်မာ့နိုင်ငံရေးအခြေအနေ အလွန်လှပါသည်။

ပြည်သူတွေချစ်သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူတွေက လက်ခံယုံကြည်မှုရှိလာသော သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းစသည့် အစိုးရအဖွဲ့များ၊ NGO အဖြစ် ရပ်တည်ပြီး လှုပ်ရှားနေသည့် ပြည်သူ့အကျိုးပြု ၈၈ ကျောင်းသားခေါင်းဆောင်များ၊ ကိုမင်းကိုနိုင်တို့အဖွဲ့စသည်တို့နှင့် မြန်မာ့နိုင်ငံရေး ဒီမိုကရေစီလမ်းကြောင်းကို ပုံမှန်ချီတက်လျက်ရှိသည်။

ပြည်သူတွေကလည်း ယုံကြည်သည်။ ၎င်းအစိုးရအဖွဲ့နှင့် ၈၈ ကျောင်းသားအဖွဲ့တို့သည် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ ပြည်သူပြည်သားများ၏ ဆင်းရဲမှုအစုံစုံ၊ နိမ့်ကျမှုအစုံစုံတို့အား ဘဝအဆင့်အတန်းမြင့်မားလာအောင် ကြိုးစားပြီး လုပ်ဆောင်နေချိန်ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်တွင်းတွင် အထက်ကဖော်ပြခဲ့သော ထင်ရှားသော ခေါင်းဆောင်များလိုပင် ပြည်သူတွေရှေ့ကို ထွက်မရပ်ပြဘဲ စိတ်ဓာတ်ပြင်းထန်စွာဖြင့် တိုက်ပွဲဝင်ခဲ့သော ရှက်ပုန်းသီးခေါင်းဆောင်များလည်း မြောက်မြားစွာရှိပါသည်။

ပြည်ပတွင်ရောက်ရှိနေသော အရည်အချင်းပြည့် ခေါင်းဆောင်များလည်း ရှိပါသေးသည်။ ရှေးပညာရှိကြီးများ၏ စကားရှိပါသည်။ စည်တော်ကြီးများသည် တီးမှ မြည်၏။ ထို့အတူ ပညာရှိများသည်လည်း လိုအပ်

သည့်အချိန်ကျရင် ခေါ်လိုက်ပါ။ လာပါလိမ့်မည်။ ကျွန်တော့်ကို နိုင်းပါ။ တာဝန်ယူပါရစေ။ ခင်ဗျားတို့က လုပ်ပါ။ ခင်ဗျားတို့ မှားနေတယ် စသည့် လေသံများနှင့် ထရာကြီးဝတိုင် လုပ်မရပါ။ မြန်မာပြည်သူပြည်သားများရော နိုင်ငံရေးပညာရှင်များကလည်း အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေကြသည်။

နိုင်ငံရေးသမားသည် နိုင်ငံအရေး အပါးဝဖို့ လိုအပ်သည်။ ဒီမိုကရေစီ အရေးကြီးစားနေချိန်တွင် အပဲဝက်ထင်ခဲ့သောသူများသည် ယခုလို မြန်မာနိုင်ငံရေးလှုပနေချိန်တွင် ဝင်ရောက်ပြီး မြန်မာနိုင်ငံရေးအား ဝင်ရောက်လုပ်ကိုင်ရန် မသင့်ပေ။ ပြည်သူပြည်သားများကလည်း လက်မခံပါ။ မိမိရဲ့သမိုင်းကို မိမိတို့ သိရန်လိုအပ်ပေသည်။ မိမိတို့၏ ပြစ်ချက်များကို အရင်ဆုံးခံယူလိုက်ပါ။ နောက်ပြီးမှ စေတနာရှိရင်တော့ ဝင်လုပ်ပေါ့။ ပြည်သူပြည်သားများ လက်ခံရင် လုပ်ပေါ့။ အခြေကတော့ ရှင်းနေပါသည်။ စစ်အာဏာရှင်ကို မုန်းလို့တော်လှန်တယ်။ မိမိကတော့ စစ်အာဏာရှင်ထက်ဆိုးတယ်ဆိုရင်တော့ စဉ်းစားပါ။

Generated by CamScanner from intsig.com

# နိဂုံး

❑

ဖော်ပြပါ အကြောင်းအရာများသည် တရေးသူ၏ မျက်မြင်အတွေ့အကြုံများနှင့် ဖြစ်စဉ်များအား ၂၄ နှစ်ကြာမှ ပြန်လည်စဉ်းစားပြီး ရေးသားရခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ပြည့်စုံခြင်းမရှိပါ။ သို့သော် သိသင့်သိထိုက်သည်များကို မှတ်မိသလောက် တင်ပြခြင်းဖြစ်ပါသည်။

အရေးတကြီးတာဝန်များကို ရှုပ်ရှုပ်ရွှံ့ရွှံ့ထမ်းဆောင်ခဲ့သူများ၊ ကြိုတင်အမြော်အမြင်ကြီးစွာဖြင့် ဆုံးဖြတ်ချက်ချသူများ ရှိခဲ့ပါသည်၊ ၎င်းတို့၏ အမည်များနှင့် တချို့အရာများသည် လျှို့ဝှက်ရမည်ဖြစ်သောကြောင့် ချမရေးဖြစ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အချို့အကြောင်းအရာများတွင် ပေါ့သလို ခံစားရမည်ဟု ထင်ပါသည်၊ တရေးသူအား ခွင့်လွှတ်ပေးပါ။

လူပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ အဖွဲ့အစည်းများကိုလည်းကောင်း၊ နစ်နာမှုများဖြစ်စေမည့် ရေးသားချက်များကို ရှောင်၍ မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးလမ်းကြောင်း သာယာစေရန်အတွက်သာ ရှေ့ရှုရေးသားရပါသည်။

ကျွန်တော်မှတ်မိသလောက် မြန်မာနိုင်ငံရေးသမိုင်းဝင်များသည် ၁၀ နှစ်တစ်ကြိမ်လောက် အရေးအကြွေ့များ ရှိပါသည်၊ ၁၉၂၀ ကျော်စုနှစ်



Generated by CamScanner from intsig.com

ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒပြသပိတ်မှောက်မှု၊ ၁၉၃၀ ကျော်တွင် ရဲဘော်သုံးကျိပ် စစ်ပညာသင်ယူမှု၊ ၁၉၄၀ ကျော်တွင် တော်လှန်ရေး လွတ်လပ်ရေးရခြင်းဖြစ်မှု၊ ၁၉၅၀ ကျော်တွင် မြန်မာနိုင်ငံ အစိုးရ၏ အပြောင်းအလဲလုပ်မှုများ၊ ၁၉၆၂ စစ်အာဏာရှင်စနစ်တွင် ကျောင်းသားသပိတ်နှင့် သမဂ္ဂအဆောက်အဦးရှင်းလင်းမှု၊ ၁၉၇၀ ကျော်တွင် ဦးသန့်အရေးအခင်း၊ အလုပ်သမားအရေးအခင်း စသည်တို့ဖြစ်မှု၊ ၁၉၈၀ ကျော်တွင် အထွေထွေသပိတ်မှောက်မှု၊ ၁၉၉၀ ကျော်တွင် အနိုင်ရပါတီနှင့် စစ်အာဏာရှင်များ အားပြိုင်မှု၊ ၂၀၀၀ ကျော်တွင် ရွှေဝါရောင်သံဃာ အရေးအခင်း၊ ၂၀၁၀ ကျော်တွင် အရပ်သား အစိုးရအာဏာရရှိမှု စသည် ပြောင်းလဲမှုများ၊ အချီးအကွေ့များ၊ ဖြစ်ပေါ်မှုများ တွေ့ရပါသည်။

အရှေ့ဘက်ယိမ်းအုပ်စုများ၊ အနောက်ဘက်ယိမ်းအုပ်စုများ၊ ဝါဒကြီး ကိုင်စွဲသည့်အုပ်စုများစသည်တို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့တို့သည် သိုသိပ်စွာ အားပြိုင်လျှက်ရှိသည်။ တဖြည်းဖြည်းနှင့် ပွတ်တိုက်ပါများလာ၊ ကြာလာသောအခါ မီးများပွင့်ထွက်သကဲ့သို့ တစ်ဦးကို တစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့က ဆန့်ကျင်မှုများ ဖြစ်ပေါ်လာတတ်သည့် သဘောပင်ဖြစ်သည်။ ထို့ကြောင့် နောင်လာနောင်သား လူငယ်များသည် ကျွန်တော်တို့ဖြစ်စဉ်များကို လေ့လာကြပြီး ကျွန်တော်တို့ကဲ့သို့ မဖြစ်ပေါ်စေရန် အတွက် သည်တစုအား လေးစားစွာဖြင့် တင်ပြခြင်းဖြစ်ပါသည်။

မိုးတိမ် (သေ့ဘောဘိုး)
၂၁-၁၀-၂၀၁၂
Ph : 09 73231312

Generated by CamScanner from intsig.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

❑

ကျွန်တော်၏အမည်ရင်းသည် အောင်ကျော်မြင့်ဖြစ်ပြီး သေ့ဘော ဘိုးစခန်းကော်မတီတွင်လည်း အောင်ကျော်မြင့်အမည်ဖြင့် တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ကလောင်အမည်အား မိုးတိမ် (သေ့ဘောဘိုး)ဟု အမည် ပေးထားပါသည်။ မိုးတိမ်ဆိုသည့်အမည်သည် ကျွန်တော် သေ့ဘောဘိုး စခန်းတွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော်ကိုင်ဆောင်သော စကားပြော စက်၏ လျှို့ဝှက်အမည်ဖြစ်ပါသည်။

ကျွန်တော်တို့ သေ့ဘောဘိုးစခန်းတွင် သွေးထွက်သံယိုမှုများ မရှိ ခဲ့ပါ။ ငှက်ဖျားရောဂါဖြစ်ပြီး ဖျားနေခြင်းကို အသိမပေးသောကြောင့် ရဲဘော် ၂ ဦးသာ ကွယ်လွန်ခဲ့ပါသည်။ အခြားဖိတ်စင်မှုများ မရှိခဲ့ပါ။ ကျွန်တော်သည် ၁၉၉၄ ခုနှစ်တွင် အလင်းဝင်ရောက်ခဲ့ပြီး ထောက်လှမ်းရေး ၂၅ နှင့် ထောက် လှမ်းရေး ၁၂ တွင် အချိန်တော်တော်ကြာ စစ်ကြောခြင်းခံရပါသည်။

စာရေးသူအား အဖ ဦးကြည်၊ အမိ ဒေါ်ညွန့်ညွန့်တို့မှ ရန်ကုန်တွင် မွေးဖွားပြီး အ.မ.က ၁ ဒဂုံတွင်ကျောင်းစနေပါသည်။ ၎င်းနောက် အ.ထ.က ၃



Generated by CamScanner from intsig.com

ကမာရွတ်တွင် ကျောင်းဆက်တက်ခဲ့ပြီး အ.ထ.က ၁ ဒဂုံတွင် ညကျောင်း ဆက်တက်ခဲ့ပါသည်။

နောက် ကျောင်းမှထွက်ခါ စီးပွားရေးလောကတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

သစ်သီးခြံလုပ်ငန်း၊ သစ်သီးဆိုင်ပွဲရုံ ဖွင့်ခြင်းနှင့် ၁၉၈၆ နောက်ပိုင်းတွင် ရှက်နီ့ထီလုပ်ငန်း လုပ်ကိုင်နေပြီး ၁၉၈၈ တွင် တောခိုခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် အလင်းဝင်ရောက်ခဲ့ပြီး စစ်ထောက်လှမ်းရေးစခန်းများတွင် အချိန်အတော်ကြာ စစ်ကြောခြင်းခံရပါသည်။ စာရေးသူသည် အလင်းပြန်ဝင်ခဲ့ပြီးနောက် နိုင်ငံရေးလုပ်ကိုင်ခဲ့ခြင်း မရှိပါ။ နောင်လည်း နိုင်ငံရေးမလုပ်တော့ပါ။ သို့သော် ပြည်ပရန် ကျူးကျော်လာလျှင်တော့ အသက်ရင်း၍ ပြည်ပရန်သူများအား တော်လှန်မည်ဟု ဆုံးဖြတ်ထားပါသည်။


၀၀၀

မိုးတိမ် (သေ့ဘောဘိုး)






Generated by CamScanner from intsig.com




Generated by CamScanner from intsig.com